# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)

၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက် | ၂၀၁၆ ခုနှစ်၊ ဩဂုတ် ၃၀ ရက်၊ အင်္ဂါနေ့၊ | အတွဲ (၅၅)၊ အမှတ် (၃၃၀)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီးတို့အား အိန္ဒိယသမ္မတက အခမ်းအနားဖြင့်ကြိုဆို



**နယူးဒေလီ ဩဂုတ် ၂၉**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့အား အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စတာ ပရာနာ့ဗ် မူခါဂျီးက ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နယူးဒေလီမြို့ရှိ သမ္မတအိမ်တော်ဝင်း (Rashtrapati Bhavan) ၌ ကျင်းပသည်။

နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ဂုဏ်ပြုကြိုဆိုသည့်နေရာသို့ ရောက်ရှိလာရာ အိန္ဒိယနိုင်ငံသမ္မတ မစ္စတာ ပရာနာ့ဗ် မူခါဂျီးနှင့် ဝန်ကြီးချုပ် မစ္စတာ နာရန်ဒရာမိုဒီတို့က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အိန္ဒိယသမ္မတနှင့် ဝန်ကြီးချုပ်တို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ယင်းနောက် နိုင်ငံတော်သမ္မတသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။ **(အပေါ်ပုံ)**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား အိန္ဒိယနိုင်ငံသမ္မတ မစ္စတာ ပရာနာ့ဗ် မူခါဂျီးက ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသူများနှင့် မိတ်ဆက်ပေးပြီး နိုင်ငံတော်သမ္မတကလည်း အတူလိုက်ပါလာသည့် အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## အိန္ဒိယကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံ၏ ဆေးရုံ၊ မော်တော်ယာဉ်ကဏ္ဍများ၌ ရင်းနှီးမြှုပ်နှံရန် ပြင်ဆင်လျက်ရှိ

နယူးဒေလီ ဩဂုတ် ၂၉

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ အိန္ဒိယနိုင်ငံခရီးစဉ်အတွင်း ပူးတွဲကြေညာချက်တစ်ရပ်ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။**

**အဆိုပါထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတ၏ အိန္ဒိယနိုင်ငံခရီးစဉ်အတွင်း ထုတ်ပြန်သော ပူးတွဲကြေညာချက်**

၁။ အိန္ဒိယသမ္မတနိုင်ငံ၏ သမ္မတ ရှရီ ပရာနာ့ဗ် မူခါဂျီး၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ဇနီးဖြစ်သူ ဒေါ်စုစုလွင် လိုက်ပါလျက် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့မှ ၃၀ ရက်နေ့အထိ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပါသည်။ အိန္ဒိယနိုင်ငံခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် ဗုဒ္ဓဂယာနှင့် အဂရာ အပါအဝင် သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုအရ အရေးပါသော နေရာများသို့လည်း သွားရောက်ခဲ့ပါသည်။

၂။ ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတနှင့်အတူ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် အခြားအဆင့်မြင့်အရာရှိများ လိုက်ပါခဲ့ကြပါသည်။ အိန္ဒိယသမ္မတသည် နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား ဩဂုတ်လ ၂၉ ရက်နေ့တွင် အိန္ဒိယသမ္မတ၏အိမ်တော် (Rashtrapati Bhavan) ၌ တရားဝင် အခမ်းအနားဖြင့် ကြိုဆိုခဲ့ပြီးနောက် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ပါသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ◆



မြန်မာ့အလင်း

# လူထုကိုစိတ်မပျက်ပါစေနှင့်

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံကြိုဆိုထောက်ခံပွဲ အခမ်းအနားကို ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ ဗန္ဓုလပန်းခြံအတွင်း ကျင်းပခဲ့သည်ကို တွေ့ရသည်။ လွတ်လပ်ရေးကျောက်တိုင်အနီးတွင် နိုင်ငံလုံးအနှံ့ ငြိမ်းချမ်းရေးကို ဖော်ဆောင်သည့် (၂၁)ရာစု ပင်လုံ ထောက်ခံပွဲကျင်းပခြင်းမှာ မြန်မာ့နိုင်ငံရေးအခြေအနေပြောင်းလဲလာမှုကို ပေါ်လွင်စွာထင်ဟပ်ပြသလျက်ရှိပေသည်။

ထိုလူထုထောက်ခံပွဲကျင်းပခြင်းမှာ ယခင်ခေတ်များကလို အစိုးရကတာဝန်ခံကျင်းပခြင်းမျိုးမဟုတ်၊ တစ်အိမ်တစ်ယောက် မလာမနေရဆိုသော ကိုယ့်ထမင်းထုပ်ကိုယ်ပိုက်၍ ချီတက်ရခြင်းမျိုးမဟုတ်၊ ထိုလူထုထောက်ခံပွဲသို့ တက်ရောက်လာကြသူများ၊ ဦးဆောင် ကျင်းပကြသူများမှာ နိုင်ငံရေးလှုပ်ရှားတက်ကြွသူများ၊ လူမှုအသင်းအဖွဲ့များ၊ ရုပ်ရှင်အနုပညာသည်များ၊ စာရေးဆရာ၊ ကဗျာဆရာများ၊ တိုင်းရင်းသားများ၊ သာမန်ပြည်သူများသာဖြစ်ကြသည်။ ကိုယ်ပိုင်အသိစိတ်ဓာတ်၊ ကိုယ်ပိုင်နိုင်ငံရေးနိုးကြားမှုဖြင့် ရောက်ရှိလာကြသူများဖြစ်ကြသည်။ ငြိမ်းချမ်းရေးကို တကယ်လိုလားမြတ်နိုးသူများဖြစ်ကြသည်ကို တွေ့ရပေသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း လက်နက်ကိုင်အဖွဲ့အစည်း အတော်များများပါဝင်သော ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲတစ်ခုကို တော်လှန်ရေးကောင်စီလက်ထက် ၁၉၆၃ ခုနှစ်က ကျင်းပရန် ကြိုးစားဖူးသည်။ ထိုစဉ်က လက်နက်ကိုင်အဖွဲ့များတွင် အယူဝါဒရေးရာလက်နက်ကိုင်များနှင့် တိုင်းရင်းသားလက်နက်ကိုင်များ ပါဝင်ကြသည်။ ထိုတွေ့ဆုံဆွေးနွေးပွဲကို အစိုးရဘက်မှ ၁၉၆၃ ခုနှစ် ဇွန်လ ၁၁ ရက်နေ့တွင် ကမ်းလှမ်းခဲ့ပြီး အပစ်အခတ်ရပ်စဲရေးပင် အသေအချာမလုပ်နိုင်ဘဲ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ရပ်စဲသွားခဲ့ရသည်။ ထိုစဉ်ကလည်း ရန်ကုန်မြို့တော်ခန်းမရှေ့တွင် '၆'ခရိုင် လူထုဆန္ဒပြပွဲဆိုသည်ကို ကျင်းပခဲ့ကြသည်။ ၎င်းတို့၏ ကြွေးကြော်သံနှင့် တောင်းဆိုချက်များမှာ အမျိုးသားဒီမိုကရေစီညီညွတ်ရေးတပ်ပေါင်းစု(မဒညတ)၏ တောင်းဆိုချက်များနှင့် ထပ်တူဖြစ်နေသည်။ အစိုးရဘက်မှ တောနှင့်မြို့ နှစ်ဖက်ညှပ်တိုက်သည်ဟု ယူဆပြီး ဆွေးနွေးပွဲများ အတိအလင်းမစနိုင်မီမှာပင် ပျက်သွားခဲ့ရသည်။

ယခု လူထုထောက်ခံပွဲများက ထိုသို့မဟုတ်ပေ။ လက်ရှိ မြန်မာနိုင်ငံတွင် အယူဝါဒရေးရာ လက်နက်ကိုင်များလည်း ချုပ်ငြိမ်းသွားပြီဖြစ်သည်။ ကျန်ရှိနေသည်မှာ တိုင်းရင်းသားအသီးသီး၏ လက်နက်ကိုင်များသာဖြစ်သည်။ တိုင်းရင်းသားညီနောင်များ အချင်းချင်းကြားနှစ်ရှည်လများတည်ရှိလာသော တန်းတူမညီမျှမှု၊ မကျေနပ်ချက်၊ ပဋိပက္ခများကို ငြိမ်းချမ်းစွာဖြေရှင်းဆွေးနွေးကြရန် လူထုကတိုက်တွန်းကြခြင်း၊ ထောက်ခံကြခြင်းသာဖြစ်သည်။ ပင်လုံနှင့် ငြိမ်းချမ်းရေးသည် တိုက်ရိုက်ဆက်စပ်နေသည်။ ပင်လုံစာချုပ်သည် သဘောတူညီချက်များအားဖြင့် မများလှသော်လည်း အဓိပ္ပာယ်ကား ကျယ်ဝန်းလှသည်။ စိတ်ဓာတ်နှင့် ယုံကြည်ချက်က မြင့်မားလှသည်။ ကတိကဝတ်များက မှုတမှန်ကန်လှသည်။ ယခုလူထုက ပင်လုံစိတ်ဓာတ်ကို ဖော်ပြကြခြင်းသာဖြစ်ပါသည်။

၁၉၄၇ ခုနှစ်(၂၀ ရာစု)ပင်လုံကာလက ရပလလူငယ်များနှင့် တောင်ကြီး၊ ဟိုပုံးတစ်ဝိုက် လူထုများ၏အခန်းကဏ္ဍက အလွန်အရေးပါခဲ့သည်။ ပင်လုံစာချုပ်ချုပ်ဆိုနိုင်ရေးအတွက် ၎င်းတို့၏ပါဝင်မှု၊ လူထုအားဖြင့် ဖိအားပေးမှုက အရာရောက်ခဲ့သည်ကို တွေ့နိုင်သည်။ ယခု စစ်ကိုင်းတိုင်းမှာ၊ မွန်ပြည်နယ်မှာ၊ ကချင်ပြည်နယ်မှာ၊ မန္တလေးတိုင်းမှာ၊ ရှမ်းပြည်နယ်မှာ အနှံ့အပြားကျင်းပနေကြသော ပင်လုံလူထုထောက်ခံပွဲများမှာ ပြည်သူတစ်ရပ်လုံး၏ ရိုးသားသောငြိမ်းချမ်းရေး လိုအင်ဆန္ဒကို ဖော်ပြနေခြင်းပင် ဖြစ်သည်။

ယခုပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားရင်ကြားစေ့ရေးအတွက် (၂၁)ရာစုပင်လုံသို့ တက်ရောက်လာကြမည့် အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များအားလုံး တိုင်းပြည်၏ အနာဂတ်အတွက် အသင့်တော်ဆုံးသော အဖြေများကိုရရှိအောင် ညှိနှိုင်းကြရမည်ဖြစ်သည်။ အမြင့်ဆုံးသော တောင်းဆိုချက်များသည် အောင်မြင်နိုင်ဖွယ်မရှိဘဲ အသင့်တော်ဆုံးသော၊ လက်တွေ့ဖြစ်နိုင်ခြေရှိသော အချက်များသာ ချမှတ်သွားကြရဖွယ်ရှိပါသည်။ အရေးကြီးဆုံးမှာ လူထုကိုစိတ်မပျက်စေဖို့ပင် ဖြစ်သည်။ လူထု၏မြင့်မားလှသော ငြိမ်းချမ်းရေးမြတ်နိုးမှု၊ ယုံကြည်မှုတို့ကို နှလုံးသွင်း၍ ဆွေးနွေးညှိနှိုင်းအဖြေရှာနိုင်ကြမည်ဟု မျှော်လင့်ကြောင်း တင်ပြရပါသည်။ ။




## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအား ကြိုဆိုထောက်ခံ

**စစ်ကိုင်း ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအား ကြိုဆိုထောက်ခံသောအားဖြင့် စစ်ကိုင်းမြို့နယ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့များနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများ စုပေါင်း၍ ဩဂုတ် ၂၈ ရက်မှစ၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံအား ကြိုဆိုထောက်ခံပါသည်ဆိုသည့် ဆိုင်းဘုတ်များကိုင်ဆောင်၍ လှည့်လည်စုပေါင်းလမ်းလျှောက်ခဲ့ကြသည်။

အဆိုပါကြိုဆိုထောက်ခံပွဲသို့ ပြည်သူ ၂၀၀ ခန့် စုပေါင်းလမ်းလျှောက်ခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ဆင်သေဆည်ရေဝင်ရောက်မှုနှင့် ကြံ့ခိုင်မှုကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၉**

တပ်ကုန်းမြို့နယ် ဆင်သေရေလှောင်တမံသို့ ဩဂုတ် ၂၈ ရက်က နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်နှင့် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်တို့ ဆင်သေဆည်ရေဝင်ရောက်မှုနှင့် ဆည်ကြံ့ခိုင်မှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဆင်သေဆည်သည် အလျား ပေ ၁၃၅၀၊ အမြင့် ၁၀၉ ပေရှိသော မြေသားရေလှောင်တမံအမျိုးအစားဖြစ်၍ ကန်ရေပြည့်တွင် ဧကပေ ၁၄၃၀၀၀ သိုလှောင်နိုင်ပြီး ဩဂုတ် ၂၈ ရက်အထိ ဧကပေ ၅၅၅၀၀ သိုလှောင်ထားရှိမှုအခြေအနေ၊ နှစ်စဉ်နွေစပါး၊ မိုးစပါးစိုက်ပျိုးမှုအခြေအနေနှင့် နှစ်စဉ်ရေဝင်ရောက်မှုအခြေအနေတို့ကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး(နေပြည်တော်) ဦးစိုးတင့်က ရှင်းလင်းတင်ပြခဲ့သည်။ **(ယာပုံ)**



အဆိုပါ ရှင်းလင်းတင်ပြမှုအပေါ် နေပြည်တော်ကောင်စီဝင်က ရေလှောင်တမံကြံ့ခိုင်ရေးနှင့် ရေဝင်ရောက်မှုအခြေအနေတို့ကို စဉ်ဆက်မပြတ် ဂရုတစိုက်ဆောင်ရွက်သွားကြရန်နှင့် ပုံမှန်ထိန်းသိမ်းရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## မူခင်းအသိပညာပေး ဟောပြော

**ပြည် ဩဂုတ် ၂၉**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်ရဲတပ်ဖွဲ့မှ ကြီးမှူးကျင်းပသည့်(ပြည်) နည်းပညာတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများအား မူခင်းအသိပညာပေး၊ မူးယစ်ဆေးဝါးအန္တရာယ်ပပျောက်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး ဟောပြောပွဲအခမ်းအနားကို ဩဂုတ်လစတုတ္ထပတ်က အဆိုပါကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် (ပြည်) နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်(ကိုယ်စား) ဒေါ်ကြေးရီ (စီမံ၊ ဘဏ္ဍာ၊ ဌာနကြီးမှူး )နှင့် ပြည်ခရိုင် ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး မြင့်ကြည်တို့က အမှာစကားပြောကြားပြီး ပြည်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်စိုးက မူခင်းကျဆင်းရေးနှင့် ပတ်သက်သည်များကိုလည်းကောင်း၊ ဒုတိယရဲမှူး ရွှေသာထွန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများဆိုးကျိုးအကြောင်းနှင့် ပတ်သက်သည်များကိုလည်းကောင်း၊ ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ဝင်းနိုင်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လမ်းညွှန်မှုအမှတ်အသားများနှင့် ဆိုင်ကယ်စီးနင်းသူများ လိုက်နာရမည့် စည်းကမ်းချက်များကို ဟောပြောခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း (ပြည်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၉-၈-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၃၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၃၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၂၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀ / ၅၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၅၈၀ / ၆၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၅၀ / ၅၈၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၀၃.၇ |
| ဥရောပ | တစ်ယူရို | ၁၃၅၄.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၈.၂၈ |
| ထိုင်း | တစ်ဘတ် | ၃၄.၇၃၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၉၂၀ |
| တရုတ် | တစ်ယွမ် | ၁၈၀.၆၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၇.၉၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၃၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၃၄၅၊ ဖက်စ် ၀၆၇-၃၆၁၃၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၃၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

*** ရှေ့ဖုံးမှ**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် သမ္မတအိမ်တော်မှ မဟတ္တမဂန္ဒီ ဗိမာန်သို့ရောက်ရှိပြီး ပန်းခွေချအလေးပြုကြကာ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကြသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီး မစ္စ ဆူရှမာ ဆွာရာ့ဂ်က ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် Taj Palace ဟိုတယ်၌ လာရောက်တွေ့ဆုံသည်။

နိုင်ငံတော်သမ္မတအား အိန္ဒိယဝန်ကြီးချုပ် မစ္စတာ နာရန်ဒရာမိုဒီက မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် Hyderabad House ၌ အလုပ်သဘော နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

နေ့လယ်စာစားပွဲတွင် နိုင်ငံတော်သမ္မတနှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံစီးပွားရေး၊ ယဉ်ကျေးမှုနှင့် ကုန်သွယ်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများဆောင်ရွက်ရေး၊ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ နည်းပညာနှင့် သင်တန်းများ အကူအညီပေးရေး၊ နယ်စပ်ဒေသလုံခြုံရေးနှင့်ဖွံ့ဖြိုးရေး၊ နှစ်နိုင်ငံ တိုင်းတာရန်ကျန်ရှိနေသည့် နယ်နိမိတ်အပိုင်းများကို တိုင်းတာရေး၊ နှစ်နိုင်ငံလွှတ်တော်များ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် ပျက်စီးသွားသည့်စေတီ၊ ပုထိုးများ ပြုပြင်ထိန်းသိမ်းရာတွင် အိန္ဒိယနိုင်ငံအနေဖြင့် နည်းပညာအကူအညီနှင့် အခြားလိုအပ်သော အကူအညီများပေးရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အိန္ဒိယမှထောက်ခံပါကြောင်းနှင့် လိုအပ်သော အကူအညီများပေးရေး၊ နိုင်ငံတကာမျက်နှာစာတွင် နှစ်နိုင်ငံအပြန်အလှန် အကူအညီပေးရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။

ထို့နောက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ သဘောတူစာချုပ်လဲလှယ်ပွဲကို ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဝန်ကြီးချုပ် မစ္စတာ နာရန်ဒရာမိုဒီတို့ ရှေ့မှောက်၌ မြန်မာနိုင်ငံရှိ သုံးနိုင်ငံအဝေးပြေးလမ်းမကြီး၏ တမူး- ကျီကုန်း-ကလေးဝ လမ်းပိုင်းရှိ တံတားများနှင့် ချဉ်းကပ်လမ်းတည်ဆောက်ရေးနှင့် အဆင့်မြှင့်တင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာနှင့် မြန်မာနိုင်ငံရှိ သုံးနိုင်ငံ အဝေးပြေးလမ်းမကြီး၏ ကလေးဝ-ယာကြီး ကားလမ်းပိုင်းတည်ဆောက်ရေးနှင့် အဆင့်မြှင့်တင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းနှင့် အိန္ဒိယနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အတွင်းဝန် မစ္စတာ ဂျိုင်းရှန်ကာတို့က လည်းကောင်း၊ တိုင်းရင်းဆေးကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် အိန္ဒိယနိုင်ငံ တိုင်းရင်းဆေးဝန်ကြီးဌာန အတွင်းဝန် မစ္စတာ ရှရီ အာဂျစ်အမ်ရာရမ်တို့ကလည်းကောင်း၊ ပြန်ပြည့်မြဲစွမ်းအင်နယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် အိန္ဒိယနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန အတွင်းဝန် မစ္စတာ ရှရီ အူပန်ဒရာ ထရီပသီတို့က လည်းကောင်း အပြန်အလှန်လဲလှယ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အိန္ဒိယဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို သတင်းမီဒီယာများအား ပြောကြားခဲ့သည်။

အခမ်းအနားအပြီးတွင် နှစ်နိုင်ငံပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်ကြေညာသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ မွန်းလွဲပိုင်းတွင် နယူးဒေလီမြို့ရှိ အမျိုးသားပြတိုက်နှင့် အိမ်တွင်းလက်မှုပစ္စည်းပြခန်းတို့သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် အိန္ဒိယသမ္မတအိမ်တော်၌ နိုင်ငံတော်သမ္မတနှင့် အိန္ဒိယနိုင်ငံသမ္မတတို့ တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေး၊ နှစ်နိုင်ငံစီးပွားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့အား အိန္ဒိယသမ္မတက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဂုဏ်ပြုညစာစားပွဲတွင် နှစ်နိုင်ငံသမ္မတများက နှုတ်ခွန်းဆက်စကားပြောကြားကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီးဒေါ်စုစုလွင်တို့ မဟတ္တမဂန္ဒီ ဗိမာန်၌ ပန်းခွေချအလေးပြုကြစဉ်** (သတင်းစဉ်)



**ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းနှင့် အိန္ဒိယနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အတွင်းဝန် မစ္စတာ ဂျိုင်းရှန်ကာတို့ နားလည်မှု စာချွန်လွှာ လဲလှယ်စဉ်**
(သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီး မစ္စ ဆူရှမာ ဆွာရာ့ဂ်ရ် လာရောက်တွေ့ဆုံစဉ်**
(သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်အဖွဲ့ဝင်များ နယူးဒေလီမြို့ရှိ အိမ်တွင်းလက်မှု ပစ္စည်းပြခန်း၌ ကြည့်ရှုလေ့လာကြစဉ်** (သတင်းစဉ်)

# မြန်မာ-အိန္ဒိယနယ်စပ်တစ်လျှောက် တည်ငြိမ်အေးချမ်းမှုထိန်းသိမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့်ရေး ကတိကဝတ်ပြု

◆ *ရှေ့ဖုံးမှ*

၃။ နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် မဟတ္တမဂန္ဒီ၏ အထိမ်းအမှတ် ဂူဗိမာန်သို့ သွားရောက် ဂါရဝပြုခဲ့ပါသည်။

၄။ နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား အိန္ဒိယပြည်ပရေးရာဝန်ကြီး မစ္စ ဆူရှမာ ဆွာရာ့ရ်မှ နယူးဒေလီမြို့၌ လာရောက်တွေ့ဆုံ ဂါရဝပြုခဲ့ပါသည်။

၅။ အိန္ဒိယနိုင်ငံသမ္မတက သမ္မတ ဦးထင်ကျော်အား မြန်မာနိုင်ငံ၌ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ အထွေထွေရွေးကောက်ပွဲ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အောင်မြင်မှုအပေါ် ချီးကျူးဂုဏ်ပြု၍ ဒီမိုကရေစီအဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် မြန်မာပြည်သူအားလုံး၏ ကောင်းကျိုးချမ်းသာအတွက် မြန်မာအစိုးရသစ်၏ ဆောင်ရွက်ချက်များအားလုံးကို ထောက်ခံကြောင်း ပြောကြားခဲ့ပါသည်။ နှစ်နိုင်ငံသမ္မတတို့သည် လွှတ်တော်စည်းမျဉ်းဥပဒေ၊ လုပ်ငန်းစဉ်နှင့် ကျင့်ထုံးများ၊ ပြည်ထောင်စုနှင့် ပြည်နယ်ဆက်ဆံရေး၊ အာဏာနှင့် အရင်းအမြစ်များခွဲဝေရေးဆိုင်ရာ အိန္ဒိယနိုင်ငံ၏ ကိုယ်ပိုင်အတွေ့အကြုံများကို ဝေမျှရန် ကမ်းလှမ်းခဲ့ပါသည်။

၆။ သမ္မတဦးထင်ကျော်သည် အိန္ဒိယသမ္မတ၊ ဝန်ကြီးချုပ်တို့နှင့် နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံအကျိုးတူဆိုင်ရာ ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ ကျယ်ပြန့်စွာ ဆွေးနွေးခဲ့ကြပါသည်။ နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးကြရာ၌ နှစ်နိုင်ငံအတွင်းသာမက ဒေသတွင်းတည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးနှင့် ပြည့်စုံကြွယ်ဝမှုတို့အတွက် အထောက်အကူဖြစ်စေရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်အလို့ငှာ နှစ်နိုင်ငံအကြား ပိုမိုပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။ ပူးတွဲဆွေးနွေးညှိနှိုင်းမှု ကော်မရှင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးပွဲ၊ ပူးတွဲကုန်သွယ်ရေးကော်မတီ၊ နိုင်ငံတော်အဆင့်နှင့် ဒေသအဆင့် အစည်းအဝေးများ၊ ဒေသဆိုင်ရာ နယ်ခြားရေးရာကော်မတီ၊ နယ်ခြားဆက်ဆံရေး အစည်းအဝေးများ၊ မြေတိုင်းဦးစီးဌာန အကြီးအကဲများ အစည်းအဝေး အစရှိသော လက်ရှိ နှစ်နိုင်ငံအဖွဲ့အစည်းများဆိုင်ရာ ယန္တရားများ၏ မူဘောင်အတွင်း ဆွေးနွေးမှုများ ဆက်လက်တိုးမြှင့် လုပ်ဆောင်သွားရေးအတွက် ထောက်ခံကြောင်း ပြောကြားခဲ့ကြပါသည်။

၇။ အိန္ဒိယ ခေါင်းဆောင်ပိုင်းက မြန်မာအစိုးရ၏ (၂၁)ရာစု ပင်လုံညီလာခံဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖော်ဆောင်နေမှုကို ထောက်ခံကြောင်း ဖော်ပြခဲ့ကြပါသည်။

၈။ မြန်မာ-အိန္ဒိယ နယ်စပ်တစ်လျှောက် တည်ငြိမ်အေးချမ်းမှု ထိန်းသိမ်းရေးအတွက် အရေးကြီးသော နှစ်နိုင်ငံလုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေးအတွက်လည်း ထပ်လောင်း ကတိကဝတ် ပြုခဲ့ကြပါသည်။ အကြမ်းဖက်ဝါဒ၏ အန္တရာယ်နှင့် နည်းလမ်းအမျိုးမျိုးဖြင့် လှုပ်ရှားလျက်ရှိသည့် သောင်းကျန်းမှုလုပ်ရပ်အားလုံးတို့ကို တိုက်ဖျက်ရန် ထပ်လောင်း ကတိပြုခဲ့ကြပါသည်။ တစ်နိုင်ငံ၏ အချုပ်အခြာနှင့် ပိုင်နက်နယ်မြေ တည်တံ့ခိုင်မြဲရေးကို တစ်နိုင်ငံက လေးစားကြောင်းနှင့် တစ်နိုင်ငံကို ရန်လိုတိုက်ခိုက်ရန် အခြားတစ်နိုင်ငံ၏ နယ်မြေကို အသုံးပြုခွင့်အား မည်သည့်သောင်းကျန်းသူအုပ်စုကိုမျှ ခွင့်မပြုရေးမူကို ဆက်လက်ကျင့်သုံးရန်လည်း နှစ်ဖက်လုံးက ထပ်လောင်းပြောကြားခဲ့ကြပါသည်။

နယ်စပ်ဒေသများ၌ တည်ငြိမ်အေးချမ်း လုံခြုံမှုရှိစေရေး အလုံးစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့်အလျောက် နှစ်ဖက်လုံခြုံရေးတပ်ဖွဲ့များနှင့် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များအကြား အချင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း အလေးအနက် ဆွေးနွေးခဲ့ကြပါသည်။

၉။ နှစ်နိုင်ငံ နယ်စပ်တစ်လျှောက်လုံး၏ လုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုတို့ကို ထိန်းသိမ်းရန်အတွက် ခိုင်မာသော နယ်စပ်စီမံခန့်ခွဲရေး၏ အရေးပါမှုကို နှစ်ဖက်စလုံးက ဖော်ညွှန်းဆွေးနွေးခဲ့ကြပါသည်။

၁၀။ ပင်လယ်ရေကြောင်းလုံခြုံရေးအတွက် လက်ရှိဆောင်ရွက်နေသည့် နှစ်ဖက်ဆွေးနွေးပွဲများကို ရည်ညွှန်းလျက် ဘင်္ဂလားပင်လယ်အော်အတွင်း ပင်လယ်ရေကြောင်း လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် နှစ်နိုင်ငံလုံးအတွက် အရေးကြီးကြောင်း နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။

၁၁။ နှစ်နိုင်ငံဆက်သွယ်မှု၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံ၊ စိုက်ပျိုးရေး၊ သတင်းအချက်အလက်နည်းပညာ၊ စက်မှုဆိုင်ရာသင်တန်းနှင့် သင်တန်းအစီအစဉ် အမျိုးမျိုးအပါအဝင် အခြားသော ကဏ္ဍများတွင် အိန္ဒိယအစိုးရ၏ နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာ ကူညီထောက်ပံ့မှုများဖြင့် ဆောင်ရွက်ဆဲဖြစ်သည့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များကို နှစ်ဖက်ပြန်လည်သုံးသပ်ခဲ့ကြပါသည်။

၁၂။ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးပို့ဆောင်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်မှု၏ တိုးတက်မှုအခြေအနေကိုလည်း နှစ်ဖက်လုံးက အားရကျေနပ်မှုရှိကြောင်း ပြောကြားခဲ့ကြပါသည်။ ယင်းစီမံကိန်း၏ စစ်တွေနှင့် ပလက်ဝအကြား လုပ်ငန်းပိုင်းကို ၂၀၁၆ခုနှစ် ဒီဇင်ဘာလမတိုင်မီ အပြီးဆောင်ရွက်ရန်နှင့် လုပ်ငန်းလည်ပတ်မှုနှင့် ထိန်းသိမ်းမှုစနစ်များကို အဆောလျင်ဆုံး ဆောင်ရွက်သင့်ကြောင်း နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီးစီမံကိန်းနှင့် ဆက်စပ်နေသည့် နားလည်မှုစာချွန်လွှာနှစ်ခု လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းကိုလည်း နှစ်ဖက်လုံးက အားရကျေနပ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြပါသည်။

၁၃။ နယ်စပ်ဒေသနေပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် အကျိုးစီးပွားအတွက် အထူးအလေးပေးဆောင်ရွက်ရန် လိုအပ်ကြောင်း အသိအမှတ်ပြုလျက် အိန္ဒိယ-မြန်မာ နယ်စပ်ဒေသ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့်အညီ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုနှင့် အသေးစားစီးပွားရေး စီမံကိန်းများ၊ ကားလမ်းအဆင့်မြှင့်တင်ရေး၊ စာသင်ကျောင်းများ၊ ကျန်းမာရေးဌာနများ၊ တံတားများ၊ စိုက်ပျိုးရေးနှင့် ဆက်စပ်လေ့ကျင့်သင်တန်းပေးရေးဆိုင်ရာ ဆောင်ရွက်မှုများ ဆောင်ရွက်ခြင်းဖြင့် နယ်စပ်ဒေသ၌ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အလုံးစုံ ဖော်ဆောင်ရာတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် နှစ်ဖက်သဘောတူခဲ့ကြပါသည်။

၁၄။ အိန္ဒိယနိုင်ငံမှ နည်းပညာနှင့် ဘဏ္ဍာငွေကြေး အထောက်အပံ့ဖြင့် ရန်ကုန်ကလေးဆေးရုံနှင့် စစ်တွေအထွေထွေဆေးရုံ အဆင့်မြှင့်တင်ရေးလုပ်ငန်း၏ သိသာသောအောင်မြင်မှုအတွက် နှစ်ဖက် ခေါင်းဆောင်များက အသိအမှတ်ပြုခဲ့ကြပါသည်။ အဆင့်မြင့်ဆေးကုသမှု အထောက်အကူပြုပစ္စည်းများနှင့်အတူ အရေးကြီးသော ပူးပေါင်းဆောင်ရွက်မှုအတွက် မြန်မာဘက်က အိန္ဒိယဘက်ကို ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပါသည်။ မြန်မာသတင်းအချက်အလက်နှင့် နည်းပညာသိပ္ပံ (Myanmar Institute of Information Technology-MIIT) ဆောင်ရွက်နေမှုနှင့် နေပြည်တော် ရေဆင်းတက္ကသိုလ်၌ ဆန်စပါးဇီဝဥယျာဉ် (Rice Bio-Park) တည်ထောင်ခဲ့ခြင်းကိစ္စများအတွက် ကျေနပ်အားရမှုရှိကြောင်း နှစ်ဖက်ပြောကြားခဲ့ကြပါသည်။ နေပြည်တော်၌ စိုက်ပျိုးရေးသုတေသန နှင့် ပညာရေးဆိုင်ရာ အဆင့်မြင့်ဗဟိုဌာန (Advanced Centre for Agricultural Research and Education – CARE) တည်ထောင်ရေးဆိုင်ရာ တိုးတက်မှုအခြေအနေကိုလည်း သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။ အဆိုပါဌာနများသည် မြန်မာ့သတင်းအချက်အလက်နှင့် စိုက်ပျိုးရေးဆိုင်ရာကဏ္ဍများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် အကောင်းဆုံးဌာနများအဖြစ် ထွက်ပေါ်လာမည်ဖြစ်သည်။ မြန်မာနိုင်ငံ၌ ပထမတန်းစား အိုင်စီတီလေ့ကျင့်ရေးဌာနအဖြစ် ပေါ်ပေါက်လာမည့် ရန်ကုန်မြို့ရှိ သတင်းအချက်အလက် နည်းပညာစွမ်းရည်များ မြှင့်တင်ရေးအတွက် အိန္ဒိယ-မြန်မာစင်တာ (India-Myanmar Centre for Enhancement of IT Skills – IMCEITS)၊ ရန်ကုန်နှင့် နေပြည်တော်ရှိ ဘာသာစကား လက်တွေ့စမ်းသပ်ခန်းများ (languages lab)၊ နေပြည်တော်ရှိ e-Resource Centre နှင့် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့ရှိ (Central Land Records Development Training Centre – CLRDTC) အတွက် ကွန်ပျူတာစနစ် ထည့်သွင်းရေးတို့ကို အောင်မြင်စွာ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မှုအပေါ် နှစ်ဖက်အားရကျေနပ်မှုရှိကြောင်း ပြောကြားခဲ့ကြပါသည်။ မြန်မာအစိုးရက ဦးစားပေးအဖြစ် မှတ်ယူထားသည့် ကဏ္ဍများအတွက် အသေးစားဖွံ့ဖြိုးရေးစီမံကိန်းများ တာဝန်ယူဆောင်ရွက်ရေး ကူညီထောက်ပံ့ရန်လည်း အိန္ဒိယဘက်က ကမ်းလှမ်းခဲ့ပါသည်။ စိုက်ပျိုးသီးနှံ မျိုးစေ့ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ ၊ ပုဂ္ဂလိကနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များအား သင်တန်းပေးရေး၊ စိုက်ပျိုးနည်းစနစ်ဆိုင်ရာ သရုပ်ပြသခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ စီမံကိန်းများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအား အိန္ဒိယနိုင်ငံက အကူအညီပေးရန် ကမ်းလှမ်းခဲ့ပါသည်။ နှစ်နိုင်ငံစက်မှုလုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် လုပ်ငန်းကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ရန်လည်း နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။

**အိန္ဒိယ-မြန်မာ နယ်စပ်ဒေသ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့်အညီ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုနှင့် အသေးစားစီးပွားရေးစီမံကိန်းများ၊ ကားလမ်းအဆင့်မြှင့်တင်ရေး၊ စာသင်ကျောင်းများ၊ ကျန်းမာရေးဌာနများ၊ တံတားများ၊ စိုက်ပျိုးရေးနှင့် ဆက်စပ်လေ့ကျင့် သင်တန်းပေးရေးဆိုင်ရာ ဆောင်ရွက်မှုများ ဆောင်ရွက်ခြင်းဖြင့် နယ်စပ်ဒေသ၌ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အလုံးစုံ ဖော်ဆောင်ရာတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် နှစ်ဖက်သဘောတူ**

၁၅။ ကုန်သွယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ အထူးသဖြင့် စိုက်ပျိုးရေး၊ ဘဏ်လုပ်ငန်း၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအတွက် နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။ နှစ်နိုင်ငံအကြား ကုန်သွယ်မှုသည် ကမ္ဘာ့ကုန်သွယ်ရေး အခြေအနေများအပေါ် လိုက်လျောညီထွေ တုံ့ပြန်နိုင်စွမ်းရှိကြောင်း ပြသနိုင်ခဲ့သဖြင့် ကျေနပ်အားရကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြပါသည်။ နှစ်နိုင်ငံကုန်သွယ်ရေးအတွက် ကြန့်ကြာမှု အဟန့်အတားအမျိုးမျိုးကို ဖော်ထုတ်ဖယ်ရှားကြရန် သဘောတူညီခဲ့ကြပါသည်။ ယင်းကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၆ ခုနှစ် မေလက ရန်ကုန်မြို့၌ ကျင်းပခဲ့သော အိန္ဒိယ-မြန်မာ စီးပွားရေး သီးသန့်ဆွေးနွေးပွဲသို့ အိန္ဒိယကုန်သွယ်ရေးဝန်ကြီး ဦးဆောင်သည့် အိန္ဒိယစီးပွားရေး အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ပြီး အကျိုးရှိသော သုံးသပ်ဆွေးနွေးချက်များအပေါ် နှစ်ဖက်လုံးက ကျေနပ်အားရကြောင်း အသိအမှတ်ပြုခဲ့ကြပါသည်။ အိန္ဒိယကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံ၏ ဆေးရုံ၊ မော်တော်ယာဉ်ကဏ္ဍများ၌ ရင်းနှီးမြှုပ်နှံရန် ပြင်ဆင်လျက်ရှိကြောင်းနှင့် ချောမွေ့စွာ ဆောင်ရွက်နိုင်ရေး မြန်မာဘက်က ကူညီပေးစေလိုကြောင်း အိန္ဒိယဘက်က ပြောကြားခဲ့ပါသည်။

၁၆။ မြန်မာနိုင်ငံ၌ အိန္ဒိယနိုင်ငံတော်ဘဏ်၏ ဘဏ်ခွဲဖွင့်လှစ်ရန် လိုင်စင်ထုတ်ပေးခဲ့မှုကို အိန္ဒိယခေါင်းဆောင်ပိုင်းက ကျေးဇူးတင်ရှိကြောင်း ပြောကြားလျက် ယင်းဘဏ်ခွဲရုံး ဖွင့်လှစ်ရေးအတွက် အကူအညီပေးရန် ပန်ကြားခဲ့ပါသည်။ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရောင်းဝယ်ဖောက်ကားမှု ချဲ့ထွင်ရေးအတွက် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်သည့် ဘဏ်လုပ်ငန်း စတင်လည်ပတ်နိုင်ရေးက ကြီးစွာအထောက်အကူဖြစ်စေသည်ဟု နှစ်ဖက်လုံးက ယုံကြည်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြပါသည်။

၁၇။ နယ်စပ်ဈေးများမှတစ်ဆင့် ကုန်သွယ်မှုစတင်နိုင်ရေးအတွက် နယ်စပ်ဈေးများ ဖွင့်လှစ်လည်ပတ်နိုင်မည့် နည်းလမ်းများကို မကြာမီ သဘောတူညီမှုရရှိနိုင်ရေးအတွက် နှစ်ဖက်လုံးက မျှော်လင့်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြပါသည်။

၁၈။ မြန်မာနိုင်ငံမှ ပဲမျိုးစုံကုန်သွယ်တင်ပို့ ရောင်းချရေးအတွက် ဆက်သွယ်စီမံဆောင်ရွက်မှုသည် မြန်မာပဲစိုက်တောင်သူများနှင့် အိန္ဒိယစားသုံးသူများအတွက် နှစ်ဖက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း နှစ်ဖက်လုံးက သဘောတူညီခဲ့ကြပါသည်။ မြန်မာပဲစိုက်တောင်သူများကို အရည်အသွေးကောင်းမွန်သော ပဲများစိုက်ပျိုး ထုတ်လုပ်နိုင်မှုတိုးမြှင့်ရန်နှင့် အိန္ဒိယဈေးကွက်သို့ ပိုမိုထိုးဖောက်ဝင်ရောက်နိုင်စွမ်းရှိစေရေးအတွက် အိန္ဒိယကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်မှုပြုရန် နှစ်ဖက်လုံးက အားပေးထောက်ခံခဲ့ကြပါသည်။

၁၉။ ၂၀၁၆ ခုနှစ် ဧပြီလ ၈ ရက်နေ့မှစတင်ပြီး မိုရေး-တမူးနယ်စပ်ကိုဖြတ်၍ အိန္ဒိယဘက်က လျှပ်စစ်စွမ်းအား ဖြန့်ဖြူးပေးခဲ့မှုကို နိုင်ငံတော်သမ္မတက ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပါသည်။ ယင်းသို့ ဖြန့်ဖြူးမှုသည် ပမာဏအနည်းငယ်သာရှိသေးသော်လည်း နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် နှစ်နိုင်ငံအကြား ပိုမိုပေါင်းစည်းလုပ်ကိုင်နိုင်ရန် နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။ အနာဂတ်ကာလတွင် *လျှပ်စစ်စွမ်းအား တိုးမြှင့်ဖြန့်ဖြူးနိုင်ရေးအတွက် ဖြန့်ဖြူးမှုကွန်ရက် အခြေခံအဆောက်အအုံ အဆင့်မြှင့်တင်ရေး*ကို နှစ်ဖက်အလေးထားစဉ်းစားကြမည်ဖြစ်ပါသည်။

၂၀။ အဓိကကျလှသော လျှပ်စစ်စွမ်းအင်ကဏ္ဍ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမူဘောင်ကို ချမှတ်ဆောင်ရွက်နိုင်ရန်အလို့ငှာ နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာရေးထိုးဆောင်ရွက်ရန် နှစ်ဖက်ခေါင်းဆောင်များက ဆုံးဖြတ်ခဲ့ကြပါသည်။

၂၁။ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ကုန်ကျစရိတ်သက်သာစေရန်နှင့် ထုတ်လုပ်မှုစွမ်းအား တိုးတက်စေရေး ပူးပေါင်းဆောင်ရွက်ရန်နှင့် လျှပ်စစ်စွမ်းအင် လိုအပ်ချက်ပြဿနာကို ဖြေရှင်းရန်အလို့ငှာ နေရောင်ခြည်စွမ်းအင် အရင်းအမြစ်ကြွယ်ဝသောနိုင်ငံများအတွက် ရည်ရွယ်သော အပြည်ပြည်ဆိုင်ရာ နေရောင်ခြည်စွမ်းအင်မိတ်ဖက် စွန့်ဦးလုပ်ဆောင်မှု (International Solar Alliance Initiative) ၌ ပါဝင်ဆောင်ရွက်ရန် အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံအား ဖိတ်ခေါ်ပါသည်။

၂၂။ အိန္ဒိယကုမ္ပဏီများသည် ရေနံရှာဖွေရေးနှင့် ဟိုက်ဒရိုကာဗွန်ပိုက်လိုင်းကဏ္ဍများ၌ ဆောင်ရွက်လုပ်ကိုင်လျက်ရှိသည်ကို အသိအမှတ်ပြုကြောင်းနှင့် ယင်းသို့ ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန် သဘောတူခဲ့ကြပါသည်။ *ရေနံဓာတုနှင့် ရေနံထုတ်ကုန်ဆိုင်ရာ ဈေးကွက်အခြေခံအဆောက်အအုံနှင့် LPG terminal များ ဖွဲ့စည်းတည်ဆောက်ရေးအတွက် တင်ဒါဝင်ရောက်ယှဉ်ပြိုင်ရန် အိန္ဒိယကုမ္ပဏီများကို ဖိတ်ခေါ်ရန် မြန်မာဘက်က သဘောတူညီခဲ့ပါသည်။*

၂၃။ နှစ်နိုင်ငံအကြား လက်ရှိယဉ်ကျေးမှု အပြန်အလှန်ဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်ရေးအခြေအနေကို ပြန်လည်သုံးသပ်လျက်၊ ယဉ်ကျေးမှုနှင့် ပညာရေးကဏ္ဍများတွင် အပြန်အလှန်ဖလှယ်မှု ပိုမိုတိုးမြှင့်ရေးအတွက် သဘောတူညီခဲ့ကြပါသည်။ Archaeological Survey of India ၏ ပုဂံရှိ အာနန္ဒာဘုရား ပြုပြင်မွမ်းမံရေးစီမံကိန်း ဆောင်ရွက်ဆဲလုပ်ငန်းများကို အားရကျေနပ်ကြောင်း နှစ်ဖက်လုံးက ပြောကြားခဲ့ကြပါသည်။ ဗုဒ္ဓဂယာရှိ မင်းတုန်းမင်းနှင့် ဘကြီးတော်မင်းတို့၏ ကျောက်စာပြုပြင်ထိန်းသိမ်းရေး စီမံကိန်းကိုလည်း အိန္ဒိယအစိုးရ၏ ဘဏ္ဍာငွေကြေးအထောက်အပံ့ဖြင့် Archaeological Survey of India ကပင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အိန္ဒိယဘက်က အတည်ပြုပြောကြားခဲ့ပါသည်။ မွမ်းမံပြင်ဆင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများအတွက် ပူးတွဲနည်းပညာအထောက်အပံ့ ပေးအပ်ရန်လည်း နှစ်ဖက် သဘောတူညီခဲ့ကြပါသည်။ မြန်မာနိုင်ငံတွင်ကျင်းပခဲ့သော အိန္ဒိယပွဲတော်ကိုလည်း နှစ်ဖက်လုံးက အားရကျေနပ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြပါသည်။

၂၄။ နှစ်နိုင်ငံ ကုန်းလမ်းနယ်စပ်ကို ဖြတ်သန်း၍ နှစ်ဖက်ပြည်သူများ ချောမွေ့စွာ ကူးသန်းသွားလာနိုင်ရေး၊ ပြည်သူအချင်းချင်း ဆက်သွယ်မှုတိုးမြှင့်ရေးတို့အတွက် အားပေးရန် နှစ်ဖက်လုံးက သဘောတူညီခဲ့ကြပါသည်။ တမူး-မိုရေး နှင့် ရိ-ဇိုခေါ်ဒါ နယ်စပ်ဂိတ်များ၌ လူဝင်မှုကြီးကြပ်ရေးရုံးများ ဆောလျင်စွာ ဖွင့်လှစ်ရေးကိစ္စကိုလည်း နှစ်ဖက်ဆွေးနွေးခဲ့ကြပါသည်။

၂၅။ နှစ်ဖက်လုံးက အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများအားလုံးတွင် နီးကပ်စွာ အတူတကွ လုပ်ကိုင်ဆောင်ရွက်ရန် ထပ်လောင်းကတိကဝတ်ပြုခဲ့ကြပြီး *အပြည်ပြည်ဆိုင်ရာ အစည်းအဝေးများ၌ အရေးကြီးသောကိစ္စရပ်များနှင့် စပ်လျဉ်း၍* အမျိုးသားရေး ရပ်တည်ချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ရန် သဘောတူခဲ့ကြပါသည်။ အကြမ်းဖက်ဝါဒသည် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် အကြီးမားဆုံး ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်ကြောင်း အသိအမှတ်ပြုကြောင်းနှင့် မည်သို့သော အကြမ်းဖက်ဆောင်ရွက်မှုမျိုးကိုမျှ လက်ခံနိုင်ဖွယ်မရှိကြောင်း

*စာမျက်နှာ ၅ သို့*




*စာမျက်နှာ ၄ မှ*

အလေးအနက်ထား ပြောကြားလျက် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးဆိုင်ရာ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေစနစ် ပိုမိုအားကောင်းလာစေရေးအတွက် နှစ်ဖက်လုံးက တိုက်တွန်းခဲ့ကြပါသည်။ ယင်းကိစ္စနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂ၌ ဆွေးနွေးညှိနှိုင်းလျက်ရှိသည့် နိုင်ငံတကာအကြမ်းဖက်မှုဆိုင်ရာ ကွန်ဗင်းရှင်း (Comprehensive Convention on International Terrorism)ကို ဆောလျင်စွာ အပြီးသတ်နိုင်ရေးအတွက် တိုက်တွန်းခဲ့ကြပါသည်။ ကုလသမဂ္ဂအဖွဲ့ကြီးကို (၂၁)ရာစု၏ လိုအပ်ချက်များနှင့်အညီ နိုင်ငံအများစုက ပိုမိုကိုယ်စားပြုနိုင်ရေး၊ ပိုမိုထိရောက်ကောင်းမွန်သော အဖွဲ့အစည်းကြီးဖြစ်လာရေးအတွက် ပြုပြင်ပြောင်းလဲရေး အလုံးစုံကြိုးပမ်းမှုတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ဆောလျင်စွာ ပြုပြင်ဖွဲ့စည်းရေးသည် မဖြစ်မနေဆောင်ရွက်ရမည့် အချက်ဖြစ်ကြောင်း အသိအမှတ်ပြုခဲ့ကြပါသည်။ ပြန်လည်တိုးချဲ့ဖွဲ့စည်းထားသော *ကုလသမဂ္ဂလုံခြုံရေးကောင်စီ*တွင် အမြဲတမ်းအဖွဲ့ဝင်ဖြစ်လာရေးအတွက် အိန္ဒိယနိုင်ငံ၏ ကြိုးပမ်းမှုကို မြန်မာနိုင်ငံက ထောက်ခံကြောင်း ထပ်လောင်းပြောကြားခဲ့ပါသည်။

၂၆။ အားလုံးပါဝင်သည့် ကျယ်ပြန့်သော အမျိုးသားပြန်လည်စည်းလုံးရေး လုပ်ငန်းစဉ်အောင်မြင်ရန် ကြိုးပမ်းနေမှုအပါအဝင် အခက်အခဲများကြားမှ ဆောင်ရွက်နေဆဲဖြစ်သော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်၌ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို အိန္ဒိယနိုင်ငံကထောက်ခံကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ သက်ဆိုင်ရာ ကုလသမဂ္ဂအစည်းအဝေးများ၌ ဆွေးနွေးစဉ်ကာလအတွင်း မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် အိန္ဒိယကိုယ်စားလှယ်အဖွဲ့တို့အကြား နီးကပ်စွာအတူတကွ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နှစ်ဖက်လုံးက သဘောတူခဲ့ကြပါသည်။

၂၇။ ခရီးစဉ်အတွင်း အောက်ပါနားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးခဲ့ပါသည်-

(၁) တိုင်းရင်းဆေးကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ

(၂) ပြန်ပြည့်မြဲစွမ်းအင်နယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ

(၃) မြန်မာနိုင်ငံရှိ သုံးနိုင်ငံအဝေးပြေးလမ်းမကြီး၏ တမူး-ကျီကုန်း-ကလေးဝအပိုင်းရှိ တံတားများနှင့် ချဉ်းကပ်လမ်း တည်ဆောက်ရေး/ အဆင့်မြှင့်တင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ

(၄) မြန်မာနိုင်ငံရှိ သုံးနိုင်ငံအဝေးပြေးလမ်းမကြီး၏ ကလေးဝ-ယာကြီးကားလမ်းအပိုင်း တည်ဆောက်ရေး/အဆင့်မြှင့်တင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှု စာချွန်လွှာ

၂၈။ ဘင်းမ်စတက် အဖွဲ့အစည်းအားဖြင့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်ရန် နည်းလမ်းအသွယ်သွယ်ကို နှစ်ဖက်လုံးက ကြိုဆိုခဲ့ကြပါသည်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် အိန္ဒိယနိုင်ငံတွင်ကျင်းပမည့် The Outreach Summit between BRICS and BIMSTEC သို့ မြန်မာနိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ရန်ရှိပါကြောင်း မြန်မာဘက်က အသိပေးပြောကြားခဲ့ပါသည်။

၂၉။ နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ၎င်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့တို့ အိန္ဒိယနိုင်ငံသို့ ရောက်ရှိစဉ်ကာလအတွင်း နွေးထွေးပျူငှာစွာ ဧည့်ဝတ်ကျေပြွန်ခဲ့သည့်အတွက် အိန္ဒိယသမ္မတအား ကျေးဇူးတင်ရှိကြောင်းပြောကြားခဲ့ပါသည်။

၃၀။ နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် အိန္ဒိယသမ္မတနှင့် ဝန်ကြီးချုပ်တို့အား မြန်မာနိုင်ငံသို့ နှစ်ဖက်အဆင်ပြေသည့်အချိန်တွင် ချစ်ကြည်ရေးခရီး လာရောက်ပါရန်လည်း ဖိတ်ကြားခဲ့ပါသည်။ အိန္ဒိယဘက်ကလည်း နိုင်ငံတော်သမ္မတ၏ ဖိတ်ကြားချက်ကို လက်ခံလျက် နှစ်ဖက်အဆင်ပြေမည့် နေ့ရက်အချိန်ကို သံတမန်လမ်းကြောင်းမှတစ်ဆင့် ညှိနှိုင်းဆောင်ရွက်ကြရန် သဘောတူညီခဲ့ကြပါသည်။

**နယူးဒေလီမြို့**

**ရက်စွဲ၊ ၂၀၁၆ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ ပူးတွဲကျင်းပရေးကော်မတီစည်းဝေး

နေပြည်တော် ဩဂုတ် ၂၉

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ပူးတွဲကျင်းပရေးကော်မတီ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပသည်။**



အစည်းအဝေးတွင် ပူးတွဲကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက ပြည်သူများ ဝမ်းမြောက်ပျော်ရွှင်စွာ မျှော်လင့်ချက်အပြည့်ဖြင့် ကြိုဆိုနေကြသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ နိုင်ငံရေးခေါင်းဆောင်များ၊အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် လက်တွဲဆောင်ရွက်ရသည့်အတွက် ဂုဏ်ယူပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းက (၂၁) ရာစုပင်လုံညီလာခံကို အောင်အောင်မြင်မြင်ကျင်းပနိုင်ရေးအတွက် တစ်နိုင်ငံလုံးက ဆန္ဒရှိပါကြောင်း၊ ပြည်သူတစ်ရပ်လုံးက စောင့်ကြည့်နေကြပါကြောင်း၊ ထို့ကြောင့် ပူးတွဲကျင်းပရေးကော်မတီတွင် အဓိကတာဝန်ရှိနေပါကြောင်း၊ ယခု ညီလာခံပြီးမြောက်ပါက နိုင်ငံရေးဆွေးနွေးပွဲ စတင်ကျင်းပသွားမည် ဖြစ်ပါကြောင်း၊ မိမိတို့မျှော်လင့်နေသည့် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးအတွက် အခြေခံပြဿနာကို ဆွေးနွေးအဖြေရှာနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အထူးသဖြင့် (၂၁) ရာစုပင်လုံညီလာခံ၏ ရည်မှန်းချက်၊ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်နိုင်ရန် ယခုပူးတွဲကော်မတီမှ နောက်ဆုံးအဆင့် အတည်ပြုပြီးပါက ညီလာခံကို ကျင်းပသွားမည် ဖြစ်သည့်အတွက် ကော်မတီဝင်များက ဆွေးနွေးအဖြေရှာ၍ အောင်မြင်သည့် ညီလာခံဖြစ်ရန် ဝိုင်းဝန်းဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဥက္ကဋ္ဌ ဦးသုဝေက မိမိတို့ မျှော်မှန်းချက်သည် ငြိမ်းချမ်းရေး ညီလာခံအောင်မြင်စွာ ကျင်းပနိုင်ရေးဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးညီလာခံ ကျင်းပပြီးပါက တကယ့်ငြိမ်းချမ်းရေး ရရှိမည်ဆိုသည့် ရည်မှန်းချက်ရှိပါကြောင်း၊ ထို့ကြောင့် UPDJC အစည်း အဝေးများ အတိုင်း ယနေ့အစည်းအဝေးတွင်လည်း ဖြစ်နိုင်သည့်ကိစ္စများကို နားလည်မှု၊ ပြေလည်မှုရှိရှိဖြင့် အားလုံးက ညှိနှိုင်းဆွေးနွေးခြင်းဖြင့် အောင်မြင်မှုရရှိမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပထမအကြိမ် ပူးတွဲကျင်းပရေးကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်များနှင့် နိုင်ငံရေးဆွေးနွေးပွဲကျင်းပရေး လုပ်ငန်းကော်မတီမှ ဆွေးနွေးချက်များကို တင်ပြဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# (၂၁)ရာစုပင်လုံညီလာခံအားကြိုဆိုထောက်ခံပွဲ ပုသိမ်ကြီးမြို့၌ကျင်းပ

**ပုသိမ်ကြီး ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် စည်ပင်သာယာပန်းဥယျာဉ်ရှေ့၌ ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီက (၂၁)ရာစုပင်လုံညီလာခံအား ကြိုဆိုထောက်ခံပွဲကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲမင်းဦး၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်ဆန်းနှင့် အာယုပါလက လူမှုရေးအသင်းဥက္ကဋ္ဌ ဦးထွေးအောင်တို့က ဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အာယုပါလက လူမှုရေးအသင်းဥက္ကဋ္ဌ ဦးထွေးအောင် ဦးဆောင်၍ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသား တိုင်းရင်းသူ စုစုပေါင်း ၅၀၀ ကျော်သည် “(၂၁)ရာစုပင်လုံညီလာခံအား ကြိုဆိုထောက်ခံပါသည်” စသည့် ဗီနိုင်းများကိုင်ဆောင်၍ စည်ပင်သာယာပန်းဥယျာဉ်ရှေ့မှ မြို့မရပ်ကွက် ဓမ္မာရုံအထိ ချီတက်လမ်းလျှောက်ကြကြောင်း သိရသည်။ **(အောက်ပုံ) အောင်ကျော်ထွန်း(ပုသိမ်ကြီး)**



## တိုင်းဒေသကြီး ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၉**

မကွေးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကယား၊ ကရင်၊ ရှမ်းပြည်နယ် တောင်ပိုင်းတို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် အရှေ့ပိုင်း၊ ချင်း ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်နှင့် ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်း ဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ ပဲခူး၊ ဧရာဝတီနှင့် ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

(မိုး/ဇလ)

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ အကြိုဂုဏ်ပြုဆောင်းပါး

# ပင်လုံစိတ်ဓာတ်ဆိုသည်မှာ

ကျော်လင်းဦး

**ပင်လုံ၏ နောက်ခံကားချပ်**

သမိုင်းကို ပြန်ပြောင်းပြောရမည်ဆိုလျှင် အင်္ဂလိပ်ကိုလိုနီလက်ထက် ထုတ်ပြန်ခဲ့သော 1935 Government of Burma Act မှ စတင်ရမည်ဖြစ်သည်။ အင်္ဂလိပ်တို့ အထက်မြန်မာပြည်ကို သိမ်းပိုက်ပြီးနောက် ဗမာပြည်ကို အိန္ဒိယ၏ အစိတ်အပိုင်းတစ်ခုအဖြစ် သွတ်သွင်းလိုက်ပြီး အိန္ဒိယဘုရင်ခံချုပ်၏ အုပ်ချုပ်မှုအောက်တွင် ထည့်သွင်းထားလိုက်ကြသည်။ ၁၉၃၀ ပြည့်လွန်နှစ်များတွင် မြန်မာတို့၏ အမျိုးသားရေး နိုးကြားလာမှုနှင့်အတူ အိန္ဒိယနှင့် ဆက်လက်ပေါင်းစည်းနေမလား၊ ခွဲခြားနေမလားဟူသော တွဲရေး၊ ခွဲရေး ကိစ္စပေါ်ပေါက်လာခဲ့သည်။ တွဲရေးနှင့် ခွဲရေးအားပြိုင်မှုတွင် တွဲရေးဘက်က အနိုင်ရသော်လည်း နောက်ဆုံးတွင် ဗြိတိသျှတို့သည် မြန်မာနိုင်ငံမှ ၁၉၃၇ ခု ဧပြီလ ၁ ရက်နေ့တွင် ခွဲထုတ်ကာ 1935 Government of Burma Act ဖြင့် စတင်အုပ်ချုပ်လေသည်။

1935 Government of Burma Act အရ မြန်မာနိုင်ငံ၏ ပြည်မဒေသ (Burma Proper) ကိုအုပ်ချုပ်ရန် ဌာနပေါင်း (၉၈) ဌာနရှိသည့်အနက် အရေးပါလှသည့်ဌာန (၇)ဌာနကို ဘုရင်ခံမှ တိုက်ရိုက်အုပ်ချုပ်၍ ကျန် (၉၁)ဌာနကို ရွေးကောက်ခံလွှတ်တော်အမတ်များနှင့် မြန်မာဝန်ကြီးအဖွဲ့က အုပ်ချုပ်လေသည်။ ထို့ကြောင့် ၎င်းကို (၉၁)ဌာန အုပ်ချုပ်ရေးဟူ၍လည်း အလွယ်တကူခေါ်ကြလေသည်။ သို့သော် တိုင်းရင်းသားလူနည်းစုများနေထိုင်သော တောင်တန်းဒေသကို ဘုရင်ခံ၏တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားသည်။ အမှန်တကယ်တွင် 1935 Government of Burma Act ဆိုသည်မှာ မြန်မာနိုင်ငံ၏ ပြည်မဒေသနှင့် တောင်တန်းဒေသကို ခွဲခြားအုပ်ချုပ်ထားသော စနစ်တစ်ရပ်သာဖြစ်သည်။

၁၉၄၂ ခုနှစ်သို့ရောက်သောအခါ ဖက်ဆစ်ဂျပန်တို့၏ တိုက်ခိုက်သိမ်းပိုက်မှုကြောင့် အဆိုပါ (၉၁)ဌာန အုပ်ချုပ်ရေးလည်း ပျက်စီးကာ ဂျပန်တို့၏ လက်အောက်သို့ ကျရောက်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အပြီး ဗြိတိသျှတို့ ပြန်ဝင်လာသည့်အခါ မူလက စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်ခဲ့သော်လည်း နောက်ပိုင်းတွင် စက္ကူဖြူစာတမ်းရေးဆွဲကာ အဆိုပါ စက္ကူဖြူစာတမ်းအရ မြန်မာနိုင်ငံကို ဆက်လက်အုပ်ချုပ်ခဲ့သည်။ ထိုအချိန်ကာလတွင် မြန်မာတို့၏ လွတ်လပ်ရေးကြိုးပမ်းမှုမှာ ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှုဖြင့် အရှိန်မြင့်တက်နေဆဲကာလ ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဖဆပလအဖွဲ့ချုပ်မှ တစ်နှစ်အတွင်း လွတ်လပ်ရေး အရယူပေးမည်ဟူသော ကတိစကားဖြင့် ပြည်သူလူထုကိုလှုံ့ဆော်မိုးထားသည်။ ဒုတိယကမ္ဘာစစ်ကြောင့် စစ်နိုင်သော်လည်း ပြာပုံဘဝရောက်နေသော ဗြိတိသျှတို့အတွက်လည်း ကိုလိုနီနယ်များကို လွတ်လပ်ရေးပေးရတော့မည့် ကမ္ဘာ့နိုင်ငံရေး အခြေအနေသို့ ရောက်ရှိလာခဲ့သည်။ ဤသို့ဖြင့် ဖဆပလခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗြိတိသျှ နန်းရင်းဝန် အက်တလီတို့ အောင်ဆန်း - အက်တလီ စာချုပ်ကာ ဗြိတိသျှတို့၏ မြန်မာ့လွတ်လပ်ရေး ကတိကို ပိုမို ခိုင်မာသွားစေခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ကိုယ်စားလှယ်အဖွဲ့သည် အင်္ဂလန်နိုင်ငံသို့ လေးသုတ်ခဲ့ကာ ထွက်ခွာသွားသည်။ ဗိုလ်ချုပ်ပါဝင်သော ကိုယ်စားလှယ်အဖွဲ့မှာ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့တွင် ရန်ကုန်မှ စတင်ထွက်ခွာသည်။ အိန္ဒိယနိုင်ငံသို့ ခေတ္တဝင်ရောက်ပြီးနောက် အိန္ဒိယကွန်ဂရက်ခေါင်းဆောင် ဂျဝါဟာလာ နေရူး၊ မွတ်စလင်လိဂ်မှ ခေါင်းဆောင် မိုဟာမတ် အလီဂျင်းနားတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ဇန်နဝါရီလ ၉ ရက်နေ့ မှ လန်ဒန်မြို့သို့ရောက်သည်။

* ကျင်းပတော့မည့် (၂၁) ရာစု ပင်လုံညီလာခံတွင် ပြောင်းလဲတိုးတက်လာသည့် ခေတ်အခြေအနေများအရ ယခင် ၁၉၄၇ ခုက ခေါင်းဆောင်များထားရှိခဲ့ကြသည့် ပင်လုံစိတ်ဓာတ်အပေါ်အရင်းခံကာ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး လိုအပ်ချက်များကို ဆက်လက်နည်းလမ်းရှာဖွေနိုင်ရန် အရေးကြီး
* ယခုတစ်ကြိမ်တွင်လည်း ငြိမ်းချမ်းတည်ငြိမ်ပြီး တိုးတက်ဖွံ့ဖြိုးသည့် ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရန် အခက်အခဲအတားအဆီးများကို ကျော်လွှားကာ ပင်လုံစိတ်ဓာတ်အရင်းခံ၍ စုပေါင်းတည်ဆောက်မှသာ အောင်မြင်နိုင်မည်

ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့ လန်ဒန်တွင် နန်းရင်းဝန် အက်တလီနှင့်ဆွေးနွေးပွဲသွားရောက်ရန် ပြင်ဆင်နေဆဲကာလတွင် ၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက် နေ့စွဲဖြင့် လားရှိုးမှ ရိုက်လိုက်သော ကြေးနန်းစာ တစ်စောင်သည် ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် အမှတ် (၁၀) ဒေါင်းနင်းလမ်းရှိ ဗြိတိသျှ နန်းရင်းဝန်ရုံးသို့ ရောက်ရှိလာခဲ့သည်။ အဆိုပါကြေးနန်းစာတွင် "ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းပြည်၏ ကိုယ်စားလှယ်မဟုတ်ပါ၊ နယ်ခြားဒေသများအရေးဆွေးနွေးရန် ရှမ်းပြည်စော်ဘွားများကို သီးသန့် ဖိတ်ကြားပါရန်" ဟူသော တောင်းဆိုချက်ပါဝင်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် နန်းရင်းဝန် အက်တလီတို့ တွေ့ဆုံဆွေးနွေးရာတွင် နယ်ခြားဒေသ မပါဝင်သော မြန်မာပြည် လွတ်လပ်ရေးသည် အဓိပ္ပာယ်ကင်းမဲ့လှသကဲ့သို့ နယ်ခြားဒေသသည် လွတ်လပ်သော မြန်မာနိုင်ငံ၏ ကာကွယ်ရေးအတွက် အပြန်အလှန် ဆက်စပ်နေသည့်အချက်ကို မြန်မာကိုယ်စားလှယ်အဖွဲ့က အခိုင်အမာ တင်ပြဆွေးနွေးခဲ့သည်။ သို့နှင့် အောင်ဆန်း-အက်တလီစာချုပ်တွင် အပိုဒ် (၈) အဖြစ် နယ်ခြားဒေသအရေးကို သီးသန့်ဖော်ပြရေးထိုးသဘောတူခဲ့ကြသည်။ အဆိုပါ အောင်ဆန်း-အက်တလီစာချုပ်အရ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တောင်တန်းဒေသအကြီးအကဲများ ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့တွင် ထပ်မံတွေ့ဆုံရန် အကြောင်းပေါ်လာခဲ့သည်။ ၎င်းတွေ့ဆုံဆွေးနွေးပွဲသည် နောင်တစ်ချိန် ပင်လုံစာချုပ်အဖြစ် လူသိများလာမည့် သမိုင်းဝင် ပင်လုံညီလာခံ ဖြစ်ပါသည်။

**ပင်လုံ ကောက်ကြောင်း**

ဂျပန်တို့ မြန်မာ့မြေမှ ဆုတ်ခွာပြီး ဗြိတိသျှတို့ ပြန်လည်ဝင်ရောက်လာပြီးနောက် စက္ကူဖြူစာတမ်းဖြင့် တိုင်းပြည်ကိုဆက်လက်အုပ်ချုပ်ခဲ့သည်။ ထို့အပြင် ဒုတိယ ကမ္ဘာစစ်မတိုင်မီကကဲ့သို့ နယ်ခြားဒေသကို ခွဲခြားအုပ်ချုပ်ရန် Frontier Area Regulation ကို ၁၉၄၆ ခုနှစ်တွင် ထုတ်ပြန်ကြေညာရန် ကြံစည်အားထုတ်ခဲ့သည်။ သို့သော်လည်း ဖဆပလအဖွဲ့ချုပ်၏ တစ်နှစ်အတွင်း လွတ်လပ်ရေးအရယူရန်နှင့် တောင်တန်းဒေသနှင့် ပြည်မ တစ်ပေါင်းတစ်စည်းတည်း လွတ်လပ်ရေးယူရန်ဆိုသော ဦးတည်ချက်အောက်တွင် မေးမှိန်သွားခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့ လန်ဒန်မှ ပြန်ရောက်ပြီးနောက် အောင်ဆန်း-အက်တလီ စာချုပ်ပါ အပိုဒ် ၈ (ခ) အရ ပင်လုံတွင် အစည်းအဝေးတစ်ရပ်ကျင်းပ၍ ပြည်မနှင့် နယ်ခြားဒေသ ပူးပေါင်းလွတ်လပ်ရေးယူနိုင်ရန်အတွက် တောင်တန်းဒေသ ခေါင်းဆောင်များ၏ သဘောထားကို ရယူရန်ဖြစ်ပေါ်လာသည်။

ဗြိတိသျှတို့၏ မူလသဘောထားမှာ ယခု ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလဆန်းတွင် ကျင်းပသည့် ပင်လုံညီလာခံ၌ အင်္ဂလိပ်တို့ရေးဆွဲထားသော နယ်ခြားဒေသအုပ်ချုပ်ရေး ဥပဒေ (Frontier Area Regulation) ကို တောင်တန်းဒေသမှ ခေါင်းဆောင်များက အတည်ပြုသဘောတူသည်ဟု ထုတ်ပြန်စေလိုသဖြင့် ကျင်းပရန်စီစဉ်ကြခြင်းဖြစ်သည်။ ထို့ကြောင့် အောင်ဆန်း-အက်တလီ စာချုပ် မချုပ်ဆိုမီကပင် ဗြိတိသျှ အရာရှိများက ကချင်ကိုယ်စားလှယ်များကို ပင်လုံသို့ ပို့ဆောင်ရန် စီစဉ်နေကြပြီဖြစ်သည်။ အောင်ဆန်း-အက်တလီ စာချုပ်ချုပ်ဆိုပြီး ၃ ရက်မြောက်သော ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ကချင်ခေါင်းဆောင်များ စုရုံးကြသောအခါ အထက်နယ်ခြားဒေသ အုပ်ချုပ်ရေး ဥပဒေကို လက်ခံရန် ဗြိတိသျှအရာရှိများက ဖိအားပေးခဲ့ကြသည်။

ပင်လုံအစည်းအဝေးကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် စတင်ကျင်းပသည်။ အစည်းအဝေး ပထမပိုင်းတွင် ရှမ်းစော်ဘွားများအချင်းချင်း ဆွေးနွေးခဲ့ကြသော်လည်း ကချင် ဒူဝါများ၊ ချင်းကိုယ်စားလှယ်များရောက်ရှိလာသောအခါ ၎င်းတို့ဖြင့်ပါ ဆွေးနွေးခဲ့ကြသည်။ သို့သော် ပင်လုံအစည်းအဝေးမတိုင်မီ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ရှမ်းပြည်နယ် မြောက်ပိုင်း ကွတ်ခိုင်အနီး နမ့်ဖတ်ကာ ကချင်ကျေးရွာ အလယ်တန်းကျောင်းတွင် ကချင်ဒေသမှ ကချင်ခေါင်းဆောင်များနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း ကချင်ခေါင်းဆောင်များ ဆွေးနွေးခဲ့ကြသည်။ ထိုဆွေးနွေးပွဲမှ အချက် (၈) ချက်ပါသော ကချင်တို့၏ တောင်းဆိုချက်ထွက်ပေါ်လာခဲ့သည်။

ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ပင်လုံညီလာခံကြီးစတင်သောအခါ ရှမ်းစော်ဘွားများနှင့် ရှမ်းကိုယ်စားလှယ်များ၏ ပဏာမအစည်းအဝေးကိုစတင်ကျင်းပခဲ့သည်။ ရှမ်းကိုယ်စားလှယ်ဆိုသည်မှာ မကြာသေးမီက အသစ်ပြင်ဆင်ဖွဲ့စည်းလိုက်သည့် ရှမ်းပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ခေါင်းဆောင်များဖြစ်သည်။ ကချင်ကိုယ်စားလှယ်များ ပင်လုံသို့ ရောက်ရှိလာသောအခါ ရှမ်းစော်ဘွားများ၊ ရှမ်းခေါင်းဆောင်များနှင့် ကချင်ကိုယ်စားလှယ်များ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် အလွတ်သဘော တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ထို့နောက် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ရှမ်းခေါင်းဆောင်များနှင့် ကချင်ခေါင်းဆောင်များ အစည်းအဝေးပြုလုပ်၍ အောက်ပါအချက်များကို နှစ်ဖက်သဘောတူခဲ့ကြသည်။

- ဒီမိုကရေစီ ထုံးတမ်းအစဉ်အလာအရ ဗမာတို့နှင့် တန်းတူအခွင့်အရေး ပေးရန်။
- မြန်မာအစိုးရ အမှုဆောင်အဖွဲ့တွင် ပါဝင်သော ရှမ်း၊ ကချင်ကိုယ်စားလှယ်တို့သည် မိမိတို့ဆိုင်ရာ နယ်ပယ်အရေးအခင်းများကို လုံးဝတာဝန်ယူ၍ ကာကွယ်ရေး၊ နိုင်ငံခြားရေး၊ မီးရထားနှင့် အကောက်ခွန်ဌာနတို့တွင် ပူးတွဲတာဝန်ယူရန်။
- ကချင်များတောင်းဆိုသည့် ကချင်ပြည်နယ် သီးခြားသတ်မှတ်ရေး အဆိုကို ထောက်ခံရန်။
- မြန်မာကိုယ်စားလှယ်များနှင့် ဗြိတိသျှအစိုးရတို့၏ သဘောတူညီသော အကြောင်းအရာ ကိစ္စအချက်အလက်များသည် ရှမ်းနှင့် ကချင်များသို့ ပတ်သက်ခြင်းမရှိစေရ။
- လွတ်လပ်ရေး ရပြီးသောအခါ ခွဲထွက်လိုက ခွဲထွက်ခွင့်ရှိရမည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တွေ့ဆုံသည့်အခါ အထက်ပါအချက်အလက်များကို တောင်းဆိုရန် ရှမ်းနှင့် ကချင်ခေါင်းဆောင်တို့ သဘောတူခဲ့ကြသည်။

အဆိုပါ သဘောတူညီချက်ကို ရှမ်းခေါင်းဆောင် (၁၃)ဦးနှင့် ကချင်ခေါင်းဆောင် (၆) ဦးတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ဖလမ်း၊ တီးတိန် နှင့် ဟားခါးမှ ချင်းကိုယ်စားလှယ်တို့ ရောက်ရှိလာခဲ့သည်။ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ချင်းခေါင်းဆောင်များသည် ယမန်နေ့က ရှမ်းနှင့် ကချင်ခေါင်းဆောင်တို့ သဘောတူထားသည့်အချက်များကို လေ့လာပြီး အောက်ပါအချက်များကို ထပ်မံဖြည့်စွက် သဘောတူခဲ့ကြသည်။

၁။ ဗဟိုအခွန်တော်ငွေနှင့် စပ်လျဉ်း၍ ရှမ်းတို့ ခံစားရသော ရပိုင်ခွင့်အာဏာတို့အတိုင်း ချင်းနှင့် ကချင်တို့ကလည်း လူဦးရေအလိုက် ခံစားခွင့်ရှိစေရမည်။

၂။ ချင်းတို့ဒေသတွင် ဘဏ္ဍာရေး မလုံမလောက်ရှိခဲ့သော် မြန်မာပြည်အခွန်တော်ငွေများမှ ဖြည့်တင်းသုံးစွဲရမည်။

၃။ ရှမ်း၊ ကချင်၊ ချင်းကိုယ်စားလှယ်များပါဝင်သော တောင်တန်းသားများ စည်းလုံးညီညွတ်ရေးအဖွဲ့ အမှုဆောင်ကောင်စီတစ်ရပ်ကို ဖွဲ့စည်းတည်ထောင်ရမည်။ ယင်းအမှုဆောင်ကောင်စီ၌ တောင်တန်းသားများနှင့် မြန်မာပြည်အစိုးရတို့အကြား ပေါ်ပေါက်သမျှသော ပေါ်လစီဆိုင်ရာ ကိစ္စရပ်များအားလုံးနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးနိုင်သော အာဏာအပြည့်အစုံရှိရမည်။

အဆိုပါသုံးချက်ကို ထပ်မံဖြည့်စွက်ကာ ချင်းခေါင်းဆောင် (၃) ဦးက နောက်ဆက်တွဲ လက်မှတ်ထိုးခဲ့ကြသည်။

အထက်ပါ သဘောတူညီချက်များအရ "တောင်တန်းသားများ စည်းလုံးညီညွတ်ရေးဦးစီးအဖွဲ့" (Supreme Council of United Hill People) ကိုလည်း ဖွဲ့စည်းခဲ့ကြသည်။ ထို့အပြင် အဆိုပါသဘောတူညီချက်များကို ဗိုလ်ချုပ်အောင်ဆန်းနှင့် ညှိနှိုင်းရန် မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း ဦးဆောင်၍ လူမျိုးစုတစ်မျိုးလျှင် (၂)ဦးစီ ပါဝင်သော (၆)ဦးကော်မတီကိုလည်း ဖွဲ့စည်းတာဝန်ပေးလိုက်ကြသည်။

ထိုနေ့ညနေ ၅ နာရီခွဲခန့်တွင် နယ်ခြားဒေသ ညွှန်ကြားရေးဝန်ထံမှ ကြေးနန်းတစ်စောင် ပင်လုံသို့ ရောက်ရှိလာသည်။ အဆိုပါ ကြေးနန်းတွင် ရှမ်းပြည်တောင်ပိုင်းဝန်ရှင်တော်မင်းကြီးက ဥက္ကဋ္ဌအဖြစ်ပါဝင်ထားသော ကမ္ဘောဇပဒေသရာဇ်ကောင်စီ အစည်းအဝေးကို အမြန်ဆုံးခေါ်ယူရန်နှင့် အဆိုပါအစည်းအဝေးတွင် နယ်ခြားဒေသ အုပ်ချုပ်ရေး ဥပဒေကို လက်ခံအတည်ပြုရန် ဖိအားပေးမှုများ ပါဝင်လာခဲ့သည်။ ထို့ကြောင့် ရှမ်းစော်ဘွားများနှင့် ပြည်သူ့ကိုယ်စားလှယ်များအကြား ထိုသို့ ဖိအားပေးမှုကို ဒေါသဖြစ်စရာ ဖြစ်လာခဲ့သည်။ ထို့နောက်တွင် ပင်လုံ၌ပင် လူထုအစည်းအဝေးပြုလုပ်ကာ ရှမ်းစော်ဘွား (၇) ဦး၊ ပြည်သူ့ကိုယ်စားလှယ် (၇) ဦး ပါဝင်သော ရှမ်းပြည်ကောင်စီ အမှုဆောင်အဖွဲ့ကို ပြည်သူလူထုထောက်ခံမှုဖြင့် ဖွဲ့စည်းလိုက်တော့သည်။ ထိုသို့ဖွဲ့စည်းသော ဖေဖော်ဝါရီလ ၇ ရက်နေ့ကို ရှမ်းပြည်နယ်နေ့အဖြစ် ယနေ့တိုင် သတ်မှတ်ထားသည်။

ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း ပင်လုံသို့ ရောက်ရှိလာသည်။ ဗိုလ်ချုပ်အောင်ဆန်းရောက်သည့်နေ့တွင်ပင် ဗြိတိသျှ အစိုးရ၏ ဒိုမီနီယံဆိုင်ရာ ဒုတိယဝန်ကြီး မစ္စတာ ဘော်တွမ်လေ (Mr. Bottomley) လည်း ရောက်ရှိလာသည်။ ရောက်သည့်ညတွင်ပင် ရှမ်း၊ ကချင်၊ ချင်း ကိုယ်စားလှယ်များ၊ စော်ဘွားများနှင့်တွေ့ဆုံ နှုတ်ဆက်သည်။ ဖေဖော်ဝါရီလ ၉ ရက်နေ့ နံနက် ၁၁ နာရီမှ စတင်ကာ အစည်းအဝေးစတင်ကျင်းပပြီး ဗိုလ်ချုပ်အောင်ဆန်းမှ စတင်ကာ အမှာစကားများပြောကြသည်။ ထို့နောက် "တောင်တန်းသားများ စည်းလုံးညီညွတ်ရေးဦးစီးအဖွဲ့" မှ ရေးဆွဲထားသောမူကို ညီလာခံ တက်ရောက်လာသူများအား ဝေငှပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်ဆွေးနွေးရန် ဖွဲ့စည်းထားသော (၆)ဦးကော်မတီနှင့် စတင်ဆွေးနွေးသည်။ ထိုသို့ဆွေးနွေးရာတွင် တောင်တန်းဒေသခေါင်းဆောင်များမှ အဆိုပါ အဆိုပြုထားသော မူကို လုံးဝအပြင်မခံနိုင်ဘဲရှိနေသဖြင့် ဆွေးနွေးပွဲ ပျက်တော့မည့် အခြေအနေသို့ရောက်နေသည်။ ထို့အပြင် အဆိုပါ (၆)ဦးမှာ အရာရာကို အပြီးအပိုင်မဆုံးဖြတ်နိုင်ဘဲ ကျန်ခေါင်းဆောင်များနှင့် ပြန်လည်တိုင်ပင်နေရသည့်အတွက် ဆွေးနွေးပွဲမှာ နှောင့်နှေးနေရသည်။

ရှမ်း၊ ကချင် နှင့် ချင်း ခေါင်းဆောင်များ ပူးပေါင်းရေးဆွဲထားသည့် အဆိုပြုချက်များကို ဗိုလ်ချုပ်အောင်ဆန်းအနေဖြင့် ချက်ချင်းလက်ခံအတည်ပြုရန် မဖြစ်နိုင်သည့် အချက်များက အများစုဖြစ်နေသည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းမှာ ဆက်လက်ဆွေးနွေးညှိနှိုင်းရန် မရှိတော့သကဲ့သို့ဖြစ်နေရသည်။ တောင်တန်းဒေသခေါင်းဆောင်များ ဘက်မှလည်း ၎င်းအဆိုပြုချက်များကို သဘောမတူပါက အတူတကွလက်တွဲ၍ လွတ်လပ်ရေးယူရန် မဖြစ်နိုင်သကဲ့သို့ ပြောဆိုမှုများကြောင့် နှစ်ဖက်တင်းမာလာသည့် အခြေအနေရှိနေသည်။ အထူးသဖြင့် အချိန်းမရွေး ခွဲထွက်ခွင့်ပေးရန်နှင့် တောင်တန်းသားများ စည်းလုံးညီညွတ်ရေးဦးစီးအဖွဲ့ကို နယ်ခြားဒေသ အားလုံး၏ အာဏာပိုင်အစိုးရအဖြစ် အသိအမှတ်ပြုရမည်ဆိုသည့်အချက်များမှာ လိုက်လျောရန် ခက်ခဲလျက်ရှိသည်။ တောင်းဆိုချက်များထဲမှ အများစုမှာ တိုင်းပြုပြည်ပြုလွှတ်တော်တွင် ဆွေးနွေး၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရမည့် အချက်များပါဝင်သည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းမှ အတူ လိုက်ပါလာသော ဦးဖေခင်နှင့် အပါးတော်မြဲ ဗိုလ်ထွန်းလှအား ရန်ကုန်သို့ လေယာဉ်ပျံ ပြန်ခေါ်ရန် ညွှန်ကြားလိုက်ပြီး ဆွေးနွေးပွဲမှနားကာ ၎င်းတည်းခိုရာ တဲအတွင်း အနားယူလျက် ရှိသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့

# နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဆင့်ဆင့်သောကော်မရှင်အဖွဲ့ခွဲဝင်များအတွက် လစဉ်ချီးမြှင့်ငွေနှင့် စရိတ်တို့အား ရရှိခံစားနိုင်ရန် သတ်မှတ်ထားခြင်းကို ပြန်လည်သုံးသပ်ပေးရန် ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၉**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ ရခိုင်ပြည်နယ် ဂွမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဝေ၏ **ဂွမြို့နှင့် မကျီးငူကျေးရွာကြားချောင်းကို တံတားထိုးပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ဂွမြို့နယ်နှင့် မကျီးငူကျေးရွာ ချောင်းကူးတံတားသည် ဂွမြို့နယ်၏အနောက်ဘက်တွင်တည်ရှိကာ သံကူကွန်ကရစ်တံတား တည်ဆောက်ပါက အရှည်ပေ ၁၂၀၀ တည်ဆောက်ရမည် ဖြစ်ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ပေ ၃၀၀ အထက်တံတားကြီးဖြစ်ပါသဖြင့် အသေးစိတ်ကွင်းဆင်း၍ Soil Test ပြုလုပ်ပြီး နည်းပညာကျွမ်းကျင်သည့် အင်ဂျင်နီယာများက Structure Design တွက်ချက်ရေးဆွဲရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနအနေဖြင့် တံတားတည်ဆောက်ရေးအတွက် တံတားအထူးအဖွဲ့နှင့် အထောက်အကူပြုပစ္စည်းများ မရှိပါသောကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်းနှင့် **လတ်တလောဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း** ဖြေကြားသည်။



အောင်မြေသာစံ မဲဆန္ဒနယ်မှ ဒေါက်တာလှမိုး

တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်၏ **တောင်ကုတ်မြို့နယ်အတွင်းရှိ ကိုင်းရှည်ကျေးရွာနှင့် နတ်မော်ကျေးရွာတွင် ချောင်းကမ်းပါးပြိုကျနေမှုများနှင့် ပတ်သက်၍ ကမ်းထိန်းနံရံပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ရခိုင်ပြည်နယ် အစိုးရအဖွဲ့ကိုယ်စားဖြေကြားရာတွင် တောင်ကုတ်မြို့နယ်အတွင်းရှိ ကိုင်းရှည်ကျေးရွာနှင့် နတ်မော်ကျေးရွာတို့ရှိ ချောင်းကမ်းပါးပြိုကျနေမှုမှ ကာကွယ်သည့်လုပ်ငန်းအတွက် **၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေ၌ပါဝင်ထားခြင်း မရှိသေးပါကြောင်း**နှင့် ကွင်းဆင်းတိုင်းတာ စစ်ဆေးမှုများပြုလုပ်ရန် လိုအပ်မည်ဖြစ်ပြီး ဆောင်ရွက်သင့်သည့် လုပ်ငန်းဖြစ်ပါက ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ဖြည့်စွက်ရန်ပုံငွေ၌ ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ စစ်ကိုင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်းမေးမြန်းသည့် **စစ်ကိုင်းမြို့နယ်၊ တင်းတိပ်-ပဒူလမ်း အရှည် ရှစ်မိုင်ငါးဖာလုံလမ်းအား ပြုပြင်ပေးရန်နှင့် ပျက်စီးနေသော ရေကျော်နှင့် Box Culvert များအား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စစ်ကိုင်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၃၀၇ ဒသမ ၂၈၂ သန်းဖြင့် ကတ္တရာလမ်း ခုနစ်ဖာလုံ၊ ကျောက်ချောလမ်း သုံးမိုင် သုံးဖာလုံ၊ မြေသားလမ်းနှစ်မိုင် ငါးဖာလုံ၊ ကွန်ကရစ်တံတားတစ်စင်းနှင့် ရေကျော် ၁၄ စင်းတို့အား လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ တင်းတိပ်- ပဒူကျေးရွာချင်းဆက်လမ်း ၁၃ မိုင်၏ ပျက်စီးလျက်ရှိသည့် လမ်းပိုင်းများနှင့် ရေကျော်၊ ရေပြွန်၊ Box Culvert များ ပြုပြင်ခြင်းလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ **၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် မွမ်းမံရန်ပုံငွေဖြင့် ပွင့်လင်းရာသီတွင် ပြုပြင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း** ဖြေကြားသည်။



ဝေါမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး

အောင်မြေသာစံ မဲဆန္ဒနယ်မှ ဒေါက်တာလှမိုး တင်သွင်းသည့် **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကိုပြင်ဆင်သည့် ဥပဒေအခန်း (၇) ပုဒ်မ (၂၁) (ဂ) အရ ပြည်ထောင်စုအစိုးရမှ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဆင့်ဆင့်သောကော်မရှင်အဖွဲ့ခွဲဝင်များအတွက် ထိုက်သင့်သည့် လစဉ်ချီးမြှင့်ငွေနှင့် စရိတ်တို့အား ရရှိခံစားနိုင်ရန် သတ်မှတ်ထားခြင်းကို ပြန်လည်သုံးသပ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဝေါမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကိုပြင်ဆင်သည့် ပြည်ထောင်စုလွှတ်တော်၏ ဥပဒေအမှတ် ၄၀၊ ပုဒ်မ ၂၁(ဂ)နှင့်ပတ်သက်ပြီး ယခုအဆိုဖြစ်လာတာဖြစ်ပါကြောင်း၊ ပုဒ်မ ၂၁(ဂ) နှင့်ပတ်သက်၍ မရှင်းလင်းခင်တွင် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပုဒ်မ ၁၈ (က) မှ (ဋ)အထိ ပြဋ္ဌာန်းထားတာရှိပါကြောင်း၊ ၎င်းတို့၏လုပ်ပိုင်ခွင့်ကို ကြည့်သည့်အခါ လုပ်ငန်းတော်တော်များပြားသည်ကိုတွေ့ရပါကြောင်း၊ ရွေးကောက်ပွဲသည် ငါးနှစ်တစ်ကြိမ် အထွေထွေရွေးကောက်ပွဲ၊ ကြားဖြတ်ရွေးကောက်ပွဲရှိပါကြောင်း၊ တကယ်တမ်းလုပ်ရသည့် လုပ်ငန်းသည် ရွေးကောက်ပွဲကြီးတစ်ခုလုပ်တော့မည်ဆိုပါက ခြောက်လ၊ ကိုးလမျှသာ လုပ်ရပါကြောင်း၊ ကျန်သည့်အချိန်များတွင် မိမိတို့လုပ်ငန်းကို မိမိတို့လုပ်နေကြသည်ကိုလည်း တွေ့ရပါကြောင်း။

၎င်းတို့ကို ချီးမြှင့်ငွေများနှင့် ပေးမည်ဆိုပါက ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားပြီး လုပ်ဆောင်စေချင်ပါကြောင်း၊ မိမိတို့အနေဖြင့် ယနေ့နိုင်ငံတော်၏ ဘဏ္ဍာငွေချီးမြှင့်မည်ဆိုပါက လုပ်အားနှင့် ညီမျှသည့် ချီးမြှင့်ငွေကိုသာ ရသင့်တာရှိပါကြောင်း၊ လိုအပ်လျှင် ပြင်ဆင်ပြီး ထိုက်သင့်သည့်၊ သင့်တင့်မျှတသည့် အပေါ်တွင်မူတည်၍ ပေးသင့်ပါကြောင်းကို ထောက်ခံဆွေးနွေးအပ်ပါကြောင်း ဆွေးနွေးသည်။

သထုံမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်က ယခင်ရွေးကောက်ပွဲကာလတွင် မဲစာရင်းအမှားကိစ္စများနှင့် ပတ်သက်၍ ရွေးကောက်ပွဲကော်မရှင်တွင် အနည်းငယ်ရှုပ်ထွေးသွားပါကြောင်း၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကို အမြဲတမ်း ထားရှိဖို့လိုသလားဆိုသည့် မေးခွန်းတစ်ခုတော့ ရှိမည်ဖြစ်ပါကြောင်း၊ မဲစာရင်း တိကျမှန်ကန်ရန်အတွက် အဓိကကျသည်မှာ ရပ်/ကျေး အသီးသီးတွင်ရှိသည့် အုပ်ချုပ်ရေးမှူးများ၊ အုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနတို့တွင် တာဝန်များစွာ ရှိပါကြောင်း၊ ယင်းကဏ္ဍများက မိမိတို့မြို့နယ်တွင်းမှာရှိသည့် လူဦးရေစာရင်းကို အောက်ခြေကစကာ စနစ်တကျ အချိန်နှင့်တစ်ပြေးညီ မှန်မှန်ကန်ကန် ပြုစုထားမည်ဆိုပါက၊ စိစစ်ထားမည်ဆိုပါက ရွေးကောက်ပွဲမကျင်းပမီ လေး၊ ငါး၊ ခြောက်လအလိုတွင် အဆင်သင့်

စာမျက်နှာ ၈ သို့

# သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြု

**နေပြည်တော် ဩဂုတ် ၂၉**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၂၂ ရက်မြောက်နေ့တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **"သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်း"**ကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုခဲ့သည်။

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဒေါ်လှဋ္ဌေး(ခ) ဒေါ်အုန်းကြည်က **"သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်း"**နှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များ ပါဝင်သော ကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အတည်ပြုပေးရန် အဆိုတင်သွင်းသည့်အတွက် လွှတ်တော်၏အဆုံးအဖြတ်ဖြင့် ယင်းဥပဒေကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုခဲ့ခြင်းဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း၏ **"ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်အတွင်းရှိ ရေလှောင်တမံများနှင့် ရေကာတာများတွင် အရေးပေါ် ရေပိုလွှဲစနစ်များ ရှိ/မရှိ၊ တာတမံများ ခိုင်ခံ့မှုကို ပြည်တွင်း ပြည်ပ ပညာရှင်များနှင့် ပူးပေါင်းစစ်ဆေးမှု ရှိ/မရှိ၊ ငွေကျပ် ၂၀ ဘီလီယံ ကို အရေးပေါ်ကြိုတင်ပြင်ဆင်စီမံ ဆောင်ရွက်မှု လုပ်ငန်းစဉ်များတွင် မည်သည့်အတိုင်းအတာအထိ အသုံးပြုမည်ကို သိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ငွေကျပ် ဘီလီယံ ၂၀ ထည့်သွင်းထားသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများအတွက် သုံးစွဲ ငွေကျပ် ၇၄၂ ဒသမ ၆၇ သန်း၊ ၂၀၁၆ ခုနှစ် အယ်နီညိုကြောင့် ရေရှားပါးမှုနှင့် ပတ်သက်၍ ငွေကျပ် ၂၁၉ ဒသမ ၇၈၈ သန်း၊ ဘေးသင့်ပြည်သူများအတွက် သုံးစွဲငွေကျပ် ၂၀၂၄ ဒသမ ၆၅၇ သန်းနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် သုံးစွဲငွေကျပ် ၂၁၆ ဒသမ ၃၁၂ သန်း စုစုပေါင်းငွေကျပ် ၃၂၀၃ ဒသမ ၀၄၄ သန်း သုံးစွဲထားရှိပါကြောင်း ဖြေကြားသည်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

ပြည်ထောင်စုဝန်ကြီးက ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်အတွင်းတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ပြီး ထိန်းသိမ်းထားသော ကွန်ချောင်း၊ နန်ကသူ၊ ကညင်၊ မမြရေလှောင်တမံများရှိကြောင်း၊ အဆိုပါရေလှောင်တမံများ၏ ရေဆင်းဧရိယာများအတွင်းတွင် မိုးသည်းထန်စွာရွာသွန်း၍ စီးဝင်ရေ များပြားစွာဝင်ရောက်ပြီး ကန်ရေပြည့်သိုလှောင်နိုင်သော ရေမှတ်ထက်ကျော်လွန်လာပါက ရေပိုလွှဲများမှ နိုင်နင်းစွာ လွှဲထုတ်နိုင်ရန် ဒီဇိုင်းပြုတည်ဆောက်ထားသည့်အပြင် ရေလှောင်တမံတစ်ခုချင်း၏ နှစ်စဉ်ပျမ်းမျှရေစီးဝင်မှု အခြေအနေအရ အရေးပေါ်အကူ ရေပိုလွှဲများကိုလည်း ထည့်သွင်းတည်ဆောက်ထားပါကြောင်း။

ထို့ပြင် တွေ့ကြုံခဲ့ရသည့် ရေကြီးရေလျှံမှုဖြစ်စဉ်များအပေါ် အခြေခံ၍ ရေလှောင်တမံများတွင် လက်ရှိသိုလှောင်ထားသော ရေလှောင်ပမာဏနှင့် မိုးရွာသွန်းမှုများကြောင့် နေ့စဉ် စီးဝင်ရေပမာဏ၊ ကန်ရေပြည့်သိုလှောင်နိုင်သော ပမာဏတို့အား ချိန်ဆတွက်ချက်ပြီး တမံ၏သိုလှောင်ရေအား ကြိုတင်လျှော့ချထားရန်လိုအပ်ပါက တမံ၏အောက်ပိုင်းတွင်နေထိုင်သော ပြည်သူများမထိခိုက်စေဘဲ ရေကြိုတင်လျှော့ချထားနိုင်ရေးကိုလည်း စီမံဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားသည်။

ဟင်္သာတခရိုင်အတွင်းရှိ ကွန်ချောင်း၊ နန်ကသူ၊ ကညင်နှင့် မမြရေလှောင်တမံများ တည်ဆောက်ရာတွင် ဒီဇိုင်းပုံစံတွက်ချက်ရေးဆွဲမှု၊ တည်ဆောက်အကောင်အထည်ဖော်မှုတို့ကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ အင်ဂျင်နီယာ ပညာရှင်များဖြင့်သာ တည်ဆောက်အကောင်အထည်ဖော်ခဲ့ပြီး တည်ဆောက်စဉ်ကာလတစ်လျှောက်လုံးတွင်လည်း ဒီဇိုင်းပြုထားသည့်အတိုင်း ဆောင်ရွက်ခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခြင်း၊ မြေကြီးလုပ်ငန်းနှင့် ကွန်ကရစ်လုပ်ငန်းများအတွက် တည်ဆောက်ရေးပစ္စည်းများ၏ အရည်အသွေးနှင့် တည်ဆောက်မှုအရည်အသွေးများကို အရည်အသွေးထိန်းချုပ်စစ်ဆေးရေးအဖွဲ့များဖြင့် ကြပ်မတ်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ စီမံကိန်းတည်ဆောက်ပြီး နောက်ပိုင်းတွင်လည်း ဌာနမှသတ်မှတ်ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းများအတိုင်း တမံ၏ကြံ့ခိုင်မှုကို အပတ်စဉ်စစ်ဆေးပြီး ပုံမှန်ထိန်းသိမ်း ဆောင်ရွက်လျက်ရှိကြောင်း။

ထို့အတူ ရေဘေးကာကွယ်ရေးတာများ၏ကြံ့ခိုင်မှုနှင့် လုံခြုံစိတ်ချနိုင်မှုအခြေအနေများကိုလည်း မိုးရာသီမရောက်မီကတည်းက ကြိုတင်စစ်ဆေးပြီး လိုအပ်သည့် ကြိုတင်ကာကွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မိုးရာသီမြစ်ရေမြင့်တက်လာချိန်တွင် လည်း ၂၄ နာရီ ရေကင်းချ၍ စောင့်ကြည့်စီမံခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ပပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)၊ တရုတ်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ နယ်သာလန်နိုင်ငံများမှ ပညာရှင်အဖွဲ့များ အခါအားလျော်စွာလာရောက်၍ ရှေ့ပြေးစီမံကိန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊ နည်းပညာအကူအညီပေးခြင်း၊ သင်တန်းပို့ချခြင်းများစသည်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးက ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်၏ **"ရခိုင်ပြည်နယ် မြောက်ဦးမြို့တွင် ရေကြီးရေလျှံမှုများ နှစ်စဉ်ဖြစ်ပွားလျက်ရှိရာ မြို့နေပြည်သူလူထုအတွက် ရေကြီးနစ်မြုပ်မှုဘေးအန္တရာယ်မှ ကင်းလွတ်စေရန် လိုအပ်ချက်များကို စနစ်တကျ လေ့လာပြီး ရေတို၊ ရေရှည်စီမံကိန်းများဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြစ်ကြောင်းပိုင်းအနေဖြင့် မြောက်ဦးမြို့ ရေကြီးရေလျှံမှုမှ လျှော့ချနိုင်ရေးအတွက် သဘော်ချောင်းတစ်လျှောက် အလျားပေ ၁၅၀၀၀ ခန့်၊ ကံလှချောင်းတစ်လျှောက် အလျားပေ ၃၀၀၀ ခန့်နှင့် ဗန္ဓုလချောင်းတစ်လျှောက် အလျားပေ ၃၀၀၀ ခန့်ကို သောင်တူးဖော်ပေးရန်လိုအပ်ပါကြောင်းနှင့် တူးဖော်ပြီးသည့် ရေလမ်းကြောင်းအတွင်း သဲနုန်းများပြန်လည်ပို့ချမှု လျော့နည်းစေရန် သင့်လျော်သည့် ရေလမ်းထိန်းသိမ်းအဆောက်အအုံများ ဖြည့်စွက်တည်ဆောက်ပေးသွားရန် လိုအပ်ပါကြောင်း။

အဆိုပါ လုပ်ငန်းများအနက် မြောက်ဦးမြို့ ရေစီးရေလာကောင်းမွန်ရေးအတွက် မြောက်ဦးမြို့ ကံလှချောင်း တူးဖော်ခြင်းလုပ်ငန်း ပေ ၅၀၀၀ ကို ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၄၈ သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ထို့ပြင် မြောက်ဦးမြို့နယ်အတွင်း ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေးနှင့် ရေစီးရေလာ ကောင်းမွန်နိုင်ရေးအတွက် လိုအပ်ပါက ယခင်ဖောက်လုပ်ပြီးသော ရထားလမ်းတာပေါင်တွင် ရေထွက်ပေါက်များဖောက်လုပ်ခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကျွမ်းကျင်ပညာရှင်များ ပါဝင်သောအဖွဲ့များဖြင့် လေ့လာဆန်းစစ်မှုများ ပြုလုပ်ခြင်းနှင့် အခြားလိုအပ်သော အစီအစဉ်များကို ပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြစ်ချောင်းများဖွံ့ဖြိုးမှု၊ တာတမံများနှင့် ဆည်မြောင်းများခိုင်ခံ့မှုအတွက် စီမံကိန်းများ စနစ်တကျချမှတ်၍ နိုင်ငံတကာအကူအညီရယူကာ ဆောင်ရွက်သွားရန် အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှု ကော်မတီမှတစ်ဆင့် တင်ပြဆောင်ရွက်ထားရှိကြောင်း ပြည်ထောင်စုဝန်ကြီးက ဖြေကြားသည်။

**(သတင်းစဉ်)**

# လွှတ်တော်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကူအညီပေးရေးနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၉**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဂျာမနီနိုင်ငံ Friedrich-Naumann - Foundation for Freedom (FNF) ၏ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံဆိုင်ရာ စီမံကိန်းဒါရိုက်တာ Mrs. Katrin Bannach နှင့် အဖွဲ့အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် လွှတ်တော်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအကူအညီပေးရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် အခွင့်အရေးများအား ရှင်းလင်း



**နေပြည်တော် ဩဂုတ် ၂၉**

အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီသည် ရန်ကုန်တရားမျှတမှုစင်တာ (Yangon Justice Center-YJC) နှင့် University Legal Clinic (ULC) မှ ဦးကျော်မြင့်ခေါင်းဆောင်သောရှေ့နေများ၊ ဝန်ထမ်းများနှင့် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ (J) ဆောင် အပေါ်ထပ်ရှိ Talk Room ခန်းမ၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)** တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ ကော်မတီအတွင်းရေးမှူး ဦးမင်းဦးနှင့် ကော်မတီဝင်များ၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်၊ လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူးက ကော်မတီအဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးပြီး တက်ရောက်လာသူများက ပြန်လည်မိတ်ဆက်ပေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူးက အခွင့်အရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် အခွင့်အရေးများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြပြီး ကော်မတီက ပြန်လည်ဖြေကြားခဲ့သည်။

ယင်းနောက် အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ဦးမင်းဦးက နိဂုံးချုပ်စကားပြောကြားသည်။ **(သတင်းစဉ်)**




*ပြည်သူ့လွှတ်တော်မှ*

ဖြစ်ပြီးသား ဖြစ်နေမည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၉ ပုဒ်မ ၃၉၉ တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ဆောင်ရွက်ပေး၍ ရပါကြောင်း။

မိမိတို့နိုင်ငံတွင် ရွေးကောက်ပွဲကို ပုံမှန်အားဖြင့် ငါးနှစ် တစ်ကြိမ် ကျင်းပလေ့ရှိပါကြောင်း၊ မြို့နယ်၏ဝန်ထမ်းမဟုတ်သည့် ကော်မရှင်အဖွဲ့ခွဲအသီးသီးအတွက် ခန့်အပ်ထားသည့် ဦးရေအလိုက် တွက်ချက်ကြည့်သည့်အခါ တစ်နှစ်လျှင် ပျမ်းမျှငွေကျပ်သိန်းပေါင်း ၃၀၃၄ ကျော် ကျသင့်နေသည်ကို တွေ့ရပါကြောင်း၊ ယင်းငွေများသည် မြို့နယ်အတွက် လိုအပ်နေသည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်လုပ်ငန်းများတွင် အကျိုးရှိရှိအသုံးပြုနိုင်မည် ဖြစ်ပါကြောင်း၊ နိုင်ငံသားအားလုံး အပြောင်းအလဲတစ်ခုကို လိုချင်သည့်အတွက် ၂၀၁၅ ရွေးကောက်ပွဲကြီးတွင် အစိုးရသစ်တစ်ခုပြောင်းလဲနိုင်ရန် စိတ်စေတနာအပြည့်ဖြင့် တစ်ခဲနက်မဲပေးခဲ့ကြခြင်းဖြစ်ပါကြောင်း၊ အမှန်တကယ် ဒီမိုကရေစီစနစ်ကိုထူထောင်ရန် ကြိုးပမ်းနေသည့်အချိန်တွင် ဝန်ထမ်းများကလည်း မိမိတို့ကျရာတာဝန်ကို အပြည့်အဝထမ်းဆောင်ကြမည်၊ တာဝန်ကျေပွန်ကြမည်ဆိုသည့် စိတ်စေတနာအပြည့်ရှိမည်ဆိုသည်ကိုလည်း ယုံကြည်ပါကြောင်း၊ အများကြည်ညိုလေးစားခံရသည့် မြို့ရွာကျက်သရေဆောင် ပုဂ္ဂိုလ်များသည်လည်း ကိုယ်ကျိုးမဖက်ဘဲ အများအကျိုးဆောင်ရွက်သည့်နေရာတွင် စိတ်ထားမွန်မြတ်သည့်သူများ ဖြစ်သည့်အတွက် ကော်မရှင်၏လုပ်ငန်းကို စေတနာအပြည့်အဝဖြင့် ဆောင်ရွက်ပေးကြမည့် ပြည်သူ့အကျိုးကို ဦးထိပ်ပန်ဆင်သူများသာဖြစ်သည့်အတွက် ၎င်းတို့အနေဖြင့် လက်ခံကြလိမ့်မည်ဟု ယုံကြည်ပါကြောင်းနှင့် အဆိုရှင်တင်သွင်းသည့် အဆိုအပေါ် လေးနက်စွာ ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးလှတင့်က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အဆိုရှင် ဒေါက်တာလှမိုးက အဆိုကို အတည်ပြုပေးပါရန် လွှတ်တော်သို့ တင်ပြရာ လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူ၍ အတည်ပြုကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

# ရွှေကူမြို့၌ (၂၁)ရာစုပင်လုံညီလာခံ ကြိုဆိုထောက်ခံ

**ရွှေကူ ဩဂုတ် ၂၉**

ကချင်ပြည်နယ် ရွှေကူမြို့၌ ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက (၂၁)ရာစု ပင်လုံညီလာခံ ကြိုဆိုထောက်ခံပွဲ ကျင်းပသည်။

အဆိုပါထောက်ခံပွဲတွင် မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများမှ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ စုစုပေါင်း ၁၅၀၀ ကျော်ခန့်က နံနက် ၇ နာရီတွင် အမှတ်(၁) ခုံခမ်းရပ်ကွက်မှ ဗိုလ်ချုပ်လမ်းမကြီးအတိုင်း လမ်းလျှောက်ထွက်ခွာ၍ ကြွေးကြော်သံများ ဟစ်ကြွေးကာ အခမ်းအနားကျင်းပသော မြို့နယ်အားကစားကွင်းအတွင်းသို့ ချီတက်ခဲ့ကြသည်။

ဆက်လက်၍ အခမ်းအနားကျင်းပရာ မြန်မာနိုင်ငံတော်အလံအားအလေးပြုပြီး (၂၁) ရာစု ပင်လုံညီလာခံ ထောက်ခံအဆိုကို ကချင်လူမျိုး ဦးပေါ်ရှောင်တူးမိုင်က တင်သွင်းကာ ဒေါ်ဂေါ်လု ခေါ်န်ဆင်(ကချင်)၊ ဦးစိုင်းကျော်ကျော်လင်း (ရှမ်း)တို့က ထောက်ခံဆွေးနွေးခဲ့ကြပြီး အခမ်းအနားကို ကြွေးကြော်သံများဖြင့် အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

**(မြန်မာ့အလင်း)**



# မြန်မာနိုင်ငံနှင့် အာရှဖောင်ဒေးရှင်းတို့ နားလည်မှုစာချွန်လွှာ သက်တမ်းတိုးမြှင့်ခြင်းဆိုင်ရာ လက်မှတ်ရေးထိုး

**ရန်ကုန် ဩဂုတ် ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အာရှဖောင်ဒေးရှင်းတို့အကြား နားလည်မှုစာချွန်လွှာ သက်တမ်းတိုးမြှင့်ခြင်းဆိုင်ရာ လက်မှတ်ရေးထိုးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်လင်းနှင့် အာရှဖောင်ဒေးရှင်းအဖွဲ့ အစည်းဘက်မှ ဒုတိယဥက္ကဋ္ဌဖြစ်သူ မစ္စတာ ဂေါ်ဒန်ရောဘတ်ဟိန်းတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အာရှဖောင်ဒေးရှင်းရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

**သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး၊ ဥတုဘေး**

# လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမဟုတ်ဘဲ လျှော်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်းနှင့် လျှော်လှုပ်ခတ်ပြီးနောက် ဆောင်ရွက်ရမည့် အစီအမံများကို အသေးစိတ်သိရှိနိုင်ရေး အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၉** ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနကဦးစီး၍ ယနေ့နံနက် ၉ နာရီတွင် ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ငလျင်ဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်းနှင့် ငလျင်လှုပ်ခတ်ပြီးနောက် ဆောင်ရွက်ရမည့်အစီအမံများကို အသေးစိတ်သိရှိနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပသည်။

ဆွေးနွေးပွဲတွင် လက်ရှိဖြစ်ပေါ်ခဲ့သော ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် ရှေးဟောင်းအဆောက်အအုံများနှင့်ပတ်သက်၍ ပြန်လည်ပြုပြင်ထိန်းသိမ်းရန် နည်းစနစ်များကို အသေးစိတ်ညှိနှိုင်းဆွေးနွေးကြသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ အငြိမ်းစားပညာရှင်များ၊ ကျွမ်းကျင်ပညာရှင်များ၊ မြန်မာနိုင်ငံဗိသုကာအသင်းမှ ပညာရှင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ပညာရှင်များ၊ UNESCO မှ ဌာနေကိုယ်စားလှယ်နှင့် ကျွမ်းကျင်ပညာရှင်များ၊ မြန်မာနိုင်ငံမြေလျင်ကော်မတီမှ ပညာရှင်များ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ပညာရှင်များ၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ပညာရှင်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပညာရှင်များ၊ ဒေသခံ အုပ်ချုပ်ရေးအဖွဲ့များတက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၆ မှ

သို့သော် ဦးဝမ်ကိုဟော ဦးဆောင်သည့် ချင်းကိုယ်စားလှယ်အဖွဲ့မှာ ဤဆွေးနွေးပွဲကို အပျက်မခံနိုင်။ အထူးသဖြင့် တိုးတက်မှုနောက်ကျနေသော ချင်းတောင်တန်းအတွက် ဗမာပြည်မမှ ဘဏ္ဍာရေးအကူအညီများ များစွာလိုအပ်လျက်ရှိသည်။ ချင်းပြည်နယ်ရရှိရေးမှာ လတ်တလောအရေးမကြီးလှပဲ နောင်တွင် စုံစမ်းရေးကော်မရှင်အစီရင်ခံစာအရ လည်းကောင်း၊ တိုင်းပြုပြည်ပြု လွှတ်တော်တွင်လည်းကောင်း တင်ပြဆွေးနွေး၍ ရနိုင်သည်ဟု တွက်သည်။ ထို့ကြောင့် ချင်းကိုယ်စားလှယ်အဖွဲ့နှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ သီးခြား လက်မှတ်ရေးထိုးမည်ဟု မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းအား တင်ပြသည်။ စော်ဘွားကြီးကလည်း အလျင်စလိုမလုပ်ရန်နှင့် အတူတကွ လက်မှတ်ထိုးကြရန် နားချသည်။

ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်မှာ ညီလာခံကိုယ်စားလှယ်များ တည်းခိုနေထိုင်ရာ တဲများအတွင်း တစ်တဲဝင်၊ တစ်တဲထွက်ဖြင့် လိုက်လံဆွေးနွေးလျက်ရှိသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ တဲအတွင်း၌လည်း ဆြာမောင်ကြီး၊ ဦးတင်ထွဋ်နှင့် ဦးအောင်ဇံဝေ စသော ဝန်ကြီးများနှင့် ဆွေးနွေးတိုင်ပင်လျက်ရှိကြသည်။ နောက်ဆုံးတွင် နှစ်ဖက်ဆွေးနွေးညှိနှိုင်း၍ အောက်ပါအချက်များကို မူကြမ်းအဖြစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့ ညနေတွင် သဘောတူညီမှု ရရှိခဲ့သည်။

- ကချင်ပြည်နယ် ထူထောင်ပေးရန် မူအားဖြင့် သဘောတူသည်။
- အောင်ဆန်း - အက်တလီစာချုပ်နှင့် ပတ်သက်၍ ထောက်ခံသည် (သို့မဟုတ်) ကန့်ကွက်သည်ကို မဖော်ပြဘဲ ချန်ထားခဲ့ရန် သဘောတူသည်။
- လွတ်လပ်ရေးရပြီးနောက် ခွဲထွက်ရန်ကိစ္စကို တိုင်းပြုပြည်ပြု လွှတ်တော်တွင် စဉ်းစားရန် သဘောတူသည်။
- အမှုဆောင်ဝန်ကြီး (၃) ဦးပေးရန်မှာ လက်ရှိ 1935 Burma Act အရ မဖြစ်နိုင်။ ထို့ကြောင့် တစ်ဦးကို ဝန်ကြီးခန့်၍ ကျန်နှစ်ဦးကို ဒုတိယဝန်ကြီးများခန့်အပ်ရန်နှင့် အစည်းအဝေးများတွင် တန်းတူအခွင့်အရေးပေး၍ တက်ရောက်ခွင့်ပြုရန် သဘောတူသည်။

ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် အထက်ပါအချက်များကို အခြေခံထားကာ ဆက်လက်ဆွေးနွေးပြီး ညပိုင်းတွင် နှစ်ဖက်သဘောတူညီသော စာချုပ်မူကြမ်းတစ်စောင်ကို ရရှိလာတော့သည်။ တောင်တန်းဒေသသည် ပြည်မနှင့်လက်တွဲကာ လွတ်လပ်ရေးအရယူမည်ဟူသော သဘောတူညီချက်ကို ရရှိသဖြင့် ဆွေးနွေးပွဲမှာ အောင်မြင်စွာပြီးဆုံးသွားတော့သည်။ ဤသို့ဖြင့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် သမိုင်းဝင်ပင်လုံစာချုပ်ကို ဗမာပြည်မ အစိုးရမှ ဗိုလ်ချုပ်အောင်ဆန်း၊ ရှမ်းစော်ဘွားများ၊ ရှမ်းပြည်သူ့ကိုယ်စားလှယ်များ၊ ကချင်ခေါင်းဆောင်များ၊ ချင်းခေါင်းဆောင်များ စုပေါင်းလက်မှတ်ရေးထိုးခဲ့ကြသည်။

**ပင်လုံ နောက်ဆက်တွဲ**

အောင်ဆန်း - အက်တလီစာချုပ်အရ တောင်တန်းဒေသသားများ၏ သဘောတူဆန္ဒဖြင့် လွတ်လပ်ရေးကို ပူးပေါင်းရယူရေးကိစ္စမှာ ပြီးမြောက်သွားခဲ့သည်။ သို့သော် စာချုပ်ပါအချက်တွင်ပါရှိသော တောင်တန်းဒေသ စုံစမ်းရေးကော်မရှင်ကို ဖွဲ့စည်းရန်နှင့် ကော်မရှင်မှ တွေ့ရှိချက်များကို တိုင်းပြုပြည်ပြုလွှတ်တော်တွင် အစီရင်ခံရန် ကျန်ရှိနေသေးသည်။ ထို့ကြောင့် ဗြိတိသျှအောက်လွှတ်တော်အမတ် မစ္စတာ ရီးစ်ဝီလျံ ( Mr. Rees Williams) ကို ကော်မရှင်၏ ဥက္ကဋ္ဌအဖြစ် ခန့်အပ်ကာ ဘုရင်ခံ၏ အမှုဆောင်ကောင်စီမှ ဦးတင်ထွဋ်၊ ဦးနု၊ ဦးခင်မောင်ကလေးနှင့် ကရင်လူငယ်များ အစည်းအရုံးမှ ဦးစောမြင့်သိန်းတို့ ပါဝင်ပြီး နယ်ခြားဒေသကိုယ်စားလှယ်များမှာ မိုင်းပွန်စော်ဘွား စဝ်စံထွန်း၊ ဆမားဒူးဝါး ဆင်ဝါနောင်၊ ဦးဝမ်ကိုဟော၊ စောစံကေးတို့ ပါဝင်ကြသည်။ ကော်မရှင်အဖွဲ့သည် ကချင်ဒေသ၊ ရှမ်းပြည်၊ ကရင်နီနယ်တို့ကို လှည့်လည်ပြီး သက်ဆိုင်ရာ တောင်တန်းဒေသခေါင်းဆောင်များ၊ ပြည်သူ့ကိုယ်စားလှယ်များနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ ထို့နောက်တွင် မေမြို့၌ ရုံးထိုင်ကာ ဆက်လက်စုံစမ်းမှုများပြုလုပ်ပြီး တိုင်းပြုပြည်ပြုလွှတ်တော်သို့ အစီရင်ခံစာ တင်သွင်းခဲ့သည်။

အောင်ဆန်း - အက်တလီစာချုပ်အရ ၁၉၄၇ ခုနှစ် ဧပြီလ ၇ ရက်နေ့တွင် တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကြီးကို ကျင်းပခဲ့သည်။ ရွေးကောက်ပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဖဆပလအဖွဲ့ချုပ်က မဲအပြတ်အသတ်ဖြင့် အများစုအနိုင်ရခဲ့သည်။ တိုင်းပြုပြည်ပြုလွှတ်တော်အတွက် ကိုယ်စားလှယ်အမတ်နေရာ ၂၅၅ နေရာရှိသည့်အနက် ပြည်မအတွက် အမတ်နေရာ ၂၁၀ ကို ရွေးကောက်တင်မြှောက်ပြီး တောင်တန်းဒေသမှ ကိုယ်စားလှယ် စုစုပေါင်း ၄၅ ဦး ရွေးချယ်စေလွှတ်ခဲ့သည်။ ဤတိုင်းပြုပြည်ပြုလွှတ်တော်ကြီးမှ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲအတည်ပြုခဲ့ပါသည်။

**ပင်လုံစိတ်ဓာတ်**

ယနေ့အချိန်တွင် ပင်လုံနှင့်ပတ်သက်၍ ပြောရမည်ဆိုလျှင် ပြောစရာ ဆိုစရာ စကားလုံး (၃) ခုရှိသည်ဟု ဆိုရမည်ဖြစ်ပါသည်။ ပထမတစ်ခုမှာ ပင်လုံစိတ်ဓာတ်ဖြစ်ပါသည်။ ဒုတိယတစ်ခုမှာ ပင်လုံကတိကဝတ်ဖြစ်ပြီး နောက်ဆုံးတစ်ခုမှာ ပင်လုံစာချုပ်ပင်ဖြစ်သည်။ စကားလုံးအရ (၃)မျိုးဖလှယ်ကာ ပြောဆိုသုံးနှုန်းနေကြသော်လည်း အနှစ်သာရမှာ တစ်ခုတည်းသာဖြစ်သည်။ ပင်လုံစာချုပ်ဆိုသည်မှာ ပင်လုံစိတ်ဓာတ်ကို အရင်းခံကာ ပေါ်ပေါက်လာသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် တောင်တန်းဒေသခေါင်းဆောင်များအကြား ထားရှိခဲ့သည့် ပင်လုံ ကတိကဝတ်ကြောင့် ပေါ်ပေါက်လာသည့် စာချုပ်တစ်ခုဖြစ်သည်။

ပင်လုံစိတ်ဓာတ်၊ ပင်လုံ ကတိကဝတ်နှင့် ပင်လုံစာချုပ်တွင် ပါဝင်သော သဘောတရားအနှစ်သာရမှာ တောင်တန်းဒေသနှင့် ပြည်မ ပူးပေါင်း၍ လွတ်လပ်ရေးကို အရယူကာ ပြည်ထောင်စုတစ်ရပ် ထူထောင်နိုင်ရေးဖြစ်သည်။ သို့သော် လက်တွေ့တွင် ပြည်ထောင်စုထူထောင်တည်ဆောက်ရေးသည် အပြောထက် လက်တွေ့ပိုမိုခက်ခဲခဲ့သည်ကို နှစ်ပေါင်း ၆၀ ကျော် လက်နက်ကိုင် ပဋိပက္ခသမိုင်းက သက်သေခံလျက်ရှိသည်။ ပင်လုံညီလာခံမတိုင်မီ တောင်တန်းဒေသခေါင်းဆောင်များအကြား အချင်းချင်းတွေ့ဆုံဆွေးနွေးရာတွင် ပြည်မနှင့် ပူးပေါင်း၍ လွတ်လပ်ရေးကို အရယူမည်ဟု ဆုံးဖြတ်ခဲ့သော်လည်း အဆင်မပြေသည့်အချိန်တွင် ခွဲထွက်လိုပါက ခွဲထွက်ပိုင်ခွင့်လည်း ရှိရမည်ဟူသော သဘောထားမျိုးရှိခဲ့သည်။ ဤသဘောထားမှာ တောင်တန်းဒေသ စုံစမ်းရေးကော်မရှင်၏ တိုင်းပြုပြည်ပြုလွှတ်တော်သို့ တင်သွင်းသော အစီရင်ခံစာတွင် တောင်တန်းဒေသသားများ၏ သဘောထားအဖြစ်လည်း အတိအကျပါဝင်ခဲ့သည်။ ထို့ကြောင့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အခန်း(၁၀) ခွဲထွက်နိုင်သော အခွင့်အရေးဟူသည့်အခန်း ပုဒ်မ ၂၀၂ တွင် ဤအခြေခံဥပဒေ အာဏာတည်သည့်နေ့မှ (၁၀)နှစ်အတွင်း ခွဲထွက်နိုင်သောအခွင့်အရေးကို အသုံးမပြုရဟု တားမြစ်ထားပြီး (၁၀)နှစ်ကျော်၍ ခွဲထွက်လိုပါကလည်း ခွဲထွက်နိုင်သည့် နည်းလမ်းများကို ဆက်လက်ရေးဆွဲပြဋ္ဌာန်းထားခဲ့သည်။

ထိုသို့ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ခွဲထွက်နိုင်သည့်အခွင့်အရေးများကို တရားဝင်ရေးဆွဲပြဋ္ဌာန်းထားသော်လည်း ပင်လုံညီလာခံနှင့် ပင်လုံစာချုပ်၏ အခြေခံသဘောတရားမှာ တောင်တန်းနှင့် ပြည်မ ပူးပေါင်းရေးဖြစ်သည်။ တောင်တန်းနှင့် ပြည်မ ပူးပေါင်းကာ လွတ်လပ်ရေးကို အတူတကွယူမည်၊ ထို့နောက် အောင်မြင်သော ပြည်ထောင်စုကို ပူးပေါင်းတည်ဆောက်မည်ဟူသော ကတိကဝတ်ကို ချမှတ်ခဲ့ကြခြင်းဖြစ်သည်။ ဤသည်ပင်လျှင် ပင်လုံစိတ်ဓာတ်ဖြစ်သည်။

မကြာမီ စတင်ကျင်းပတော့မည့် (၂၁)ရာစု ပင်လုံညီလာခံတွင် ပြောင်းလဲတိုးတက်လာသည့် ခေတ်အခြေအနေများအရ ယခင် ၁၉၄၇ ခုနှစ်က ခေါင်းဆောင်များ ထားရှိခဲ့ကြသည့် ပင်လုံစိတ်ဓာတ်အပေါ်အရင်းခံကာ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးလိုအပ်ချက်များကို ဆက်လက်နည်းလမ်းရှာဖွေနိုင်ရန်အရေးကြီးလှသည်။ ၁၉၄၇ ခုနှစ် ပင်လုံညီလာခံမတိုင်မီက တောင်တန်းဒေသအပေါ်တွင် ခွဲထွက်ရေး တိမ်တိုက်ထုကြီး လွှမ်းမိုးခဲ့သော်လည်း ပင်လုံညီလာခံတွင် တက်ရောက်လာသည့် ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားတည်ကြည်မှု၊ တောင်တန်းဒေသအပေါ် ထားရှိသည့် စေတနာတို့ကို တွေ့မြင်ပြီး ၎င်းတိမ်တိုက်ထုကြီးမှာ ကွယ်ပျောက်လွင့်စဉ်ခဲ့ရသည်။ ယခုတစ်ကြိမ်တွင်လည်း ငြိမ်းချမ်းတည်ငြိမ်ပြီး တိုးတက်ဖွံ့ဖြိုးသည့် ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရန် အခက်အခဲ အတားအဆီးများကိုကျော်လွှားကာ ပင်လုံစိတ်ဓာတ်အရင်းခံ၍ စုပေါင်းတည်ဆောက်မှသာ အောင်မြင်နိုင်မည်ဖြစ်သည်။

**မှီငြမ်း ကိုးကား**


- အောင်ဆန်း - အက်တလီစာချုပ်
- ပင်လုံစာချုပ်
- ဦးအုန်းဖေ (ရှမ်းပြည် ဦးစီးအဖွဲ့ဝင်ဟောင်း) ၏ "ပင်လုံစစ်တမ်း"
- ဦးဖေခင်၏ "ကိုယ်တွေ့ပင်လုံ"
- ဦးရွှေအုန်း၏ "ကိုယ်တိုင်ရေး ကိုယ်ရေး အတ္ထုပ္ပတ္တိ"
- ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ


# ချင်းတွင်းမြစ်ရေ ရုတ်တရက်အရောင်ပြောင်းခြင်းသည် နန့်စကားချောင်းအတွင်း မိုးများ၍ တောင်ပြိုခြင်းကြောင့်ဟု သိရ

**ခန္တီး ဩဂုတ် ၂၉**

ခန္တီးမြို့၌ ဩဂုတ်၂၂ ရက်က ချင်းတွင်းမြစ်ရေ အနက်ရောင်ပြောင်းလဲသွားမှုကို ဒေသခံများ စိုးရိမ်နေသလို ဩဂုတ် ၂၄ ရက်တွင် ဟုမ္မလင်းဒေသခံများ မြင်တွေ့စိုးရိမ်မှုများရှိခဲ့သည်။ ပြီးခဲ့သည့်ရက်ပိုင်းက မိုးရွာသွန်းမှု ယခင်ကထက်များခဲ့သောကြောင့် ခန္တီးမြို့အထက်ပိုင်း လဟယ်အစပ်တွင်ရှိသောနန့်စကားချောင်းတစ်လျှောက် တောင်များပြို၍ မြေအနက်ရောင်များ ရေနှင့်အတူ ချင်းတွင်းမြစ်ထဲ စီးဆင်းလာသည့်အတွက် မြစ်ရေမည်းနက်နေခြင်းဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ကိုယ်ရေးအရာရှိ ဦးဇင်မောင်ထံမှ သိရသည်။

"ခန္တီးအထက်ပိုင်းက နန့်စကားချောင်းဘေးက တောင်ပြိုပြီး မြစ်ရေမည်းတာပါ။ မိုးကလည်း အခါတိုင်းထက်ပိုများတော့ တောင်ပြိုပြီး မြေမည်းတွေ မြစ်ထဲစီးလာတာ ဖြစ်ပါတယ်။ နန့်စကားချောင်းဆိုတာ လဟယ်အစပ်မှာရှိတဲ့ ချောင်းဖြစ်ပြီး တောင်စဉ်တောင်တန်းတွေကြားက ချောင်းပါ။ ခန္တီးမှာ ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက မြစ်ရေတွေ မည်းနက်နေတာ မုန်ပေမယ့် ညနေပိုင်းမှာ ပုံမှန်မြစ်ရေအရောင်ကိုရောက်နေပြီဖြစ်ပြီး ဆက်စီးမှာဖြစ်လို့ အောက်ပိုင်း ဟုမ္မလင်းမှာ ဩဂုတ် ၂၄ ရက်က မြစ်ရေမည်းတာဆိုပြီး ဖြစ်နေတာပါ" ဟု ဦးဇင်မောင်က ပြောသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၌ အနက်ရောင်သို့ ရုတ်တရက်ပြောင်းလဲသွားသည့်အပေါ် ဒေသခံအများစုက စိုးရိမ်မှုများရှိခဲ့ပြီး မြစ်ရေကို သောက်သုံးရန်မသင့်ကြောင်း သတ်မှတ်ပြောဆိုခဲ့မှုများရှိခဲ့ကြောင်း ခန္တီးဒေသခံနှင့် ဆက်သွယ်ပြောဆိုချက်အရ သိရသည်။ မြစ်ရေရုတ်တရက် အနက်ရောင်ပြောင်းလဲမှုကို ဒေသခံများအနေဖြင့် စိုးရိမ်မှုနှင့်အတူ သောက်သုံးရေအဖြစ် မြစ်ရေအမြဲသုံးရာမှ အရောင်ပြောင်းလဲပြီးနောက် မသောက်သုံးကြတော့ဘဲ ကုန်းမြေပေါ်ရှိ နီးစပ်ရာရေကို စုပေါင်း



သုံးစွဲနေကြကြောင်း သိရသည်။

"ဩဂုတ် ၂၂ ရက် နံနက်ပိုင်းကတည်းက ခန္တီးမြို့မျက်နှာစာ မြစ်ကြောင်းထဲမှာ အနက်ရောင်ကို ရုတ်တရက်ပြောင်းလဲသွားတဲ့အတွက် စိုးရိမ်တာမျိုးတော့ ဖြစ်ခဲ့ပါတယ်။ ရေကို နမ်းကြည့်တော့ အနံ့မရသလို ရေနေတိရစ္ဆာန် သေတာတွေတော့ မတွေ့ပါဘူး။ ခန္တီးဒေသခံတွေက မြစ်ရေကိုပဲ သောက်သုံးကြတာပါ။ အခု ဘယ်သူမှ မသောက်ရဲကြတော့သလို ချိုးလဲမချိုးရဲကြတော့ နီးစပ်ရာရေကိုပဲ စုပေါင်းသုံးနေကြတာ တွေ့ရပါတယ်" ဟု ခန္တီးဒေသခံ ကိုကျူက ပြောသည်။

ချင်းတွင်းမြစ်ရေ ရုတ်တရက်အနက်ရောင်သို့ ပြောင်းလဲသွားခြင်းအပေါ် လွန်ခဲ့သည့် ၂၀၀၉ ခုနှစ်ကလည်း မြေပြိုမှုကြောင့် အရောင်ပြောင်းခဲ့သလို ယခု ရေအရောင်ပြောင်းခြင်းသည်လည်း ကနဦးသတင်းသိထားရသည်မှာ နန့်စကားချောင်းအတွင်း မိုးများ၍ တောင်ပြိုခြင်းကြောင့်ဖြစ်သည်ဟု သိရပြီး လက်ရှိတွင် ဟုမ္မလင်းမြို့ ရေအရင်းအမြစ်နှင့် ဖွံ့ဖြိုးရေးဌာန တာဝန်ရှိသူများအနေဖြင့် အရောင်ပြောင်းသွားသော မြစ်ရေကို ဓာတ်ခွဲစမ်းသပ်ရန် ရန်ကုန်မြို့သို့ ပို့၍ ဓာတ်ခွဲစစ်ဆေးမှုဆောင်ရွက်နေရာ စမ်းသပ်ရက် ၁၀ ရက်ခန့်တွင် အဖြေရနိုင်မည်ဖြစ်ကြောင်း ယခင်တိုင်းဒေသကြီး ရေအရင်းအမြစ်ဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး(ယခုနေပြည်တော်)က သုံးသပ်ပြောပြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မြန်မာနိုင်ငံ ကင်းထောက်လူငယ်များက (၂၁)ရာစုပင်လုံအား ကြိုဆိုထောက်ခံပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၉**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံအား မြန်မာနိုင်ငံ ကင်းထောက်လူငယ်များက ကြိုဆိုထောက်ခံပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက အလုံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ကြိုဆိုထောက်ခံပွဲသို့ မြန်မာနိုင်ငံကင်းထောက်ကော်မတီ ဥက္ကဋ္ဌ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ ဒုတိယ ကင်းထောက်ချုပ် ဦးသာစိန်၊ အမျိုးသမီး ဒုတိယကင်းထောက်ချုပ် ဒေါ်ခင်စောဥမ္မာနှင့် ကင်းထောက်ကြီးများ၊ အခြေခံပညာ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ အခြေခံပညာအထက်တန်းကျောင်းများနှင့် တက္ကသိုလ်များမှ ကင်းထောက်မောင်မယ်များ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ ကင်းထောက်ကော်မတီဥက္ကဋ္ဌ အမျိုးသား ကင်းထောက်ချုပ် ဒေါက်တာတင်ညိုက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကင်းထောက်လူငယ်များကိုယ်စား ဒဂုံတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာန စတုတ္ထနှစ်ကျောင်းသား မောင်ကောင်းမြတ်ထူး၊ လသာမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၂)မှ အခြေခံပညာအထက်တန်းကျောင်းသူ မသိမ့်အိချိုတို့က ကြိုဆိုထောက်ခံဂုဏ်ပြုစကား ပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံကင်းထောက်လူငယ်များက " ငြိမ်းချမ်းရေး၏ သံတမန်များ-Messengers of Peace" တေးသီချင်း၊ မြန်မာနိုင်ငံ အမျိုးသမီးကင်းထောက်များက "World Song" တေးသီချင်းများကို သရုပ်ဖော်သီဆိုကြပြီး " မြန်မာနိုင်ငံ ကင်းထောက်လူငယ်များက ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ ပထမအကြိမ် အစည်းအဝေးကို ကြိုဆိုထောက်ခံဂုဏ်ပြုအပ်ပါသည်" စာတန်းအား သရုပ်ဖော်ပြသသည်။

**ကိုလတ်(သတင်းစဉ်)**

# တရုတ်နိုင်ငံ၏ ပထမဆုံးသော မောင်းသူမဲ့ မြေအောက်ရထားပြေးဆွဲမှု ၂၀၁၇ ခုနှစ်တွင် စတင်မည်

**ပေကျင်း ဩဂုတ် ၂၉**

တရုတ်နိုင်ငံ၏ ပထမဆုံးသော မောင်းသူမဲ့ မြေအောက်ရထားလိုင်းဖြစ်သည့် ပေကျင်းမြို့ အနောက်တောင်ဘက်ရှိ ရန်ဖန်မြေအောက်ရထားလိုင်းမှာ ၂၀၁၇ ခုနှစ်အကုန်တွင် ပြေးဆွဲမှုများ စတင်မည်ဟုမျှော်မှန်းရကြောင်း ပြည်သူ့နေ့စဉ်သတင်းစာက ယနေ့ရေးသားဖော်ပြသည်။

ပြည်တွင်းနည်းပညာသာ အသုံးပြုမည့် မောင်းသူမဲ့မြေအောက်ရထားလိုင်း၏ ရထားထွက်ခွာချိန်များ၊ တံခါးအဖွင့်အပိတ်နှင့် ရထားသန့်ရှင်းရေးမှာ အလိုအလျောက်စနစ်ဖြစ်သည်ဟု အဆိုပါသတင်းကဆိုသည်။

တရုတ်နိုင်ငံက ၂၀၁၀ ပြည့်နှစ်တွင် မောင်းသူမဲ့ မြေအောက်ရထားစနစ်တီထွင်မှုကို စတင်ခဲ့ကြောင်းသိရသည်။ ပေကျင်းမြို့ရှိ မြေအောက်ရထားလိုင်းများဖြစ်သော အမှတ် ၃၊ ၁၂၊ ၁၇၊ ၁၉ နှင့် လေဆိပ်သို့ပြေးဆွဲသော မြေအောက်ရထားလိုင်းသစ်များ၌ မောင်းသူမဲ့ အလိုအလျောက်စနစ်များ အသုံးပြုသွားမည်ဖြစ်သည်။

ပေကျင်းမြို့ရှိ မြေအောက်ရထားလိုင်းများ၏ စုစုပေါင်းလမ်းအရှည်မှာ ၂၀၂၀ ပြည့်နှစ်မတိုင်မီ ကီလိုမီတာ ၁၀၀၀ ထိ ရောက်ရှိမည်ဖြစ်ပြီး ပြည်တွင်းနည်းပညာများ တီထွင်မှုနှင့် အသုံးပြုမှုမှာ တရုတ်ရထားလုပ်ငန်းကို အဆင့်မြှင့်တင်ရန်ရည်ရွယ်သော Made in China ကနဦးဆောင်ရွက်ချက်၏ တစ်စိတ်တစ်ဒေသဖြစ်သည်။

ယခုလုပ်ဆောင်မှုက ကမ္ဘာ့ရထားပို့ဆောင်ရေးလုပ်ငန်း၌ တရုတ်နိုင်ငံ၏ ပို့ဆောင်ရေးစနစ်ကို အားကောင်းလာစေမည်ဖြစ်ပြီး တိုင်းပြည်၏အရေးပါသော အခြေခံအဆောက်အအုံများ၏ လုံခြုံရေးအတွက် အထောက်အကူဖြစ်စေမည်ဖြစ်သည်။

(ဆင်ဟွာ)

# ၅၂ နှစ် ကြာမြင့်ပြီးသည့်နောက် ကိုလံဘီယာ၌ အပစ်အခတ်ရပ်စဲရေး သက်ဝင်ထိရောက်မှုရှိလာ




ဟာဗားနား၌ FARC အဖွဲ့ခေါင်းဆောင် ရိုဒရီဂိုလန်ဒိုနို အပစ်အခတ်ရပ်စဲမှုစတင်ကြောင်း ကြေညာနေစဉ်

**ဟာဗားနား ဩဂုတ် ၂၉**

ကိုလံဘီယာ၌ အစိုးရအဖွဲ့နှင့် လက်ဝဲသမားများဖြစ်သည့် အဓိကအတိုက်အခံအုပ်စုများအကြား ကမ္ဘာ့အရှည်ကြာဆုံးသော ပုန်ကန်ထကြွမှုကြီးတစ်ခု အဆုံးသတ်တော့မည့် အပစ်အခတ်ရပ်စဲရေးစာချုပ်သည် အကျိုးသက်ရောက်မှု ရှိလာခဲ့ပြီဖြစ်သည်။

ကျူးဘား၌ (FARC)သူပုန်များနှင့်အစိုးရအဖွဲ့ကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြုလုပ်ခဲ့ပြီး လေးနှစ်အကြာတွင် ကိုလံဘီယာ၏ အပစ်အခတ်ရပ်စဲရေးစာချုပ်ကို တနင်္လာနေ့ည သန်းခေါင်ယံအချိန်တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြစ်သည်။

၅၂ နှစ်ကြာဖြစ်ပွားခဲ့သည့် ပြည်တွင်းစစ်ပွဲများ ရပ်စဲခြင်း၏ အပြီးသတ်အဆင့် သဘောတူစာချုပ်ကို လာမည့်လတွင် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း သိရသည်။ (FARC) အဖွဲ့ခေါင်းဆောင် ရိုဒရီဂိုလန်ဒိုနိုက တိုက်ခိုက်ပစ်ခတ်မှုများ ရပ်စဲရန်အမိန့်ပေးအပ်ခဲ့သည်။ ဘယ်မိဘမှ ၎င်းတို့သားသမီးများ စစ်ပွဲအတွင်းမှာသေဆုံးပြီး မြှုပ်နှံရတာမျိုးကို နောက်ထပ်ကြုံရတော့မှာ မဟုတ်ကြောင်း ရိုဒရီဂိုလန်ဒိုနိုက သတင်းစာဆရာများသို့ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ ငြိမ်းချမ်းရေးသဘောတူညီမှုကို ဟာဗားနား၌ ဗုဒ္ဓဟူးနေ့ကပြုလုပ်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ကြေညာခဲ့ခြင်း ဖြစ်သည်။

(ဘီဘီစီ)

# စင်ကာပူ၌ ဇီကာဗိုင်းရပ်စ်ကူးစက်ခံရသူ ၄၁ ဦး ရှိပြီဖြစ်ကြောင်း အတည်ပြု

**စင်ကာပူ ဩဂုတ် ၂၉**

စင်ကာပူနိုင်ငံတွင် ဒေသတွင်းဇီကာဗိုင်းရပ်စ် ကူးစက်ခံရသူ ၄၁ ဦး ရှိသွားပြီဖြစ်ကြောင်း သိရသည်။ ကူးစက်ခံရသူအများစုသည် နိုင်ငံခြားမှ ဆောက်လုပ်ရေးလုပ်သားများဖြစ်ကြပြီး နိုင်ငံအတွင်းရှိ တူညီသောဒေသတစ်ခုတည်း၌ အလုပ်လုပ်ကိုင်နေထိုင်သူများဖြစ်ကြကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။



လတ်တလောတွင် ဇီကာဗိုင်းရပ်စ်ကူးစက် ခံရသည့်နေရာများသို့ သွားရောက်ခဲ့သူတစ်ဦး တစ်ယောက်မျှမရှိသေးကြောင်း သိရသည်။ ကူးစက်ခံရသူ ၄၁ ဦးအနက် ၃၄ ဦးမှာ ပြန်လည်သက်သာကောင်းမွန်လာခဲ့ပြီဖြစ်သည်။ သို့သော် ခုနစ်ဦးမှာ ဆေးရုံ၌ ဆက်လက်ကုသမှုခံယူနေဆဲဖြစ်သည်။

ဇီကာဗိုင်းရပ်စ်ရောဂါမှာ မပြင်းထန်လှဟု ဆိုနိုင်သော်လည်း သန္ဓေသားမွေးဖွားမှုဆိုင်ရာ ချို့ယွင်းမှုနှင့် အကြီးအကျယ်ဆက်နွယ်လျက်ရှိသည်။ ထိုသို့ချို့ယွင်းမှု လက္ခဏာရပ်တွင် မိုက်ခရိုဆဲဖလီ (Microcephaly)ခေါ် ဦးခေါင်းသေးငယ်သည့် ကလေးမွေးဖွားခြင်းလည်း ပါဝင်သည်။ ဇီကာဗိုင်းရပ်စ်သည် ခြင်ကြောင့် ပျံ့နှံ့ဖြစ်ပွားပြီး လိင်မှတစ်ဆင့်လည်း ကူးစက်နိုင်ကြောင်း သိရသည်။

(ဘီဘီစီ)

# ဘယ်လ်ဂျီယံနိုင်ငံ အမျိုးသားရာဇဝတ်ဗေဒဆိုင်ရာ တက္ကသိုလ်၏ ဓာတ်ခွဲခန်းတွင် ပေါက်ကွဲမှုဖြစ်ပွား

**ဘရပ်ဆဲလ် ဩဂုတ် ၂၉**

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ရှိ အမျိုးသားရာဇဝတ်ဗေဒဆိုင်ရာ တက္ကသိုလ်၏ ဓာတ်ခွဲခန်းတွင် ဩဂုတ် ၂၉ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အသေအပျောက် တစ်စုံတစ်ရာမရှိကြောင်း သိရသည်။

တာဝန်ရှိသူများ၏အဆိုအရ ယခုပေါက်ကွဲမှုမှာ အုပ်စုဖွဲ့ကျူးလွန်သော ရာဇဝတ်မှုနှင့် ဆက်နွယ်နေကြောင်း ဆိုသည်။ အဆိုပါဖြစ်ရပ်နှင့်ပတ်သက်ပြီး လူငါးဦးကို ဖမ်းဆီးထားကြောင်း သိရသည်။

"ဒီဖြစ်ရပ်ဟာ မီးရှို့မှုသာဖြစ်ပါတယ်၊အုပ်စုဖွဲ့ကျူးလွန်တာဖြစ်နိုင်ပြီး အစွန်းရောက်အကြမ်းဖက်သမားတွေ ပြုလုပ်တဲ့ အထောက်အထားတွေ မတွေ့ရပါဘူး" ဟု ရဲတပ်ဖွဲ့မှတာဝန်ရှိသူ အိုင်နီဗန်က ပြောကြားသည်။

(ရိုက်တာ )

# ဆီးရီးယား၌ တူရကီတပ်မတော်၏ အပြင်းအထန်ထိုးစစ်ဆင်မှုများအတွင်း ကျေးရွာပြည်သူ ၃၅ ဦးသေဆုံး



**အန်ကာရာ ဩဂုတ် ၂၉**

တူရကီတပ်မတော်သည် ဆီးရီးယားသို့ နယ်စပ်ကျော်ဖြတ်သည့် စစ်ဆင်ရေးကို ဆင်နွှဲခဲ့သည်မှာ ငါးရက်မြောက်ရှိပြီဖြစ်သည်။ တနင်္ဂနွေနေ့က တူရကီတပ်ဖွဲ့ဝင်များနှင့် ၎င်း၏မဟာမိတ်များသည် ကာဒ့်တိုက်ခိုက်ရေးအင်အားစုများ ထိန်းချုပ်ထားသည့်နယ်မြေများကို ကျူးကျော်တိုက်ခိုက်ခဲ့ရာ ကျေးရွာပြည်သူ ၃၅ ဦးထက်မနည်း သေဆုံးခဲ့ရသည်ဟု စစ်ရေးထိန်းချုပ်မှုအဖွဲ့က ပြောကြားခဲ့သည်။

ဝိုင်ပီဂျီစစ်သွေးကြွအဖွဲ့က ထိန်းချုပ်ထားသည့် ဆီးရီးယားမြောက်ပိုင်းရှိ နယ်မြေများကိုလည်း တူရကီစစ်လေယာဉ်များက လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည်ဟု လုံခြုံရေးအင်အားစုများက ဆိုသည်။ ကျေးရွာနှစ်ခုအနီးဝန်းကျင်၌ ညလုံးပေါက်တိုက်ပွဲများ ဖြစ်ပွားခဲ့သည်ဟု ဆီးရီးယားရှိ လူ့အခွင့်အရေးလေ့လာစောင့်ကြည့်မှုအဖွဲ့က ပြောကြားသည်။

အဆိုပါလေကြောင်းတိုက်ခိုက်မှုများအတွင်း ကာဒ့်စစ်သွေးကြွ ၂၅ ဦး သေဆုံးခဲ့ကြောင်း တူရကီက ပြောဆိုခဲ့သော်လည်း အရပ်သားများ သေကျေပျက်စီးမှုရှိသည်ဆိုခြင်းမှာ မဟုတ်ကြောင်း တူရကီက ငြင်းဆန်ထားသည်။

ဝိုင်ပီဂျီဘက်မှ မှတ်ချက်ချပြောဆိုမှုများ မရှိသေးသော်လည်း ၎င်းနှင့်မဟာမိတ်ပြုထားသည့် အင်အားစုများက တူရကီတပ်ဖွဲ့ဝင်များ၏ ကျူးကျော်တိုက်ခိုက်မှုကြောင့် ဆုတ်ခွာထွက်ပြေးခဲ့ရကြောင်း ပြောဆိုခဲ့သည်။

(ရိုက်တာ)

# ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်များ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၉**
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စုပေါင်းခန်းမ၌ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်များ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ(၂/၂၀၁၆) ကို ဩဂုတ် ၂၅ ရက်နှင့် ၂၆ ရက်တို့၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်က အမှာစကားပြောကြားရာ ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်း၊ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်မှုစစ်ဆေးခြင်း၊ လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်းတို့၏ အဓိပ္ပာယ်သက်ရောက်မှုနှင့် လုပ်ငန်းရပ်များကို အလေးအနက်စဉ်းစားဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ နိုင်ငံတကာစာရင်းစစ်ချုပ်ရုံးများ၏ စံနှင့်အညီ ခြိုးခြံချွေတာမှု၊ လုပ်ငန်းစွမ်းဆောင်ရည်ပြည့်ဝမှုနှင့် လုပ်ငန်းထိရောက် အောင်မြင်မှုစစ်ဆေးခြင်းတို့၏ သဘောသဘာဝနှင့် အဓိပ္ပာယ်သက်ရောက်မှုကို မိမိတို့၏ ဝန်ထမ်းများနှင့် စစ်ဆေးရမည့်အဖွဲ့အစည်းများအား ရှင်းပြပေးရန်လိုကြောင်း၊ စစ်ဆေးရေးလုပ်ငန်းဆောင်ရွက်ရာတွင် စူးစမ်းလေ့လာစိတ်ဖြင့် ဆောင်ရွက်ရန်၊ ရှိသင့်သည့် Professional Scepticism အတတ်ပညာပိုင်းဆိုင်ရာ သတိသမ္ပဇဉ်ထားရှိဆောင်ရွက်ရန်၊ စိတ်ကိုဖွင့်ပြီး ထားရှိ၍ ဆောင်ရွက်ရန်၊ စစ်ဆေးရေးလုပ်ငန်းတွင် အမှားအမှန်ဆုံးဖြတ်ရမှုရှိ၍ ဝေဖန်ပိုင်းခြားနိုင်စွမ်း၊ ဆင်ခြင်တုံတရားရှိရန်လိုကြောင်း၊ သမာဓိ၊ ဂုဏ်သိက္ခာရှိရန်လိုကြောင်း၊ စစ်ဆေးရေးလုပ်ငန်းများ Follow up အပိုင်းကို ကျနစွာဆောင်ရွက်ရန်နှင့် ရေဆုံးရေဖျား အပြီးသတ်ဆောင်ရွက်ရန် ရှင်းလင်းပြောကြားသည်။

ဒေသများတွင် တွေ့ကြုံရသည့်အခက်အခဲများ၊ ဒေသတစ်ခုချင်း မိမိတို့၏ လုပ်နည်းကိုင်နည်းများနှင့် မည်သို့ကိုင်တွယ်ဖြေရှင်းကြသည်၊ မည်သို့ဖြေရှင်းကြမည်ကို ဤအစည်းအဝေးတွင် ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးစေချင်ကြောင်း၊ ဝန်ထမ်းများ၏ အရည်အသွေးအဆင့်မြင့်မားလာစေရန်အတွက် ပြည်တွင်းပြည်ပသင်တန်းများကို စေလွှတ်ပေးရန်လိုကြောင်းနှင့် မိမိဝန်ထမ်းများကိုလည်း အသိအတတ်ပညာ၊ အတွေ့အကြုံနှင့် ဗဟုသုတများကို လက်ဆင့်ကမ်းဖြန့်ဝေစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်က ၎င်း၏ ခရီးစဉ်များအတွင်း မှာကြားခဲ့သည်များကို ပြန်လည်တင်ပြရာ၌ မိမိတာဝန်ကို ရဲရဲဝံ့ဝံ့ဆောင်ရွက်ရန်၊ Sense of Ownership ဖြင့် လုပ်ကိုင်ဆောင်ရွက်ကြရန်၊ ပြည်တွင်းပြည်ပ သင်တန်းဆွေးနွေးပွဲများတွင် ပါဝင်တက်ရောက်ရန်နှင့် တရားဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း ပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။
**(သတင်းစဉ်)**

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် ဩဂုတ် ၂၉** - ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

ယနေ့ နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ်၊ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့်၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။
(မိုး/ဇလ)

# မြန်မာ့စီးပွားရေးဘဏ် ဘဏ်စရိတ်နှုန်းထားများ ပြောင်းလဲသတ်မှတ်

**နေပြည်တော် ဩဂုတ် ၂၉**
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်များတွင် နိုင်ငံတော်ဘဏ်များမှ ကောက်ခံလျက်ရှိသော အောက်ဖော်ပြပါ ဘဏ်စရိတ်နှုန်းထားများအား (၁-၉-၂၀၁၆) ရက်နေ့မှ စ၍ ပြောင်းလဲကောက်ခံမည် ဖြစ်သည်။

**(၁-၉-၂၀၁၆) ရက်နေ့မှစ၍ နိုင်ငံခြားဘဏ်လုပ်ငန်းများတွင် ပြောင်းလဲကောက်ခံမည့် နှုန်းထားများ**

| စဉ် | အကြောင်းအရာ | လက်ရှိကောက်ခံနေသည့် နှုန်းထား | ပြောင်းလဲကောက်ခံမည့် နှုန်းထား |
|---|---|---|---|
| ၁။ (က) | **ပို့ကုန်လုပ်ငန်း** ဘီလ်လက်ခံဆောင်ရွက်ခြင်း (Bill Handling Commission) | ဘီလ်တန်ဖိုး၏ ¼ % (သို့) ညီမျှသောကျပ် -Min : USD 50 (သို့) ညီမျှသောကျပ် | Max : ဘီလ်တန်ဖိုး၏ ¼ % (သို့) ညီမျှသောကျပ် -Min : USD 50 (သို့) ညီမျှသောကျပ် |
| ၂။ (က) | **သွင်းကုန်လုပ်ငန်း** သွင်းကုန်ငွေလွှဲစာတမ်း ဖွင့်လှစ်ခြင်း (L.C Opening Commission) | ငွေလွှဲစာတမ်းတန်ဖိုး၏ ¼% per (3) months or part there of (သို့) ညီမျှသောကျပ် Min : USD 50 (သို့) ညီမျှသောကျပ် | ငွေလွှဲစာတမ်းတန်ဖိုး၏ ¼ % per (3) months or part there of (သို့) ညီမျှသောကျပ် Max:USD 1500 (သို့) ညီမျှသောကျပ် Min:USD 50 (သို့) ညီမျှသောကျပ် |
| (ခ) | ဘီလ်လက်ခံဆောင်ရွက်ခြင်း (Bill Handling Commission) ဤဘဏ်မှဖွင့်လှစ်သော ငွေလွှဲစာတမ်းအရပေးပို့သော ဘီလ် Trade Financing L/C အရပေးပို့သော ဘီလ် | ဘီလ်တန်ဖိုး၏ 1/8 % (သို့) ညီမျှသောကျပ် -Min : USD 50 (သို့) ညီမျှသောကျပ် | -Max : USD 75 (သို့) ညီမျှသောကျပ် As per Financing Agreement |
| (ဂ) | ကောက်ခံရေးစနစ်အရ ပေးပို့သောဘီလ် (Bill Under Collection) | ဘီလ်တန်ဖိုး၏ 1/2 % (သို့) ညီမျှသောကျပ် -Min : USD 50 (သို့) ညီမျှသောကျပ် | Max : ဘီလ်တန်ဖိုး၏ 1/2 % (သို့) ညီမျှသောကျပ် -Min : USD 50 (သို့) ညီမျှသောကျပ် |
| ၃။ (က) | **ဘဏ်အာမခံလုပ်ငန်း** ဘဏ်အာမခံလျော်ကြေး တောင်းခံခြင်း (Claim Under Guarantee) | | USD 25 (သို့) ညီမျှသောကျပ် |
| ၄။ (က) | **စာရင်းဌာနလုပ်ငန်း** SWIFT 103 Payment များအတွက် ကောက်ခံခြင်း (နိုင်ငံခြားဘဏ်ခွဲအတွက်) | | USD 50 per transaction |


**မှတ်ချက်။ ။ အခြားဘဏ်စရိတ်နှုန်းထားများ ပြောင်းလဲမှုမရှိပါ။**

# ဆေးလိပ်ထုပ်တွင် သတိပေးရုပ်ပုံနှင့်စာသားများ ပုံနှိပ်ဖော်ပြခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာနှင့်ပတ်သက်၍ အများပြည်သူသိရှိစေရန် သတိပေးနှိုးဆော်ချက်

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ဆေးလိပ်နှင့်ဆေးရွက်ကြီး သောက်သုံးခြင်းကြောင့် ရရှိမည့် ကျန်းမာရေးပြဿနာများကို ပြည်သူလူထု ပိုမိုသိရှိစေရန် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် စတင်၍ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်သူသည် ဆေးလိပ်ထုပ်ပေါ်တွင် သတိပေးရုပ်ပုံနှင့်စာသားကို ရှေ့မျက်နှာပြင်နှင့် နောက်မျက်နှာပြင်၏ အပေါ်ပိုင်း ၇၅ % ထက် မနည်းစေဘဲ ပုံနှိပ်ဖော်ပြရမည်။ ထို ၇၅ % အနက် ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှု၏ ဆိုးကျိုးများ သတိပေးရုပ်ပုံကို ၅၀ % နှင့် သတိပေးစာတန်းကို ၂၅ % ဖော်ပြရသည့် အမိန့်ကြော်ငြာစာကို ထုတ်ပြန်ထားပါသည်။

ဆေးလိပ်ထုပ်ဆိုသည်မှာ ဆေးလိပ်ကိုဖြစ်စေ၊ ဆေးရွက်ကြီးထွက်ပစ္စည်းကိုဖြစ်စေ စုစည်း၍ထည့်သွင်းထားသော သို့မဟုတ် ထုပ်ပိုးထားသော ဘူး၊ ပုလင်း၊ ကတ်ပြား သို့မဟုတ် အလားတူ အခြားပစ္စည်းတစ်မျိုးမျိုးကို ဆိုသည်။

ဤအမိန့်ကြော်ငြာစာတွင် သတ်မှတ်ထားသည့်အတိုင်း သတိပေးရုပ်ပုံနှင့် စာသားများပုံနှိပ်ဖော်ပြထားခြင်းမရှိသော ဆေးလိပ်ထုပ်များကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းပြုလုပ်သူ သို့မဟုတ် ဆေးလိပ်ထုပ်ပိုးရာတွင် လိုက်နာရမည့်အချက်များကို ဖောက်ဖျက်သူ မည်သူမဆို ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(က)အရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။ **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**




# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၉

**မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၃၄ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။**

**သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ**

| စဉ် | ဆည်အမည် | နေရာ/ဒေသ | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု(ပေ) |
|---|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ကရင်- လှိုင်းဘွဲ့မြို့ | ၂၈၄၇၄ | ၀.၅၀' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ချင်း- ဖလမ်းမြို့ | ၁၉၅၄ | ၀.၃၀' |
| ၃။ | ပေကြီးရေလှောင်တမံ | စစ်ကိုင်း-ကန့်ဘလူမြို့ | ၈၁၀၀ | ၁.၈၀' |
| ၄။ | မဟာနန္ဒာကန် | စစ်ကိုင်း-ရွှေဘိုမြို့ | ၁၀၉၅ | ၁.၁၀' |
| ၅။ | မြောက်ယမားရေလှောင်တမံ | စစ်ကိုင်း-ယင်းမာပင်မြို့ | ၁၄၀၅၇ | ၂.၃၀' |
| ၆။ | မြောက်ယမားရေကူရေလှောင်တမံ | စစ်ကိုင်း-ပုလဲမြို့ | ၁၂၂၉၀၀ | ၂.၀၀' |
| ၇။ | ရာဇဂြိုဟ်ရေလှောင်တမံ | စစ်ကိုင်း- ကလေးမြို့ | ၅၂၀၀၀ | ၁.၆၀' |
| ၈။ | ဆွာချောင်းရေလှောင်တမံ | ပဲခူး-တောင်ငူ | ၂၁၆၃၅၀ | ၀.၂၀' |
| ၉။ | ပသိရေလှောင်တမံ | ပဲခူး- တောင်ငူ | ၃၀၅၀၀ | ၀.၅၀' |
| ၁၀။ | မင်းရဲရေလှောင်တမံ | ပဲခူး-အုတ်တွင်းမြို့ | ၂၃၅၀ | ၀.၃၀' |
| ၁၁။ | ဘောနီရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၃၅၂၀၀ | ၀.၁၀' |
| ၁၂။ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၁၁၁၃၀ | ၀.၂၀' |
| ၁၃။ | မဇင်းရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၂၆၁၈၆ | ၀.၅၀' |
| ၁၄။ | ဇလက်ထော်ရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၁၈၉၁၂ | ၀.၅၀' |
| ၁၅။ | တောင်နဝင်းရေထိန်းတမံ | ပဲခူး- ပေါက်ခေါင်းမြို့ | ၂၁၁၉၆ | ၁.၁၅' |
| ၁၆။ | ဝဲကြီးရေလှောင်တမံ | ပဲခူး- ပေါင်းတည်မြို့ | ၂၅၂၀၀၀ | ၀.၂၀' |
| ၁၇။ | တောင်ညိုရေလှောင်တမံ | ပဲခူး- ပေါင်းတည်မြို့ | ၂၀၀၀၀ | ၀.၁၀' |
| ၁၈။ | သဲကောရေလှောင်တမံ | ပဲခူး- လက်ပံတန်းမြို့ | ၅၂၅၀၀ | ၀.၄၅' |
| ၁၉။ | ဆဒ္ဒန်ရေလှောင်တမံ | မကွေး-မြို့သစ်မြို့ | ၂၅၀၀၀ | ၁.၆၀' |
| ၂၀။ | ငမင်ရေလှောင်တမံ | မကွေး-တောင်တွင်းကြီးမြို့ | ၇၇၅၀ | ၁.၀၀' |
| ၂၁။ | စလင်းရေလှောင်တမံ | မကွေး-စလင်းမြို့ | ၁၃၃၀၀၀ | ၀.၉၀' |
| ၂၂။ | မုန်းချောင်းရေလှောင်တမံ | မကွေး- စေတုတ္တရာမြို့ | ၆၇၄၄၀၇ | ၃.၉၀' |
| ၂၃။ | မန်းချောင်းရေလှောင်တမံ | မကွေး- ငဖဲမြို့ | ၁၂၀၀၀၀ | ၀.၆၀' |
| ၂၄။ | ကြီးအုံကြီးဝရေလှောင်တမံ | မကွေး- ပွင့်ဖြူမြို့ | ၃၁၉၇၀၀ | ၄.၆၀' |
| ၂၅။ | မြစ်သာရေလှောင်တမံ | မကွေး- ဂန့်ဂေါမြို့ | ၃၇၇၆၀၀ | ၁.၁၀' |
| ၂၆။ | မဒေးရေလှောင်တမံ | မကွေး-ကံမမြို့ | ၅၃၉၀၈ | ၀.၂၀' |
| ၂၇။ | မာလဲနတ်တောင်ရေလှောင်တမံ | မန္တလေး-စဥ့်ကူးမြို့ | ၅၀၉၇၀ | ၁.၆၀' |
| ၂၈။ | တံခွန်တိုင်ကန် | မန္တလေး-ဝမ်းတွင်းမြို့ | ၂၄၂၃ | ၀.၁၀' |
| ၂၉။ | ညောင်ကုန်းရေလှောင်တမံ | မန္တလေး-မိတ္ထီလာမြို့ | ၂၉၂၃ | ၀.၂၀' |
| ၃၀။ | ကျိုးနီကန် | မန္တလေး-ရမည်းသင်းမြို့ | ၈၀၆၆ | ၀.၃၀' |
| ၃၁။ | ရှောက်ချောင်းရေလှောင်တမံ | ရခိုင်-ကျောက်တော်မြို့ | ၁၁၄၀ | ၀.၂၀' |
| ၃၂။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ရန်ကုန်-သန်လျင်မြို့ | ၁၇၃၅ | ၀.၃၅' |
| ၃၃။ | ဇာမဏီအင်းရေလှောင်တမံ | ရန်ကုန်-သန်လျင်မြို့ | ၅၃၆၄ | ၀.၁၀' |
| ၃၄။ | မုံးရင်ရေလှောင်တမံ | ရှမ်းမြောက်- နမ္မတူမြို့ | ၂၅၉၀၀ | ၀.၈၀' |

(သတင်းစဉ်)

# ကွမ်းစားသုံးမှုလျှော့နည်းပပျောက်ရေး အသိပညာပေး

**ရန်ကုန် ဩဂုတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ကွမ်းစားသုံးခြင်းနှင့် စည်းကမ်းမဲ့ကွမ်းတံတွေးထွေးမှုများ ကျဆင်းပပျောက်ရေးကော်မတီနှင့် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကွမ်းစားသုံးမှုလျှော့နည်း ပပျောက်ရေး၊ ပြည်သူများအား ကွမ်းစားခြင်းကြောင့် ဖြစ်ပွားနိုင်သောရောဂါများနှင့် ကွမ်းစားခြင်း၏ ဆိုးကျိုးများအကြောင်း ကျန်းမာရေး အသိပညာပေးဟောပြောဆွေးနွေးပွဲကို ဩဂုတ်လတတိယပတ်က တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါ်ရင်မြက အသင်း၏ ဆောင်ရွက်လျက်ရှိသော ကျန်းမာရေးအသိပညာမျှဝေခြင်းလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ကွမ်းစားသုံးခြင်းနှင့် စည်းကမ်းမဲ့ကွမ်းတံတွေးထွေးမှုများ ကျဆင်းပပျောက်ရေး၊ ကွမ်းစားသုံးမှုအလေ့အထများနှင့် ကွမ်းစားသုံးခြင်းကြောင့် ဖြစ်ပွားတတ်သောရောဂါများ၊ ရရှိနိုင်သော ဆိုးကျိုးများနှင့် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ဆုံးရှုံးနိုင်မှုအခြေအနေတို့ကို အသိပညာပေးဟောပြောဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသူများက ကွမ်းစားသုံးမှုကြောင့် နောက်ဆက်တွဲ ဆိုးကျိုးများနှင့်ပတ်သက်၍ မေးမြန်းကြရာ ဟောပြောဆွေးနွေးသူများက ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)



ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံစက်ဘီးစီးအဖွဲ့ချုပ်နှင့် မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနတို့ကြီးမှူး၍ လစဉ်နောက်ဆုံးပတ် တနင်္ဂနွေနေ့တိုင်း ကျင်းပလျက်ရှိသော တတိယအကြိမ်လူထုစုပေါင်း စက်ဘီးစီးနင်းပွဲကို ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက မန္တလေးမြို့ ကျုံးတောင်ဘက် ၂၆ လမ်းနှင့် ၇၃ လမ်းဆုံ မင်္ဂလာတံတားထိပ်စုရပ်နေရာ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်က စက်ဘီးစီးအားကစားဝါသနာရှင်ပြည်သူများ၊ စက်ဘီးစီးအသင်းအဖွဲ့ဝင်များနှင့်အတူ စုပေါင်းစက်ဘီးစီးနင်းပွဲကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြစဉ်။
တင်မောင်(မန်းကိုယ်ပွား)

# မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ရေဘေးကယ်ဆယ်ရေး ထောက်ပံ့ပစ္စည်းများပေးအပ်



**မြန်အောင် ဩဂုတ် ၂၉**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ပေးပို့လှူဒါန်းသော ရေဘေးကယ်ဆယ်ရေး ထောက်ပံ့ပစ္စည်းများကို မြန်အောင်မြို့နယ် ကြက်ခြေနီအသင်းခွဲက ဩဂုတ်လနောက်ဆုံးပတ်က ရေဘေးသင့် အိမ်ထောင်စုဝင်များ ပြန်လည် ထူထောင်ရေးအတွက် ဆက်လက်ပေးအပ် လှူဒါန်းလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ပေးပို့လှူဒါန်းသော ရေဘေးကယ်ဆယ်ရေး ထောက်ပံ့ပစ္စည်းများကို မြန်အောင်မြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်း ဒုတိယတပ်ရင်းမှူး ဦးမိုးမြင့်ခိုင်နှင့် တပ်ဖွဲ့ဝင်အရာရှိများက စောင်၊ ခြင်ထောင် ထောက်ပံ့ပစ္စည်းများကို နတ်ပီတိကျေးရွာ၊ မြစ်ကျိုးကျေးရွာနှင့် မာလကာကုန်းကျေးရွာတို့ရှိ ရေဘေးသင့် အိမ်ထောင်စု ၁၅၀ တို့၏ ပြည်သူများ လက်ဝယ်အရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းဗိုလ် (ပြန်/ဆက်)**

## စာအုပ်စာပေ လှူမိတ်ဆွေ

# အနာကြီးရောဂါ လူထုအတွင်း ကူးစက်မှုရှိနေကြောင်း လေ့လာတွေ့ရှိ

**ရန်ကုန် ဩဂုတ် ၂၉**

ကမ္ဘာ့နိုင်ငံအများအပြားတွင်သာမက မြန်မာပြည်လူထု အတွင်း ရောဂါဖြစ်ပွားပုံ ရှာဖွေရန်ခက်ခဲသော အနာကြီးရောဂါ သည် ကူးစက်ပျံ့နှံ့မှုများရှိနေကြောင်း ဩဂုတ် ၂၆ ရက်က ရန်ကုန်မြို့ ချင်းတွင်းလမ်းရှိ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း ၌ ကျင်းပသော မြန်မာနိုင်ငံအနာကြီးရောဂါအကြောင်း ပညာရှင်များနှီးနှောဖလှယ်ပွဲမှ သိရသည်။

မြန်မာနိုင်ငံ၏ အနာကြီးရောဂါဖြစ်ပွားမှုစာရင်းအရ ၂၀၁၅ ခုနှစ်တွင် အနာကြီးရောဂါ ကူးစက်အဆင့် လူနာ ၇၀ ရာခိုင်နှုန်းရှိနေပြီး ကလေးအရွယ် လူနာသစ်မှာ ငါးရာခိုင်နှုန်း ရှိကြောင်း သိရသည်။ ထို့ပြင် အနာကြီးရောဂါကြောင့် မသန်စွမ်းမှုအဆင့် (၂)ရှိသော လူနာသစ်မှာ ၁၄ ရာခိုင်နှုန်းရှိကြောင်း ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းမှ အနာကြီးရောဂါဖြစ်ပွား ကူးစက်မှုကိန်းဂဏန်းများအရ သိရသည်။ လွန်ခဲ့သော ၁၀ နှစ်ကျော်ကာလများတွင် နှစ်စဉ် အနာကြီးရောဂါလူနာသစ် ဦးရေ ၃၀၀၀ ပတ်ဝန်းကျင်ခန့်ရှိကြောင်း သိရသည်။

၁၉၇၀ ပြည့်နှစ်၏ မြန်မာနိုင်ငံစစ်တမ်းများအရ အနာကြီး ရောဂါလူနာ ဦးရေသည် ခန့်မှန်း ခုနစ်သိန်းခန့်ရှိခဲ့ပြီး ၂၀၀၃ ခုနှစ်မှ စတင်၍ လူနာဦးရေ ၅၀၀၀ အောက်သို့ လျော့ကျခဲ့ကြောင်း သိရသည်။

ကမ္ဘာ့အနာကြီးရောဂါပပျောက်ရေး စီမံချက်အရ လူဦးရေ တစ်သိန်းနှုန်းတွင် လူနာတစ်ဦးနှုန်းအထက် လျှော့ချနိုင်ခဲ့သည့်အတွက် စီမံချက်အောင်မြင်ခဲ့သည်။

ယခုအခါတွင် လူထုအကြား ကူးစက်မှုများရှိနေသေးကြောင်း ယနေ့တွင် အနာကြီးရောဂါအကြောင်း နှီးနှောဖလှယ်ပွဲ တက်ရောက်လာသော ကျန်းမာရေးပညာရှင်များ၏ လေ့လာတွေ့ရှိချက်များအရ သိရသည်။

၁၉၉၀ ပြည့်နှစ် နောက်ပိုင်းကာလများမှ ယနေ့အချိန်ထိ အနာကြီးရောဂါကို ဆေးပေါင်းစည်းနည်းဖြင့် ကုသမှုပေးခြင်းကြောင့် ရောဂါဖြစ်ပွားသူများရောဂါပျောက်ကင်းခဲ့ပြီး အနာကြီးရောဂါပပျောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း အနာကြီးရောဂါဆိုင်ရာ ကျွမ်းကျင်ပညာရှင်အဖွဲ့မှ ဒေါက်တာ ဦးကျော်လွင် (ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း)ထံမှ သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



ဒုရဲမှူးကြီး ခွန်မြတ်လင်း ဦးစီးရဲတပ်ဖွဲ့ဝင်များနှင့် အမှတ်(၂၅) လုံခြုံရေးတပ်ဖွဲ့ခွဲမှ ရဲမှူးဇော်ဇော်နေဟိန်း ဦးစီးရဲတပ်ဖွဲ့ဝင်များဖြင့် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ပုဂံ-ညောင်ဦးဒေသရှိ ဘုရားများအား လုံခြုံရေးဆောင်ရွက်နေကြစဉ်။
(သတင်းစဉ်)

## ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ၊ ပြည်လည်းလှ


## သတင်းမှားယွင်းထုတ်ပြန်မှုအတွက် ပြည်သူများနှင့်တပ်မတော်သို့ တောင်းပန်ခြင်း

၂၀၁၆ခုနှစ် ဩဂုတ်လ (၂၈)ရက် ည၇နာရီအချိန်ထုတ်လွှင့်သော MNTV သတင်းတွင် "MIG-29 UB အမောင်းသင် တိုက်လေယာဉ်ပျက်ကျ" ခေါင်းစဉ်ဖြင့် CNB ၏သတင်းတစ်ပုဒ်ကို မှားယွင်းထုတ်ပြန်ခဲ့ပါသည်။

အဆိုပါသတင်းကို အတည်ပြုနေဆဲကာလတွင် နားလည်မှုလွဲမှားစွာဖြင့် MNTV ဌာနသို့ မှားယွင်းပေးပို့မိခဲ့ပါသည်။ အဆိုပါသတင်းနှင့်ပတ်သက်၍ ပြည်သူများနှင့်တပ်မတော်အပေါ်တွင် မည်သည့်စိတ်ဆန္ဒနှင့်မျှဆောင်ရွက်ခြင်း မဟုတ်ဘဲ ထူးခြားသတင်းဖြစ်စဉ်တစ်ခုအနေဖြင့်သာ အယ်ဒီတာအဖွဲ့က ဆန္ဒစော၍ ရိုးသားစွာ ထုတ်ပြန်မိခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါ မှားယွင်းမှုအတွက် ပြည်သူများနှင့်တပ်မတော်အား CNB က အနူးအညွတ်တောင်းပန်အပ်ပါသည်။

CNB

## CLAIMS DAY NOTICE
## M.V CITY OF MUMBAL VOY:NO(33)

Consignees of cargo carried by M.V CITY OF MUMBAL VOY:NO(33) are here by notified that the vessel will arrive on about 2-9-2016 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

## တေဇ(၁၀)၏(၃၄)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်မိတ်ဆုံစားပွဲဖိတ်ကြားခြင်း

တေဇ(၁၀)၏ (၃၄)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် မိသားစုမိတ်ဆုံစားပွဲနှင့် ကျဆုံး/ကွယ်လွန်သွားကြသည့်အရာရှိများအား ရည်စူး၍ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း၊ ဇီဝိတဒါနသံဃာ့ဆေးရုံရှိသံဃာများအား နေ့ဆွမ်းအာဟာရကပ်လှူဒါန်းခြင်း၊ ငွေပဒေသာပင်လှူဒါန်းခြင်း အခမ်းအနားအား အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် သူငယ်ချင်းများအားလုံးမိသားစုနှင့်အတူတကွ ကြွရောက်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၉-၉-၂၀၁၆ရက်(သောကြာနေ့)
**အချိန်** - နံနက် ၉း၃၀နာရီမှ မွန်းတည့် ၁၂နာရီအထိ
**နေရာ** - ဇီဝိတဒါနသံဃာ့ဆေးရုံ(ဗဟန်း)ရန်ကုန်

**ညစာစားပွဲအစီအစဉ်**
**နေ့ရက်** - ၉-၉-၂၀၁၆ရက်(သောကြာနေ့)
**အချိန်** - ၁၈း၃၀နာရီမှ ၂၁း၃၀အထိ
**နေရာ** - Gandamar Grand Ballroom Level-3, Gandamar Wholesale ဝေဇယန္တာလမ်းနှင့် ဂန္ဓမာလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်

သာရေး/နာရေးကော်မတီ
တေဇ(၁၀)

### ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ ကက်သာကျေးရွာ အထကကျောင်းမှ မောင်ဇော်နောင်ဖြိုး (G-8)၊ မောင်ဇော်နောင်ထွေး (G-7)၊ မခိုင်ငွေးကြည်(G-4)နှင့် မောင်ဖြိုးပြည့်စုံ (G-3)တို့၏ဖခင် အမည်မှန်မှာ ဦးအောင်ဆန်းတင် ၅/ဟမလ(နိုင်)၁၃၄၂၅၄ ဖြစ်ပါကြောင်း။ ဦးအောင်ဆန်းတင်

### ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ ကက်သာကျေးရွာ အထကကျောင်းမှ ကျောင်းဝင်အမှတ် (၇၅၃၅) မအေးအေးမြ(G-7)၏ ဖခင်အမည်မှန်မှာ ဦးဘရင် ၅/ဟမလ(နိုင်) ၁၃၄၃၀၀ ဖြစ်ပါကြောင်း။ ဦးဘရင်

### ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ ကက်သာကျေးရွာ အထကကျောင်းမှ ကျောင်းဝင်အမှတ် (၇၃၁၃) မသင်းသင်းအောင်(G-7)နှင့် မခက်ဖူးလွင်(G-4)တို့၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းစိုး ၅/ဟမလ(နိုင်)၁၃၄၄၂၃ ဖြစ်ပါကြောင်း။ ဦးမင်းမင်းစိုး

### ဖခင်အမည်မှန်

ပန်းတနော်မြို့နယ်၊ အမက(ဇလုတ်ငူ) ပထမတန်းမှ မသင်းယုယုစံနှင့် စတုတ္ထတန်းမှ မောင်မြင့်မြတ်ဖြိုးတို့၏ ဖခင်အမည်မှန်မှာ ဦးသန်းထွေး ၁၄/ပတန(နိုင်) ၂၀၀၄၁၆ ဖြစ်ပါကြောင်း။ ဦးသန်းထွေး

### အမည်နှင့် မွေးသက္ကရာဇ်မှန်

ရမ်းဗြဲမြို့နယ် ဦးစိုးနောင်၏သား မောင်စိုးမင်းအောင်၏ အမည်မှန်မှာ မောင်စောမင်းအောင်(၁၁/ရဗန(နိုင်)၀၇၉၃၁၀) ဖြစ်၍ မွေးသက္ကရာဇ်မှန်မှာ ၂၅-၉-၁၉၉၄ ဖြစ်ပါကြောင်း။ မောင်စောမင်းအောင်

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဟုမ္မလင်းမြို့နယ်၊ လိုင်မဆန်းကျေးရွာနေ ဦးမောင်တင်၏သား အထက ညောင်ပင်ကြီး စာစစ်ဌာနခုံအမှတ် (စဏပ-၃၇၀)အောင်မြင်သူ မောင်မောင်(ခ)မောင်ဖြိုးဝေအောင် ၅/ဟမလ(နိုင်)၁၁၃၆၆၈မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ မောင်မောင်(ခ)မောင်ဖြိုးဝေအောင်

### ဖခင်အမည်မှန်

သဲကုန်းမြို့၊ အထကတက္ကသိုလ်ဝင်တန်း(B)မှ မသီရိစံ၏ ဖခင်အမည်မှန်မှာ ဦးကိုလွင် ၇/သကန(နိုင်) ၀၉၂၅၉၃ ဖြစ်ပါကြောင်း။

# မရီးဝမ်းကွဲကိုသတ်၍ တူမကိုလည်ပင်းညှစ်ခြိမ်းခြောက်မှု ဗဟန်းမြို့နယ်၌ဖြစ်ပွား

**ရန်ကုန် ဩဂုတ် ၂၉**

ဩဂုတ် ၂၉ ရက် နံနက် ၁ နာရီခွဲခန့်က ဗဟန်းမြို့နယ် ကျိုက္ကဆံရပ်ကွက် ဉဿဖယား လမ်း တိုက်အမှတ် ၃၄ တွင် မရီးဝမ်းကွဲ တော်စပ်သူအားသတ်ပြီး တူမဝမ်းကွဲတော်စပ်သူ အသက်ကိုးနှစ်အရွယ်အား လည်ပင်းညှစ်ပြီး ခြိမ်းခြောက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်တွင် သေဆုံးသူ ဒေါ်ခိုင်မာလာ၏ ခင်ပွန်းဖြစ်သူ ဦးကျော်မြင့်၏အဒေါ်တော်စပ်သူ ဒေါ်တင်တင်အေးက ဗဟန်းမြို့နယ် မြို့မရဲစခန်း၌ အမှုဖွင့်တိုင်ကြားခြင်း ဖြစ်သည်။

အခင်းဖြစ်သည့်တိုက်သို့ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိချိန်တွင် ဒေါ်ခိုင်မာလာ (၄၀ နှစ်)မှာ အခန်းအတွင်း၌ ပက်လက်အနေအထားဖြင့် သေဆုံးနေဟန်ရှိပြီး မျက်နှာတွင် ညိုမည်းဒဏ်ရာများနှင့် ပါးစပ်တွင်သွေးထွက်ဒဏ်ရာများရှိကြောင်း အလောင်းသယ်ယူ ချိန်၌ နောက်စေ့ဒဏ်ရာတွေ့ရှိရကြောင်း ပြောပြသည်။

ရဲစခန်းတွင် တိုင်ကြားအမှုဖွင့်သူ ဒေါ်တင်တင်အေး၏ထွက်ဆိုချက်အရ အပေါ်ထပ်မှ အသံများ၊ ကလေးများငိုသံကြား၍ ခြံနှစ်ခြံကျော်တိုက်မှ ဒေါ်ညွန့်ညွန့်ရီနှင့် ဒေါ်စိုးစိုးတို့အား အဖော်ခေါ်၍ တက်ကြည့်ရာ အပေါ်ထပ်တွင် မီးမှောင်နေကာ ဘာမှမတွေ့ရဘဲ ဦးကျော်မြင့်၏ ညီဝမ်းကွဲတော်စပ်သူ အောင်ဇင်ဖိုလ်(ခ)ဘိတ်သားအား တွေ့ရပြီး မေးကြည့်ရာ “ဘာမှမဖြစ်ကြောင်းနဲ့ မေ့ဆေးလေးပေးထားတာပါ။ မကြာမီ ပြန်သတိရလာမှာပါ”ဟု ပြောပြီး အောက်ထပ်သို့ အတူပြန်ဆင်းလာကာ ခေတ္တထိုင်စကားပြောပြီး အောင်ဇင်ဖိုလ်(ခ)ဘိတ်သား ပြန်ထွက်သွားကြောင်း ထွက်ဆိုထားသည်။

အောင်ဇင်ဖိုလ်(ခ)ဘိတ်သား ထွက်သွားပြီးနောက် အပေါ်ထပ်သို့ အဖော်များနှင့် အတူ ပြန်တက်ပြီး မီးဖွင့်ကြည့်ရာမှ ဒေါ်ခိုင်မာလာ၏ မျက်နှာကို အကျီများဖြင့် အုပ်ထားပြီး သေဆုံးနေဟန်ရှိကြောင်း သိရသည်။

ထို့အပြင် အသက်ကိုးနှစ်အရွယ် ဒေါ်ခိုင်မာလာ၏သမီးကြီးဖြစ်သူ ခိုင်ဇင်ကျော်အား ၎င်းက လည်ပင်းညှစ်ပြီး ခြိမ်းခြောက်မှုများပြုခဲ့ရာ လည်ပင်း၌ညှစ်ထားသည့် ဒဏ်ရာများတွေ့ရှိရပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ထားရကြောင်း၊ မစိုးရိမ်ရသည့်အတွက် ညနေသတင်းမေးချိန်၌ ပြန်လည်ဆင်းလာခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူ အောင်ဇင်ဖိုလ်(ခ)ဘိတ်သားမှာ ယခင်အိမ်ဟောင်းက အတူနေအိမ်ထောင်စုဝင်တစ်ဦးဖြစ်ကာ နိုင်ငံခြားသို့ထွက်သွားပြီး ယခု မြိတ်တွင် နေထိုင်ကြောင်း သိရသည်။ ဗဟန်းမြို့မရဲစခန်းတွင် တွေ့ရသော ရန်ကုန်အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်သိန်းဦးက “ဘယ်သူဘယ်ဝါဆိုတာ သိနေရတဲ့အတွက် အမြန်ဆုံးဖမ်းမိတော့မှာပါ”ဟု ဆိုခဲ့သည်။



အခင်းဖြစ်ပွားရာ နေအိမ်အား တွေ့ရစဉ်

**ကိုကြီးတင်**

# နေအိမ်ပေါ် မြေထိန်းနံရံပြိုကျရာမှ လူတစ်ဦးသေဆုံး



**တောင်ကြီး ဩဂုတ် ၂၉**

ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးမြို့တွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မြေပြိုမှုတစ်ခု ဩဂုတ် ၂၉ ရက် နံနက် ၁ နာရီက ရေအေးကွင်းရပ်ကွက် နယ်မြေ ၁၃ ဉဿဖရားလမ်း အိမ်အမှတ် (၈၈)တွင် ဖြစ်ပွားကြောင်း သိရသည်။

အဆိုပါ မြေပြိုမှုဖြစ်ပွားရာတွင် အိမ်ရှင် ဦးအောင်နိုင် (၇၂နှစ်) သမဝါယမ ဦးစီး(ငြိမ်း)သည် နေအိမ်ရှိ ညှော့်ခန်းတွင် အိပ်နေပြီး ဇနီးဖြစ်သူ ဒေါ်သန်းသန်းမြင့် (၆၆ နှစ်) ကျောင်းဆရာမ(ငြိမ်း)မှာ နေအိမ်အိပ်ခန်းအတွင်း အိပ်နေစဉ် အိမ်၏အရှေ့ဘက်ခြမ်းရှိ အလျားပေ ၄၀၊ အနံ ၈ ပေ၊ အမြင့် ပေ ၃၀ ခန့် မြေထိန်းနံရံနှင့် ယင်းအပေါ် တွင် တပ်ဆင်ထားသော မြေထိန်းနံရံ သံပန်းတံခါးတို့မှာပြိုကျ၍ တစ်ထပ်အိမ်ပေါ် ပိမိကာ နေအိမ်ပြိုကျသွားသဖြင့် ဦးအောင်နိုင်တွင် ဒဏ်ရာ(မစိုးရိမ်ရ) နှင့် ဒေါ်သန်းသန်းမြင့်မှာ ပြင်ပဒဏ်ရာ မတွေ့ရှိဘဲ အသက်ရှုကျပ်ပြီး သေဆုံးသွားသဖြင့် တောင်ကြီးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀၀ ကျော် ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၉**

မူးယစ်တပ်ဖွဲ့စု(၆)ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၉ ရက်က ကသာမြို့ ကမ်းနားလမ်းတွင် စိုးမိုးဝင်းမောင်းနှင်လာသော ဆိုင်ကယ်နှင့် အောင်ခန့် မောင်းနှင်လာသော ဆိုင်ကယ်တို့ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၇၇၀ သိမ်းဆည်းရမိသည်။

အလားတူ ဩဂုတ် ၂၆ ရက်က ဘားအံခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘားအံမြို့ရပ်ကွက်(၅) အောင်နန်း(၄)လမ်းရှိ မောင်ဘူ၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၅၃ ပြားသိမ်းဆည်းရမိပြီး စစ်ဆေးဖော်ထုတ်ချက်အရ ဘားအံမြို့နယ် တရုတ်လုစံပြကျေးရွာ အမှတ်(၄)ရပ်ကွက်နေ အောင်ဆွေမြင့် ၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၂၀ ပြားနှင့် ဘားအံမြို့နယ် ရဲသာကျေးရွာအုပ်စု နောင်ခရိုင်ကျေးရွာနေ ချစ်ဝင်း၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀ ထပ်မံသိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# တောင်တွင်းကြီး၌ ချောင်းကမ်းပါးပြိုကျပြီး လူတစ်ဦး ရေစီးနောက်မျောပါပျောက်ဆုံး

**တောင်တွင်းကြီး ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ငမင်ကျေးရွာအုပ်စု ချိုင်းကျေးရွာမှ လူတစ်ဦး ငမင်ချောင်းကမ်းပါးပြိုကျမှုကြောင့် ရေစီးနောက် လူတစ်ဦးမျောပါမှု ဩဂုတ် ၂၈ ရက် ညနေ ၃ နာရီက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ရေစီးနောက်မျောပါသွားသူမှာ ချိုင်းကျေးရွာနေ ဦးတင်မြင့် (၅၂ နှစ်) ဖြစ်ပြီး ချိုင်းကျေးရွာ၏ မြောက်ဘက် ပေ ၂၀၀ ခန့်အကွာ ငမင်ချောက်ကမ်းပါးဘေး အရောက် ငမင်ချောင်းရေတိုက်စားမှုကြောင့် ချောင်းကမ်းပါးပြိုကျ၍ ရေစီးနှင့်အတူ မျောပါသွားခြင်းဖြစ်ကြောင်း သိရသည်။ အခင်းဖြစ်နေရာသို့ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ရွာသူ ရွာသားများက ငမင်ချောင်းရိုးတစ်လျှောက် လိုက်လံရှာဖွေခဲ့သော်လည်း ယခုအချိန်အထိ ရှာဖွေမတွေ့သေးကြောင်း သိရသည်။

**(ဝ၈၅)**

# စက်လှေတစ်စင်း ရေဝင်နစ်မြုပ်

**ဟိုင်းကြီးကျွန်း ဩဂုတ် ၂၉**

ဟိုင်းကြီးကျွန်းမြို့အမှတ်(၃)ရပ်ကွက်ရှိ ကပ္ပလီနယ်မြေ ပင်လယ်ကမ်းခြေအနီး ဩဂုတ် ၂၈ ရက် ည ၁၂ နာရီက စက်လှေတစ်စင်း ကျောက်ချရပ်နားနေစဉ် သဲသောင်ခုံတင်၍ ရေဝင်နစ်မြုပ်ခဲ့ကြောင်းသိရသည်။

အဆိုပါစက်လှေမှာ ငရုတ်ကောင်းမြို့ဆင်မအုပ်စု ဆင်မကျေးရွာနေ ဦးအုန်းလှိုင်၏ စက်လှေဖြစ်ပြီး အလျား ၃၃ ပေ၊ အနံခြောက်ပေ၊ ဇောက် လေးပေခွဲနှင့် ဂျင်မာ ၂၅ စက်အမျိုးအစား တပ်ဆင်ထားကြောင်းနှင့် သစ်ခြောက်တန် တင်ဆောင်ထားကြောင်း၊ စက်လှေတွင် လူငါးဦးလိုက်ပါပြီး ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**


## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်4F/5415၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6F/5950၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## CLAIMS DAY NOTICE
## M.V K.ASIAN BEAUTY VOY:NO(005)

Consignees of cargo carried by M.V K.ASIAN BEAUTY VOY:NO(005) are here by notified that the vessel will arrive on about 1-9-2016 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက်လာရောက် ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၃/ရန်ပြေရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ တိုက်အမှတ် (၄၅/၄၇)၊ အခန်းအမှတ် (2-B)၊ ပထမထပ်၊ အကျယ်အဝန်း (၁၅' ×၆၀' )ရှိတိုက်ခန်းနှင့်တကွ တိုက်ခန်းတွင် အခိုင်အမာစွဲကပ်တပ်ဆင်ပြီး ပစ္စည်းအရပ်ရပ်တို့အား လက်ရှိတရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်း ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ကန်ထရိုက်တာ ဦးရဲနိုင် (၁၂/သကတ(နိုင်)၁၉၄၁၅၁) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဒေါ်ရွှယ်ဂရောင် (၁၃/ကခန(နိုင်)၀၂၉၃၅၅)က ဝယ်ယူရန်ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမှုရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးမောင်မောင်ထွန်း B.A (Law)., LL.B (တရားလွှတ်တော်ရှေ့နေ) (စဉ်-၂၆၅၃)
ဓမ္မုထိပ်တန်း စာချုပ်စာတမ်းနှင့် အိမ်ခြံမြေဥပဒေအကြံပေးလုပ်ငန်း
အမှတ်-၃၆၁၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉ ၅၁၆၄၉၉၂၊ ၀၉ ၃၁၈၅၆၈၀၆

## လုံးချင်းရောင်းမည်

ပေ ၈၀ × ၆၀ ပေ၊ 2 RC M/B 2 ခန်း၊ ရိုးရိုး Single 3 ခန်း၊ A/C (3) လုံး၊ ရေ (ဂျိုးဖြူ+အဝီစိ)၊ မီတာ (ရိုးရိုး+ပါဝါ)၊ ကြိုးဖုန်းတစ်လုံး၊ နှင်းဆီလမ်း၊ Tosta Garden သုမင်္ဂလာအိမ်ရာအပိုင်း (၃)၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ YIS အနီး။

ဖုန်း - ၀၉ ၅၁၇၅၆၁၈

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၁၀၇)ရပ်ကွက်၊ အလက (၈)၊ သတ္တမတန်း (A)မှ မောင်ချစ်ကို၏ ဖခင်အမည်မှန်မှာ ဦးကံပွား ၈/မမန(နိုင်)၂၃၉၁၉၇ဖြစ်ပါကြောင်း။

**ဦးကံပွား ၈/မမန(နိုင်)၂၃၉၁၉၇**

## ဖခင်အမည်မှန်

မြောင်းမြမြို့၊ အထက(၃)၊ နဝမတန်း(A)မှ စအောင်ရဲထက်၏ ဖခင်အမည်မှန်မှာ ဦးကျော်သောင်း ၁၄/မမန(နိုင်)၀၇၇၇၄၉ ဖြစ်ပါကြောင်း။

**ဦးကျော်သောင်း**

## ဖခင် အမည်မှန်

တောင်တွင်းကြီးမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မကေသွယ်အေး၏ ဖခင်အမည်မှန်မှာ ဦးဝင်းဇော်ဌေး ဖြစ်ပါကြောင်း။

**ဦးဝင်းဇော်ဌေး**

## မိဘအမည်မှန်

မြင်းခြံမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(F)မှ ခွန်သန်းကျော်၏ မိဘအမည်မှန်မှာ ဦးတရိန်း ၁၃/ရစန(နိုင်)၀၂၉၉၁၃ နှင့် မိခင်ဒေါ်နိုင်း ၁၃/ရစန(နိုင်)၀၂၉၉၂၈ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

အထက(၂)ကျိုက်ထို၊ ဆဋ္ဌမတန်း (A)မှ မယုဝတီ(ကျောင်းဝင်အမှတ်-၀၆၅၁)၏ ဖခင်အမည်မှန်မှာ ဦးခင်စိုး ဖြစ်ပါကြောင်း။

**ဦးခင်စိုး ၇/သနပ(နိုင်)၀၃၁၈၂၂**

## သားအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ဗောဓိရိပ်သာလမ်း၊ အမှတ် ၂၄၀ တွင်နေထိုင်သူ ဦးပေါက်စ-ဒေါ်အေးအေးဝင်းတို့၏သား အလီ(ခ) ဇေယျာထွေး ၁၂/အစန(နိုင်)၂၂၀၅၀သည် မိဘများ၏ဆိုဆုံးမမှုကို နာမခံသည့်အပြင် မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူခဲ့ပါသဖြင့် ၎င်းအားယနေ့မှစ၍ သားအဖြစ်မှ အပြီးတိုင်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသာလှိုင် LL.B၊ အထက်တန်းရှေ့နေ-၁၉၅၅၆
ဖုန်း-၀၉-၂၆၃၉၁၅၁၂၈

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း(၆)လမ်း၊ အမှတ် (၆)၊ အခန်း(B) (၄)လွှာ၊ ခြေရင်းခန်း (၁၂ပေ×၅၀ပေ) Hall Type လူနေအိမ်၊ တိုက်ခန်းအား ပိုင်ရှင်ဖြစ်သူ ဒေါ်ဝင်းမြင့် ၅/လဝန(နိုင်)၀၀၄၃၃၀မှ ဒေါ်ဇင်နွေးအိဝင်း (ဘ)ဦးဇော်ဝင်း ၅/မရန(နိုင်)၁၈၀၅၇၈ ထံသို့ အပိုင်ရောင်းချရန် ကမ်းလှမ်းလာရာ ဒေါ်ဇင်နွေးအိဝင်းမှလည်း သဘောတူညီလက်ခံ၍ ၎င်းတိုက်ခန်းကို ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း စာချုပ်စာတမ်း အထောက်အထားနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကေသီထိုက် LL.B**
**အထက်တန်းရှေ့နေ (စဉ်-၄၅၀၈၈)**
**ဖုန်း-၀၉-၂၅၂၅၆၅၄၀၁၊ ၀၉-၇၉၅၄၁၄၁၄၈**

## အများသိရှိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ၊ ဗိုလ်ချုပ်ရေနံစက်ကွင်း၊ ကွင်းအမှတ် (၂၅)၊ ဦးပိုင်အမှတ်-၁၁/ခ၊ ဧရိယာ ဝဒသမ ၆၃ဧကရှိ ဦးထိုက်အမည်ပေါက် ဘိုးဘွားပိုင်ဥယျာဉ်ခြံမြေ (ဧရိယာ-၈၃ပေ×၃၅၂ပေ) (ယခုသီရိမင်္ဂလာလမ်းနှင့် ၁၅ပေလမ်းထောင့်)ကို ဦးအောင်ကြည်စိုး ၁၂/သလန(နိုင်)၀၀၄၉၅၆က ၂-၁၀-၂၀၀၄ရက်မှစ၍ ဝယ်ယူလက်ရောက် ရရှိနေထိုင်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ ဇနီးဖြစ်သူ ဒေါ်ကြူကြူနှင့်လည်း လွန်ခဲ့သည့် (၆)နှစ်ကျော်ခန့်ကတည်းက လင်ခန်းမယားခန်းပစ္စည်းခန်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါဥယျာဉ်ခြံမြေကို လက်ရှိနေထိုင်ပိုင်ဆိုင်သူ ဦးအောင်ကြည်စိုးမှအပ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်း၊ လှူဒါန်းခွင့်မရှိကြောင်း အများသိစေရန် ကြေညာပါသည်။

**ဦးအောင်ကြည်စိုး ၁၂/သလန(နိုင်)၀၀၄၉၅၆၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးချမ်းမြေ့ဝင်း (LL.B)** | **ဒေါ်ထူးထူးမြတ် (LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၄၃၄၄၅)** | **အထက်တန်းရှေ့နေ (စဉ်-၃၅၇၉၃)** |
| **အမှတ်(၂)၊ဖွံ့ဖြိုးရေး (၅)လမ်း၊** | **အမှတ်(၃၇)၊ ဘုရားကုန်းမြို့ပြကွက်သစ်၊** |
| **အမှုထမ်းရပ်ကွက်၊ သန်လျင်မြို့** | **သန်လျင်မြို့နယ်၊** |

**ရုံးခန်း။ ။သန်လျင်မြို့နယ်တရားရုံးရှေ့နေများနားနေခန်း။**

# ထယ်ကြီး(ရန်ကုန်)က ထရိန်း(ကရင်ပြည်နယ်)ကို အနိုင်ယူကာ ဗိုလ်လုပွဲတက်

**ရန်ကုန် ဩဂုတ် ၂၉**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က စီစဉ်ကျင်းပသည့် (၁၄)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဆီမီးဒုတိယနေ့ပွဲစဉ်များကို ယနေ့မွန်းလွဲ ၂နာရီတွင် သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ယှဉ်ပြိုင်ထိုးသတ်ရာ (က) အဆင့် ၅၇ ကီလိုတန်း ငါးချီပွဲတွင် ထယ်ကြီး(ရန်ကုန်)က ထရိန်း(ကရင်ပြည်နယ်)ကို အလဲထိုးဖြင့် အနိုင်ယူကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ဒုတိယနေ့ ဆီမီးပွဲစဉ်များ ယှဉ်ပြိုင်ရာတွင် (ခ)အဆင့် ၅၁ ကီလိုတန်း လေးချီပြိုင်ပွဲများ၌ ကျားကြီး(မွန်ပြည်နယ်)နှင့် အောင်တိုင်းမောင် (ရန်ကုန်) တို့ပွဲတွင် လေးချီပြည့်သည်အထိ မည်သူမျှ အလဲထိုးနိုင်ခြင်းမရှိ၍ အမှတ်ဖြင့်ဆုံးဖြတ်ရာ အောင်တိုင်းမောင်က အနိုင်ရခဲ့ပြီး သူရလိပ်(စစ်ကိုင်း) နှင့် သက်ပိုင်အောင် (ကရင်ပြည်နယ်)တို့ ယှဉ်ပြိုင်ရာတွင်လည်း သက်ပိုင်အောင်က အမှတ်ဖြင့် အနိုင်ရခဲ့သည်။ ၅၄ ကီလိုတန်းပြိုင်ပွဲ စောနဂါးလေး(မကွေး)နှင့် ရဲနိုင်ဦး(မွန်) တို့ပွဲတွင် ရဲနိုင်ဦးက ပထမအချီ ၃၇ စက္ကန့်တွင် အလဲထိုးဖြင့်လည်းကောင်း၊ ရာဇာ (ကရင်ပြည်နယ်)နှင့် ဒေါင်းဖြူ(ရန်ကုန်) တို့ပွဲတွင် ဒေါင်းဖြူကအမှတ်ဖြင့် လည်းကောင်း၊ ၅၇ ကီလိုတန်းပြိုင်ပွဲတွင် ပြည့်ဖြိုးအောင် (တနင်္သာရီ)နှင့် ဟံသာဝတီ(ရန်ကုန်)တို့ ယှဉ်ပြိုင်ရာ ဒုတိယအချီ ၁ မိနစ် စက္ကန့် ၂၀ တွင် ဟံသာဝတီက အလဲထိုးဖြင့် လည်းကောင်း၊ ကောင်းကောင်း (ကရင်ပြည်နယ်) နှင့် သားကျော်ဖြောင့် (မွန်ပြည်နယ်) တို့ ပွဲတွင် အမှတ်ဖြင့်ဆုံးဖြတ်ရာ၌ သားကျော်ဖြောင့်က လည်းကောင်း အသီးသီးအနိုင်ရကာ ဗိုလ်လုပွဲသို့ တက်လှမ်းသွားပြီဖြစ်သည်။


ထယ်ကြီး(ရန်ကုန်) နှင့် ထရိန်း(ကရင်)တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်

တစ်ဖန် (ခ)အဆင့် ၆၃ ဒသမ ၅ ကီလိုတန်း လေးချီပြိုင်ပွဲဖြစ်သည့် မောင်နေထွန်း (မွန်ပြည်နယ်)နှင့် လွမ်းချိုင်း(ရန်ကုန်)တို့ပွဲတွင် ပွဲစပြီး ၁မိနစ် ၁၆ စက္ကန့်မှာပင် လွမ်းချိုင်းတံတောင်ရိုက်ချက်ဖြင့် ပွဲသိမ်းအနိုင်ယူခဲ့ ပြီး ၆၇ ကီလိုတန်းပြိုင်ပွဲတွင် ထွန်းနိုင်ဦး(ရန်ကုန်)နှင့် ကျော်ကြား(ကရင်)တို့ယှဉ်ပြိုင်ထိုးသတ်ရာ ပထမအချီ ၁ မိနစ် စက္ကန့် ၂၀တွင် ထွန်းနိုင်ဦး ဘယ်ခြေနှစ်ဆင့် ကန်ချက်ဖြင့် ကျော်ကြားကို အလဲထိုးအနိုင်ယူခဲ့သည်။ (က) အဆင့် ၅၁ ကီလိုတန်းပြိုင်ပွဲတွင် ဆန်းကိုဦး(မွန်ပြည်နယ်)နှင့် သိန်းစိုး (ရန်ကုန်)တို့ယှဉ်ပြိုင်ရာ သိန်းစိုးက ပထမအချီ ၁ မိနစ် ၂ စက္ကန့်တွင် ဆန်းကိုဦးကို ဘယ်ဒူးတိုက်ချက်ဖြင့် ပွဲသိမ်းအနိုင် ယူခဲ့ပြီး ထိုက်စံ(မန္တလေး) နှင့် ကမ္ဘာဟိန်း(ကရင်ပြည်နယ်)တို့ပွဲတွင် ပထမအချီ ၄၄ စက္ကန့်မှာပင် ထိုက်စံက အလဲထိုးဖြင့် အနိုင်ရခဲ့သည်။

ဆက်လက်ပြီး (က) အဆင့် ၅၄ ကီလိုတန်းပြိုင်ပွဲတွင် မိုက်မိုက်(ရန်ကုန်) နှင့် ဝမ်းဒေါ်လာ(မွန်ပြည်နယ်) တို့ ယှဉ်ပြိုင်ထိုးသတ်ရာ၌ မိုက်မိုက် ပထမအချီ ၂ မိနစ် ၁၃ စက္ကန့်တွင် အလဲထိုးဖြင့် နိုင်ခဲ့ပြီး နန်းဦး(မန္တလေး) နှင့် စိုးဝင်းသန်း (ကရင်ပြည်နယ်)တို့ ယှဉ်ပြိုင်ထိုးသတ်ရာတွင်လည်း စိုးဝင်းသန်းက ပထမအချီ ၂ မိနစ် ၅၃ စက္ကန့်မှာပင် အလဲထိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ ၅၇ ကီလိုတန်းပြိုင်ပွဲတွင် ကျားဘဟိန်း(စစ်ကိုင်း) နှင့် သူရအောင် (မွန်ပြည်နယ်)တို့ပွဲ၌ ပထမအချီ ၄၅ စက္ကန့်မှာပင် ကျားဘဟိန်းက အလဲထိုးဖြင့် ပွဲသိမ်းအနိုင်ယူခဲ့ပြီး နောက်ဆုံးပွဲစဉ်ဖြစ်သည့် ထယ်ကြီး(ရန်ကုန်) နှင့် ထရိန်း(ကရင်ပြည်နယ်)တို့ပွဲတွင် အထက်တန်းအဆင့်ပီပီ အသည်းမာမာ ဇွဲပါပါနှင့် သူတစ်ပြန် ကိုယ်တစ်လှည့် မာန်ဟုန်အပြည့်နဲ့ လေးချီပြည့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး ငါးချီမြောက် ၁ မိနစ် ၁၃ စက္ကန့်အရောက်တွင် သတိနှစ်ခါပေးထားသော ထရိန်းကို ဒိုင်ပွဲရပ်ဖြင့် အရှုံးပေးလိုက်သဖြင့် ထယ်ကြီး ဗိုလ်လုပွဲသို့ အလဲထိုးဖြင့် တက်ရောက်သွားပြီဖြစ်သည်။

(၁၄)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ဆီမီးဒုတိယနေ့ပွဲစဉ်များ အဆုံးသတ်ယှဉ်ပြိုင်ခဲ့ပြီး အသီးသီး ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်ကာ ယနေ့ လူသစ်ဖိုင်နယ်ပွဲများနှင့် (ဂ) အဆင့်ဖိုင်နယ်ဗိုလ်လုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

# မြို့နယ်ပညာရေးမှူးဖလား အသက် ၁၆ နှစ်အောက် ဘောလုံးပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**ပေါက်ခေါင်း ဩဂုတ် ၂၉**

၂၀၁၆-၂၀၁၇ ပညာသင်နှစ် ပေါက်ခေါင်းမြို့နယ် ပညာရေးမှူးဖလား အသက် ၁၆ နှစ်အောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို မြို့နယ်အားကစားကွင်း၌ ဩဂုတ် ၂၉ ရက် နံနက် ၈ နာရီက စတင်ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ဝင်းကြည်တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ဒုတိယဆုရ တောင်လည် အထကအသင်းကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်က လည်းကောင်း၊ ပထမဆုရ အထက(ခွဲ)ဓမ္မသော် အသင်းကို မြို့နယ်ပညာရေးမှူး ဒေါ်ဝင်းကြည်က ဆုဖလားနှင့် ဂုဏ်ပြုဆုကို လည်းကောင်း၊ ပွဲစဉ်အတွင်း နေရာအလိုက် အကောင်းဆုံးဆုရရှိသူများကို ဌာနဆိုင်ရာများက လည်းကောင်း ဆုများချီးမြှင့်ကြသည်။

**ဥမ္မာကျော်(ပြန်/ဆက်)**



# အာရှယူ-၁၆ အမျိုးသမီးခြေစစ်ပွဲတွင် မြန်မာအသင်း နိုင်ပွဲစတင်ရရှိ

**နေပြည်တော် ဩဂုတ် ၂၉**

အာရှယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ အုပ်စု(က) ဒုတိယနေ့ကို ယနေ့ ညနေပိုင်းက ထိုင်းနိုင်ငံ၌ကျင်းပရာ မြန်မာအမျိုးသမီးအသင်း နိုင်ပွဲစတင်ရရှိခဲ့သည်။ မြန်မာအသင်းသည် ဂူအမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ ၁၁ ဂိုးပြတ် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ခြေအသာဖြင့်ကစားခဲ့ပြီး စန်းသော်သော်က တစ်ဦးတည်း ရှစ်ဂိုး သွင်းယူခဲ့ကာ သီတာဝင်း၊ နှင်းမြတ်သဇင်နှင့် မေထက်လုတို့က တစ်ဂိုးစီသွင်းယူခဲ့သည်။ မြန်မာအသင်းသည် ဩဂုတ် ၂၇ ရက်က ယှဉ်ပြိုင်သည့် ပထမပွဲတွင် လာအိုအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ထားရာ နှစ်ပွဲကစား သုံးမှတ်ရရှိထားသည်။ မြန်မာအသင်းသည် အုပ်စုတတိယပွဲအဖြစ် စက်တင်ဘာ ၃ ရက်တွင် ဂျော်ဒန်အသင်းနှင့် ကစားရမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

# အာရှကလပ် ဘော်လီဘောပြိုင်ပွဲ မြန်မာကလပ်အသင်း ဆီမီးနှင့်လွဲချော်

**နေပြည်တော် ဩဂုတ် ၂၉**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၆ အာရှကလပ် အမျိုးသား ဘော်လီဘောပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ၌ ကျင်းပသည်။

ကွာတားဖိုင်နယ်ပွဲစဉ်များတွင် မြန်မာကလပ် Asia World အသင်းသည် ဂျပန်ကလပ် Toyoda အသင်းကို သုံးပွဲပြတ် ရှုံးနိမ့်ခဲ့သောကြောင့် ဆီမီးဖိုင်နယ်နှင့် လွဲချော်ခဲ့ရသည်။ အာရှထိပ်သီးကလပ်အသင်းနှင့် ယှဉ်ပြိုင်ရသောကြောင့် မြန်မာကလပ်အသင်းမှာ လက်ရည်ကွာခြားခဲ့ပြီး သုံးပွဲပြတ်ရှုံးနိမ့်ခဲ့သည်။ မြန်မာကလပ်အသင်းသည် အဆင့် ငါး/ရှစ်နေရာအတွက် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အခြားကွာတားဖိုင်နယ်ပွဲစဉ်များတွင် အီရန် ကလပ်အသင်းက ဗီယက်နမ်ကလပ်အသင်းကို သုံးပွဲပြတ်၊ တရုတ်ကလပ်က ကာဇက်စတန်ကလပ်ကို သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည်။

**ရဲရင့်ရှိုင်း**


**ပျောက်ဆုံးခြင်း**

ကျွန်မ နှင်းအေးသင်း (Hnin Aye Thin)၏ နိုင်ငံကူးလက်မှတ်ပုံတင်လက်မှတ် M-962030 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အမြန်ဆုံးဆက်သွယ်ပေးပါ။ ဖုန်း-၀၉-၅၀၄၁၃၂၂၃၊ ၀၉-၇၈၅၀၄၁၃၂၂၃

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 2K/1944 Toyota Wish ANE 11 STATION WAGON ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုချိုအောင် ၁၀/မလမ(နိုင်)၂၂၂၈၁၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**စိုက်ပျိုးရေးဦးစီးဌာန**
**စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်)**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်)တွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူခြင်း၊ တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က) ရုံးသုံးပရိဘောဂပစ္စည်းများဝယ်ယူခြင်း။
(ခ) စက်ကိရိယာဝယ်ယူခြင်းနှင့်တပ်ဆင်ခြင်း။
(ဂ) ရုံးသုံးစက်ကိရိယာများဝယ်ယူခြင်းနှင့်တပ်ဆင်ခြင်း။

၂။ **အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်** - ၃၀-၈-၂၀၁၆ ရက်
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၉-၉-၂၀၁၆ ရက်
**တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၂၀-၉-၂၀၁၆ ရက် နံနက် ၁၀း၀၀နာရီ

၃။ အသေးစိတ်အချက်အလက်များကို သိလိုပါက စိုက်ပျိုးရေးသိပ္ပံ (ကျောက်တော်) ဖုန်း-၀၄၃-၇၀၂၇၂၊ ၀၉-၉၇၆၉၂၁၁၃၂နှင့်၀၉-၉၆၁၈၂၇၀၃၅တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

(ဝယ်ယူရေးအဖွဲ့)
စိုက်ပျိုးရေးသိပ္ပံ (ကျောက်တော်)

**ဒါနဗုဒ္ဓဂယာအဖွဲ့၏ဘုရားဖူးခရီးစဉ်များ**

■ အိန္ဒိယနှင့် နီပေါ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် (၁၄ ညအိပ်/၁၅ ရက်) 900 USD + ၅၀၀၀၀ိ/-
ထွက်ခွာမည့်နေ့ရက်များ- အောက်တိုဘာ (၉) (ဆီထမင်းကျွေးပြည့်နေ့ ဆီမီးထွန်းပွဲတော်) ၊ (၁၄၊ ၂၃၊ ၂၆)၊ နိုဝင်ဘာ (၆၊ ၉၊ ၂၀၊ ၂၇)၊ ဒီဇင်ဘာ (၄၊ ၁၁၊ ၁၈၊ ၂၃)၊ ဇန်နဝါရီ (၈၊ ၂၂)၊ ဖေဖော်ဝါရီ (၃၊ ၁၂၊ ၁၉၊ ၂၆)၊ မတ် (၅၊ ၁၂၊ ၁၉၊ ၂၆)၊ ဧပြီ (၂၊ ၉)။
■ အိန္ဒိယနှင့် နီပေါ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် (၇ညအိပ်/၈ ရက်) 800 USD + ၅၀၀၀၀ိ/-
ထွက်ခွာမည့်နေ့ရက် - ဧပြီ (၁၂)။
■ သီရိလင်္ကာဘုရားဖူးခရီးစဉ် (၆ညအိပ်/၇ရက်) 1250 USD + ၃၀၀၀၀ိ/-

အနည်းဆုံး(၆)လသက်တမ်းကျန်သောနိုင်ငံကူးလက်မှတ်လက်ဝယ်ရှိသူများ ၃၀၀၀၀ိ/-လျှော့ပေးပါသည်။
(နယူးဒေလီတွင် ဟိုတယ် ၂- ည အိပ် တည်းခိုပြီး၊ အန္တရာယ်ရှိသော ညဖက် ကားမောင်းခရီးသွားခြင်း လုံးဝမရှိပါ။)

ဒါနဘုရားဖူးအဖွဲ့ - အမှတ်(၂၅)၊ အခန်းအမှတ်(၃၀၃)၊ တတိယထပ်၊ ဓါတ်လှေခါးအမှတ်(၂)၊ ယုဇနစီးပွားရေးဇာတ်၊ ဓမ္မစေတီလမ်း၊ စမ်းချောင်း။
ဖုန်း - 536348, 537707, 537708, 09 500 1763, 09 501 3727, 09 256174414, 09 516 4664
မဇ္ဈိမဒေသသာသနာပြုအဖွဲ့- အမှတ် (၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်။ ဖုန်း - 545215, 545216, 555173
မန္တလေးရုံးခွဲ-(I-6)၊ရတနာမန္တလေးအိမ်ရာ၊ လမ်း ၆၀၊ ၃၁×၃၂ကြား၊ ပြည်ကြီးမျက်ရှင်ရပ်၊ မန္တလေး။ဖုန်း- 09 402 64 8989, 09 5300305



**အိမ်ဒီဇိုင်းများဖန်တီးမှုဗိသုကာပညာ**
Architecture SketchUp Guide
မင်းထက်ဇော်
Easy Create Home Design

ဗိသုကာဒီဇိုင်းရေးဆွဲရာတွင် Drawing နှင့် Modeling တို့ကို မဖြစ်မနေ အသုံးပြုကြရမည်ဖြစ်ရာယခု Google SketchUp Program က လွယ်ကူလျှင်မြန်စေမှာ ဖြစ်ပါသည်။ ယနေ့ခေတ် ကျောင်းသင်ရိုးညွှန်းတမ်းတွေမှာပါ ထည့်သွင်းသင်ကြားပေးနေပြီဖြစ်တဲ့ Google SketchUp ဗိသုကာဒီဇိုင်းဆွဲနည်းသည် AutoCAD နှင့် တွဲဖက်၍လည်း အသုံးပြုနိုင်နေပြီ ဖြစ်ပါသည်။ ဗိသုကာဒီဇိုင်းတစ်ခုကို Google SketchUp အသုံးပြု၍ နာရီပိုင်းအတွင်း ရေးဆွဲဖန်တီးနိုင်ပြီ ဖြစ်ပါသည်။ ရေးဆွဲပြီးသော ဒီဇိုင်းများကိုလည်း မိနစ်ပိုင်းအတွင်း ပြုပြင်ဖြည့်စွက် ပြန်လည်ဖန်တီးနိုင်ပြီ ဖြစ်ပါသည်။



**မြေယာမှုခင်းပြဿနာများ**
**ကျူးကျော်သူအားဖယ်ရှားလိုမှု နှင့် မြေလက်ရောက်ရယူလိုမှုများ**
ဦးသိန်းကိုကို (ပြည်နယ်တရားလွှတ်တော်တရားသူကြီး)

- မြေယာဥပဒေလုပ်ထုံးလုပ်နည်းများ
- ခွင့်ပြုမိန့်အရ နေထိုင်သူအားနှင်ထုတ်လိုမှုများ
- မြေပေါ်တွင် ကျူးကျော်၍ ဆောက်လုပ်ထားသည့်အဆောက်အဦးများကို ဖယ်ရှားပေးရန်နှင့် မြေကိုလက်ရောက်ရရှိရန် တရားစွဲဆိုမှု
- အိမ်နှင့်မြေမှထွက်ခွာသွားစေရန် တရားစွဲဆိုခြင်း
- မြေယာအမျိုးအစားများနှင့် မြေလွတ်မြေရိုင်းစီမံခန့်ခွဲခြင်း
- ဂရံသက်တမ်းကုန်ပြီးချိန် တရားစွဲခွင့်ရှိ ...? မရှိ ...?



**စတင်လေ့လာအခြေခံဖုန်းအသုံးပြုနည်းပညာ**
Android Phone for Starter
မလေးရှား၊ စင်္ကာပူ၊ အမေရိကန်၊ ထိုင်း၊ ဂျပန် သို့ တိုက်ရိုက်အခမဲ့ခေါ်နည်း၊ ဘဏ် Account မှ ဖုန်းသို့ ငွေဖြည့်နည်း
လိုင်းကဒ် (SIM Card)မလို၊ ကွန်ပျူတာမလိုပဲ နိုင်ငံခြားဖုန်း ပြောနည်း

ဖုန်း Setting ချိန်နည်း၊ ဖုန်းဖြင့် အင်တာနက် ချိတ်နည်း၊ Bluetooth, Zyapa, Message ပို့နည်းမျိုးစုံ၊ Anti Virus ထည့်သွင်း Update လုပ်သုံးနည်း၊ Website လိပ်စာများ မှတ်တမ်းမကျန်ခဲ့စေချင်ရင်၊ အနှောင့်အယှက်ပေး ဖုန်း No.များကို Blacklist လုပ်မယ်၊ သတင်း မီဒီယာဌာန များရဲ့ Message အခမဲ့ရယူနည်း၊ ဖုန်း Lock တကယ်ကျသလား စမ်းသပ်ပြီးဖြည်နည်း။

မနောဖြူစာပေ - ဖုန်း - 09 73246980 ၊ 09 730 43873

# သင်္ဘောရွက်နှင့် ကင်ဆာရောဂါ

ဒေါက်တာရဲလင်းအောင်

**ယနေ့ ကမ္ဘာပထဝီမြေကြီးပေါ်တွင် ပေါက်ရောက်ရှင်သန်လျက်ရှိသော သစ်ပင်ဟူသမျှ ဆေးဖက်မဝင်သော အပင်ဟူ၍ မရှိကြောင်း စာပေကျမ်းဂန်အရ သိရှိရပေသည်။ သို့ရာတွင် ဆေးဖက်ဝင်သည်ကို မသိရှိ၍သာလျှင် ဆေးပင်ကို ခေါင်းအုံးပြီး ရောဂါဝေဒနာများကို ခံစားနေကြရခြင်းဖြစ်ပေသည်။ ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးတွင် သိပ္ပံပညာတိုးတက်လာသည်နှင့်အမျှ နိုင်ငံတိုင်းတွင် မိမိတို့၏ ရိုးရာဆေးပညာ (Traditional Medicine)ကနေ စနစ်တကျ သုတေသနများပြုလုပ်ပြီး ခေတ်မီဆေးပညာ၏ ဒုတိယကဏ္ဍဖြစ်သော (Alternative Medicine)အဖြစ်ကို အဆင့်ဆင့်မြှင့်တင်ကာ အသုံးချနေကြသည်ကို တွေ့ရှိရပေသည်။**

စာရေးသူတို့ မြန်မာနိုင်ငံတွင်လည်း မိမိတို့၏ ရိုးရာဆေးပညာ (Traditional Medicine)သည် ကိုလိုနီခေတ် နှစ်ပေါင်း ၁၀၀ နီးပါး တိမ်မြုပ်ပျောက်ကွယ်လျက်ရှိသော မြန်မာ့တိုင်းရင်းဆေးကဏ္ဍသည် ယခုအခါတွင် မြန်မာနိုင်ငံအစိုးရ၏ အားပေးကူညီမှု၊ မြှောက်စားမှုတို့ကြောင့် မြန်မာ့တိုင်းရင်းဆေးလောကသည် ပြန်လည်၍ တစ်ဖန်ဦးမော့လာပြီး ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဖွယ်ရာ တိုးတက်အောင်မြင်မှုများ ရရှိလာသည်ကို တွေ့ရှိရပေသည်။

ဒါကြောင့် ယခုအပတ်တွင် စာရှုသူ ပရိသတ်များအား ကျန်းမာရေးဆိုင်ရာ ဗဟုသုတတိုးပွားစေခြင်းအကျိုးငှာ သင်္ဘောရွက်၏ ဆေးဖက်ဝင်ပုံအကြောင်းကို ရေးသားတင်ပြလိုက်ပေသည်။ သင်္ဘောပင်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့ရွာဒေသအနှံ့အပြားတွင် ပေါက်ရောက်လျက်ရှိသော အပင်တစ်မျိုးဖြစ်၏။ အင်္ဂလိပ်အခေါ်မှာ (Papaya Leaves)ခေါ်ပြီး မြန်မာလိုသင်္ဘောရွက်ဟု ခေါ်ဝေါ်ကြသည်။ ဤနေရာတွင် ဗဟုသုတအဖြစ် တင်ပြလိုသည်မှာ ရခိုင်ပြည်နယ်ဒေသ ရခိုင်လူမျိုးများက သင်္ဘောပင်ကို (ပဒကာပင်)ဟု ခေါ်ဆိုကြ၏။ ယခုစာရေးသူတင်ပြမည့် သင်္ဘောပင်(သို့)ပဒကာပင်သည် နာမည်နှင့်လိုက်ဖက်စွာ ရောဂါများကို ကာကွယ်ကုသနိုင်သည်။ အထူးသဖြင့် ကင်ဆာဆဲလ် (Cancer Cell)များကို သတ်နိုင်ပြီး ကင်ဆာရောဂါများကို ကာကွယ်ကုသနိုင်သော ဆေးဖက်ဝင်အပင်တစ်မျိုးဖြစ်ပေသည်။



**ဤဆေးရွက်တွင် ပါဝင်သော နို့နှစ်အရောင်အစေးသည် ကင်ဆာရောဂါကို ပျောက်စေနိုင်သော သတ္တိရှိပြီး ကင်ဆာဆဲလ်များကို သတ်နိုင်သည့် အေးဂျင့်ဓာတ်များ ပါဝင်သည့်အတွက် အစာအိမ်ကင်ဆာ၊ လည်ပင်းကင်ဆာ၊ ဆီးကျိတ်ကင်ဆာ၊ အသည်းကင်ဆာ၊ ရင်သားကင်ဆာနှင့် အဆုတ်ကင်ဆာများကို ကာကွယ်ကုသပျောက်ကင်းစေနိုင်**

ဤဆေးရွက်ကို လက်ဖက်ခြောက်အနေဖြင့် သောက်သုံးမည်ဆိုပါက အစာမကြေခြင်း၊ ရင်ပြည့်ရင်ကယ်ခြင်းရောဂါများကို ပျောက်ကင်းနိုင်၏။ (Kar pain)(ကာပိန်းဓာတ်) ပါသောကြောင့် ဗက်တီးရီးယားပိုးများ၏ရန်ကနေ ကာကွယ်ပေးသည်။ ထို့အပြင် အစာအိမ်ရောဂါကို ဖြစ်စေနိုင်သည့် (H-Pylori bacterias) ပိုးများကို သေစေနိုင်သည်။ သင်္ဘောရွက်(သို့မဟုတ်) ပဒကာရွက်ကို နေရိပ်တွင် အခြောက်ခံထားပြီး ရေနွေးတွင် လက်ဖက်ခြောက်အဖြစ်ထည့်၍ သောက်သုံးခြင်းဖြင့် အူမကြီးကင်ဆာရောဂါကို ကာကွယ်နိုင်သည်။ ဤဆေးရွက်တွင် ပါဝင်သော နို့နှစ်အရောင်အစေးသည် ကင်ဆာရောဂါကို ပျောက်စေနိုင်သော သတ္တိရှိပြီး ကင်ဆာဆဲလ်များကို သတ်နိုင်သည့် အေးဂျင့်ဓာတ်များ ပါဝင်သည့်အတွက် အစာအိမ်ကင်ဆာ၊ လည်ပင်းကင်ဆာ၊ ဆီးကျိတ်ကင်ဆာ၊ အသည်းကင်ဆာ၊ ရင်သားကင်ဆာနှင့် အဆုတ်ကင်ဆာများကို ကာကွယ်ကုသ ပျောက်ကင်းစေနိုင်ပါသည်။ ဤသင်္ဘောရွက်ကို သောက်သုံးခြင်းဖြင့် (Side Effects) ဘေးထွက်ဆိုးကျိုးလုံးဝမရှိဘဲ (Allopathy)ခေါ် ဓာတုဗေဒဆေးဝါးများ၏ (Side Effect) ဘေးထွက်ဆိုးကျိုးများကိုလည်း ကာကွယ်နိုင်သော သတ္တိရှိပေသည်။ ဤဆေးရွက်၏ ဆေးဖက်ဝင်ပုံကို ပြောမယုံ ကြုံဖူးမှသိဆိုသလို စာရှုသူများ ကိုယ်တိုင် ယုံကြည်စွာ သုံးစွဲခံစားကြည့်မှ သိရှိနိုင်ပေလိမ့်မည်။ စာရေးသူအနေဖြင့် နှစ်ပေါင်းသုံးဆယ်ကျော်ကာလ ဖြတ်သန်းလာသော ဆေးကုသမှုအတွေ့အကြုံနှင့် သီအိုရီ (Theory)ပေါင်းစပ်ပြီး သင်္ဘောရွက်(သို့) ပဒကာရွက် တစ်ခုတည်း ဆေးဖက်ဝင်အသုံးပြုပုံကို တင်ပြလိုက်ရခြင်း ဖြစ်ပေသည်။

ဆေးတစ်ပင်၏ ပဋ္ဌင်းပါးအသုံးဝင်ပုံကို နောက်နောင်အခန့်သင့်လျှင် ရေသားဖော်ပြသွားမည်ဖြစ်သည်။ သင်္ဘောရွက်ကို အသုံးပြုရာတွင် ဆားရည် (သို့) ရေနှင့်စင်အောင်ဆေးပြီး ကြိတ်စက်ဖြင့်ကြိတ်ကာ သတ္တုရည်ကို သောက်သုံးခြင်း၊ သုံးခွက်တစ်ခွက်တင် (ဥပမာ-စတီးလ်အိုးတွင် ရေသန့်ဘူးသုံးဘူးထည့်ပြီး တစ်ဘူးကျန်အောင်) ကျိုပြီးမှ တစ်နေ့ကို စတီးလ်ဇွန်းသုံးဇွန်းဖြင့် တစ်နေ့သုံးကြိမ်သောက်သုံးခြင်းအားဖြင့် အစားအသောက်ပျက်သူများ ခံတွင်းမြိန်စေပြီး အဖုအပိမ့် အမာရွတ်များကို ပျောက်ကင်းစေ၍ အရေပြားရောင်ခြင်း၊ အရေပြားရောဂါများ၊ တုပ်ကွေးရောဂါ၊ အအေးမိနှာစေးရောဂါ၊ မီးယပ်ရောဂါ၊ ဝက်ခြံပေါက်ခြင်း၊ သွေးမတိတ်ရောဂါ၊ ဆီးကျိတ်ရောင်ရောဂါ၊ ကြက်မျက်သင့်ရောဂါနှင့် မျက်စိရောဂါဝေဒနာများကို သက်သာပျောက်ကင်းစေနိုင်သည်။

ဤဆေးရွက်တွင် (Vitamin D)ဗီတာမင်ဒီဓာတ်ပါဝင်ခြင်းအားဖြင့် ပန်းနာရောဂါကို ကာကွယ်နိုင်ပြီး (Anti-oxidants)ဓာတ်တွေ ပါဝင်သည့်အတွက် နှလုံးရောဂါ၊ ကင်ဆာရောဂါများကို အထူးအထောက်အကူပြုစေနိုင်သည်။ သင်္ဘောရွက်တွင် (Amino Acids)အမိုင်နိုအက်စစ် ၅၀ ရာခိုင်နှုန်းအထက်ပါဝင်သည့်အတွက် ပန်းနာရင်ကျပ်ရောဂါကိုကာကွယ်နိုင်ခြင်း ဖြစ်သည်။

ဤဆေးရွက်တွင် (သီရီယိုနိုင်) ဂလူးတာမတ်အက်စစ်၊ ဂလေ့ဆင်း၊ ဗေလင် ၊ လူစင်၊ ဖီနိုင်လာလာနိုင်(လိုင်စင်) ကရီတိုဖန်၊ ခရစ်တိုင်း၊ ဟတ်ဒီဒင်း၊ တိုင်ရိုမင်း၊ အလာနိုင်း၊ ပရိုလင်း၊ အက်စပါတိတ် စသည့်ဓာတ်တွေပါဝင်သည့်အတွက် လူတို့၏ ခန္ဓာကိုယ်အသားအရေကို နုပျိုစေသည့်အပြင် အိုမင်းရင့်ရော်ခြင်းကိုလည်း တားဆီးပေးနိုင်သည်။ သင်္ဘောရွက်တွင် ဗီတာမင် A B C D E အပြင် (Calicium) ဓာတ်စသည့်အာဟာရဓာတ်များပါဝင်ပြီး (antioxidant) လုပ်နိုင်သည့်အတွက် ကင်ဆာဆဲလ်များကို တိုက်ဖျက်၍ ကင်ဆာရောဂါများကို ကာကွယ်ကုသနိုင်ခြင်းဖြစ်သည်။

နိဂုံးချုပ်အနေဖြင့် စာရှုသူပရိသတ်များမှ တစ်ဦးတစ်ယောက်ဖြစ်စေ ဤဆောင်းပါးကို ဖတ်ရှုလေ့လာ၍ ရောဂါခံစားနေရသည့် ဝေဒနာရှင်များအား တစ်ထောင့်တစ်နေရာမှ ကူညီဆောင်ရွက်အားပေးနိုင်ပြီး ဘေးထွက်ဆိုးကျိုးလုံးဝမရှိသော ဤသင်္ဘောရွက် (သို့မဟုတ်) ပဒကာရွက်ဆေးကို ယုံကြည်စိတ်ချစွာ သောက်သုံးနိုင်ကြပါစေကြောင်း မေတ္တာစေတနာဖြင့် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## နယ်စပ်ကုန်သွယ်မှုတိုးမြှင့်ရေး ချစ်ကြည်ရေး၊ထိုင်းကုန်စည်ပြပွဲ ကျင်းပ

**တောင်ကြီး သြဂုတ် ၂၉**

ထိုင်းနိုင်ငံ နိုင်ငံခြားကုန်သွယ်ရေးဌာနနှင့် မြန်မာနိုင်ငံ ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့၏ ပူးပေါင်းမှုဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ စီးပွားရေးမြှင့်တင်မှုရေးရှု၍ နယ်စပ်ကုန်သွယ်မှုတိုးမြှင့်ရေးနှင့်ဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် ချစ်ကြည်ရေး ထိုင်းကုန်စည်ပြပွဲကို သြဂုတ် ၂၆ ရက်က ရှမ်းပြည်နယ်လေ့ကျင့်ရေးအားကစားခန်းမ ကျောက်တိုင်ကွင်း၌ ကျင်းပခဲ့သည်။

ပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်က မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ နှစ်နိုင်ငံ ကုန်စည်များ အပြန်အလှန် အလားအလာရှိသော ဈေးကွက်များ ရှာဖွေဖော်ထုတ်ပေးနိုင်သည့် အခွင့်အလမ်းတစ်ရပ်ရရှိမည်ဖြစ်ကြောင်း ပြောသည်။

ယခုပြပွဲတွင် ထိုင်းကုမ္ပဏီ ၂၄ ခုမှလတ်ဆတ်သော သစ်သီးများ၊ လူသုံးကုန်များ၊ အလှကုန်များ၊ ဖိနပ်များ၊ စားသောက်ကုန်များ၊ လျှပ်စစ်ပစ္စည်းများနှင့်ဆက်စပ်ပစ္စည်းများကို ပြခန်း ၃၀ ဖြင့် အမျိုးစုံလင်စွာ ခင်းကျင်းပြသထားသည်ကိုတွေ့ရှိရကြောင်း ပြောကြားခဲ့သည်။

ချစ်ကြည်ရေး ထိုင်းကုန်စည်ပြပွဲကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံမှ နိုင်ငံခြားကုန်သွယ်ရေးဌာနနှင့် ကုန်သည်ကြီးများအသင်းမှ တာဝန်ရှိသူများက ကုန်စည်ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးခဲ့ကြသည်။

မြန်မာ-ထိုင်းနှစ်နိုင်ငံကုန်စည်ပြပွဲတွင် ဆိုင်ခန်းပေါင်း ၁၃၂ ခန်းနှင့် မြန်မာလက်မှုပညာရပ်များလည်း ပါဝင်ပြသခဲ့ကြကြောင်း၊ ကုန်စည်ပြသရောင်းချခြင်းကို သြဂုတ် ၂၆ ရက်မှ ၃၀ ရက်အထိ ငါးရက်ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**



**တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့နယ် ကျေးလက်ကျန်းမာရေးဌာနမှ ဝန်ထမ်းများ သြဂုတ် ၂၇ ရက်က အိုင်အိုဒင်းဆား ချို့တဲ့ရောဂါ ပပျောက်ရေး ရက်သတ္တပတ် လှုပ်ရှားဆောင်ရွက်စဉ်။**

ကလိန်အောင် (ပြန်/ဆက်)

## စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ ဟောပြော

**ရန်ကုန် သြဂုတ် ၂၉**

ပြည်သူများ၏ နေ့စဉ်စွန့်ပစ်နေသော စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ ဟောပြောဆွေးနွေးပွဲကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၁)ရပ်ကွက် အောင်ချမ်းသာဓမ္မာရုံ၌ သြဂုတ် ၂၇ ရက်က ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ လက်ထောက်ဌာနမှူး ဒေါက်တာဒေါ်ခင်နှင်းအေးက အမှာစကားပြောကြားပြီး ကမာရွတ်မြို့နယ် သန့်ရှင်းရေးဌာနတာဝန်ခံ ဦးရဲမင်းထွန်းက မြို့နယ်အတွင်း အမှိုက်စွန့်ပစ်မှုနှင့် ပတ်သက်၍ စီမံခန့်ခွဲနေမှုအကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။ “ပြည်သူတွေကြားမှာ သတ်မှတ်အမှိုက်အိတ်နဲ့ စွန့်ပစ်ဖို့ တော်တော်လေး အချိန်ယူရဦးမယ်” ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအေးမြင့်က ပြောကြားသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

## ချင်းရွှေဟော်မြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ချင်းရွှေဟော် သြဂုတ် ၂၉**

ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် ချင်းရွှေဟော်မြို့တွင် သြဂုတ် ၂၇ ရက်က မြို့သန့်ရှင်း သာယာလှပရေးအတွက် တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ မြို့စည်ပင်သာယာရေးကော်မတီဝင်များ၊ ဒေသခံများ၊ သန္တိသုခလူမှုကူညီရေးအသင်းတို့ စုစုပေါင်း လူ ၁၅၀ တို့သည် နမ့်ဖာဟော်နယ်စပ်ဂိတ်တံတားမှ မြို့အဝင်သံတံတားဂိတ်အထိ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်နှင့် အထကကျောင်းဝင်း၊ ပြည်သူ့ဆေးရုံတို့တွင် ချုံနွယ်များရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများတူးဖော်ခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ချင်းပြည်နယ်အတွင်းရှိ သက်မွေးပညာသင်တန်းကျောင်းများဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေး

**ဟားခါး ဩဂုတ် ၂၉**

ချင်းပြည်နယ်အတွင်းရှိ နည်းပညာနှင့် သက်မွေးပညာ သင်တန်းကျောင်းများ၏ ဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂၇ ရက်က အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး) စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဆလိုင်းအိုက်ဇက်ခင်နှင့် ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်တို့က ပြည်နယ်အတွင်းရှိ နည်းပညာနှင့်သက်မွေးပညာ သင်တန်းကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေး တင်ပြကြသည်။

ယင်းနောက် အစိုးရနည်းပညာ အထက်တန်းကျောင်း၊ မင်းတပ်၊ တီးတိန်မှ ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်း၊ မင်းတပ်၊ ဖလမ်းတို့မှ ကျောင်းအုပ်ကြီးများနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး) ကျောင်းအုပ်ကြီး ဒေါက်တာတလွန်ဇထန်တို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

**( ပြည်နယ် ပြန်/ဆက် )**



# သီးနှံပုံစံများချမှတ်၍ သရုပ်ပြစိုက်ကွင်းများဆောင်ရွက်သွားမည်

**မြိတ် ဩဂုတ် ၂၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် မဇောကျေးရွာအုပ်စု မဇောပြင်ကြီးကျေးရွာတွင် ဆောင်ရွက်ထားသည့် မျိုးသန့်မျိုးစေ့ထုတ်စိုက်ကွင်း ဧက ၂၀၊ မျိုးယှဉ်ပြိုင်ကွက်၊ စိုက်စနစ်ယှဉ်ပြိုင်ကွက်၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် သရုပ်ပြစိုက်ကွက် ၁၀ ဧက စိုက်ခင်းများသို့ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်သန်းဆွေ၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ ဩဂုတ် ၂၈ ရက်က သွားရောက်ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

အဆိုပါ မျိုးသန့်မျိုးစေ့ထုတ်စိုက်ကွင်းတွင် မဇောကျေးရွာနေ အကျိုးဆောင် ဦးအေးသန်းက "တောင်သူအနေနဲ့ မျိုးကို ကြိုကြိုတင်တင် ပြင်ဆင်ထားတာမျိုးအားနည်းတယ်။ စိုက်တဲ့အချိန်မျိုးလိုမှပဲ ဟိုနေရာသွား၊ ဒီနေရာသွား မျိုးရှာကြတယ်။ အဆင်ပြေရင်လည်းရတယ်။ အဆင်မပြေရင်လည်း မျိုးပေါက် မကောင်းတာမျိုးနဲ့ကြုံရတယ်။ မျိုးသန့်ရဖို့ဆိုတာကလည်း တစ်ခါတစ်ရံ သယ်ယူပို့ဆောင်ရေးစရိတ်တွေနဲ့ ဈေးကြီးတယ်။ အခုလို ကိုယ့်ရပ် ကိုယ့်ဒေသမှာပဲ မျိုးသန့်စေ့ထုတ်အသင်းတွေ ဖွဲ့စည်းပြီး စိုက်ပျိုးရေးဦးစီးဌာနကပေးတဲ့ နည်းစနစ်တွေနဲ့ မျိုးသန့် မျိုးစေ့ထုတ်စိုက်ကွင်းတွေ စိုက်ပျိုးပြီး မျိုးစေ့ထုတ်မယ်ဆိုရင် လိုအပ်တဲ့ အချိန်၊ လိုအပ်တဲ့မျိုးပမာဏကို အဆင်ပြေပြေနဲ့ရနိုင်မယ်။ ဈေးနှုန်းလည်း အသက်သာဆုံးဖြစ်မယ်" ဟု ပြောကြားသည်။

တောင်သူများနှင့်တွေ့ဆုံဆွေးနွေးရာတွင် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ဒေသခံတောင်သူများနှင့် လာရောက်တွေ့ဆုံခြင်း၏ အဓိကရည်ရွယ်ချက်များနှင့် မြိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်မျိုးသူက ဒေသအတွင်း တောင်သူအများစုမှာ တစ်နှစ်တစ်သီးထက်မက ထုတ်လုပ်နိုင်ရန်အတွက် ဌာနအနေဖြင့် သီးနှံပုံစံများ ချမှတ်၍ သရုပ်ပြစိုက်ကွင်းများ ယခု မိုးစပါးရာသီ အပြီးတွင် ဆက်လက်ဆောင်ရွက်သွားရန် အစီအစဉ်များနှင့် ကြုံတွေ့ရမည့် အခက်အခဲများကို တောင်သူများနှင့်အတူ ဖြည့်ဆည်းပေးခြင်း၊ ဖြေရှင်းပေးခြင်း၊ နည်းလမ်းများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောသည်။

**မြင့်ဦး (မြိတ်)**

# ရေဘေးသင့်ပြည်သူများသို့ ကူညီထောက်ပံ့နိုင်ရေး စုပေါင်းအလှူခံ

**ကော့သောင်း ဩဂုတ် ၂၉**

ရေဘေးသင့်ပြည်သူများသို့ ကူညီထောက်ပံ့နိုင်ရေး တေးဂီတဖျော်ဖြေမှုဖြင့် စုပေါင်းအလှူခံခြင်း အစီအစဉ်တစ်ရပ် ဩဂုတ် ၂၆ ရက်က ကော့သောင်းမြို့ ပိတောက်ရွှေဝါရပ်ကွက် အဝိုင်းပတ်လမ်းဆုံတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကော့သောင်းမြို့ အမေ့အိမ်ပညာဒါနအဖွဲ့မှ ဦးဆောင်ကာ ကျောင်းသားကျောင်းသူများ၊ မြို့ခံခေတ်ပေါ်တေးဂီတပညာရှင်လူငယ်များ စုပေါင်းအဖွဲ့ဖြင့် မြို့၏ အချက်အချာနေရာ ပိတောက်ရွှေဝါရပ်ကွက် အဝိုင်းပတ်လမ်းဆုံတွင် တေးဂီတများဖြင့် တီးခတ်သီဆိုဖျော်ဖြေကာ ရေဘေးဒဏ်ခံခဲ့ရသည့် ပြည်သူများသို့ ကူညီထောက်ပံ့ပေးနိုင်ရေး ပရဟိတလုပ်ငန်းများအဖြစ် စုပေါင်းအလှူခံကြခြင်းဖြစ်သည်။ စေတနာရှင်၊ အလှူရှင်များမှ လှူဒါန်းရရှိမှုများအား စုပေါင်းကာ ရေဘေးသင့်ဒေသများရှိ ပြည်သူများထံသို့ သွားရောက်လှူဒါန်းမှုများ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**




# ကျိုက်မရောမြို့နယ်ရဲတပ်ဖွဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်

**ကျိုက်မရော ဩဂုတ် ၂၉**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သန်း ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ဩဂုတ် ၂၇ ရက်က ကျိုက်မရောမြို့နယ် ကျောက်တစ်လုံးလမ်းရှိ ဘုရားနှစ်ဆူ ဘုန်းတော်ကြီးကျောင်းတိုက်နှင့် မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်တို့တွင် ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ ကျောင်းအတွင်း ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းရေး၊ အမှိုက်များကောက်ယူရေး၊ မြက်ရိတ်စက်ဖြင့် မြက်ရိတ်ခြင်းတို့ကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

အလားတူ ကျိုက်မရောမြို့နယ် ချောင်းနှစ်ခွရဲကင်း ရဲအုပ်အေးမင်းငြိမ်း ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂၆ ရက်က ချောင်းနှစ်ခွကျေးရွာအုပ်စုရှိ အခြေခံပညာအထက်တန်းကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ကျိုက်မရော-ကြာအင်းဆိပ်ကြီးသွားကားလမ်းတစ်လျှောက် ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ ကျောင်းအတွင်း ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းရေး စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

## မှုခင်းသတင်းတိုထွာများ

### မိုးကုတ်

မိုးကုတ်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်း၊ ကျပ်ပြင်နယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များပူးပေါင်းကာ မိုးကုတ်မြို့နယ် ပန်လင်ကျေးရွာရှိ နေအိမ်တစ်လုံးကို ဩဂုတ်လစတုတ္ထပတ်က ဝင်ရောက်ရှာဖွေရာ ငွေကျပ် ၄၄၉ သိန်းကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### ကာလေ

တာကော်ပူးပေါင်းစစ်ဆေးရေးဂိတ်မှ သံလွင်ကူးတို့ဆိပ် ရဲကင်းတာဝန်ကျ ရဲအုပ်ဇော်သန်းနိုင် မူးယစ်တပ်ဖွဲ့စု (၂၇)၊ တာကော်လှုပ်ရှားတပ်ဆွယ်မှ ရဲအုပ်ဇော်မြင့်ဦးတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ်လ စတုတ္ထပတ်က မော်တော်ယာဉ်၊ ဆိုင်ကယ်များကို စစ်ဆေးစဉ် ကာလိဘက်မှ မိုင်းပျဉ်းဘက်သို့ နာလိန် (၄၀နှစ်) နှစ်မိုင်ရွာမိုင်းပျဉ်းမြို့နေသူ မောင်းနှင်လာသော ၂၉ယ/ ...125 ဆိုင်ကယ်၌ စိတ်ကြွရူးသွပ်ဆေးပြားဟု ယူဆရသော ဆေးပြား ၂၀၀၀ တန်ဖိုးငွေကျပ်သိန်း ၄၀ အား သိမ်းဆည်းရမိကြောင်း သိရသည်။

**ကာလိ(ပြန်/ဆက်)**

### မြောင်းမြ

မြောင်းမြမြို့ မြို့မဈေးကြီး ဦးဘချိုလမ်းမျက်နှာပြု ဈေးဆိုင်ခန်း၌ ဩဂုတ် ၂၅ ရက် နံနက် ၈ နာရီက ဈေးဝယ်သူတစ်ဦးထံမှ ခါးပိုက်နှိုက် အမျိုးသမီးတစ်ဦးက ပိုက်ဆံနှိုက်ယူသွားသည်ကို တာဝန်သိပြည်သူက တွေ့ရှိသဖြင့် အဆိုပါ အမျိုးသမီးနောက်သို့ နောက်ယောင်ခံလိုက်ကာ မြို့မဈေးကြီး၊ ဈေးခေါင်းရုံးသို့ ခေတ္တ ခေါ်ဆောင်ခဲ့သည်။ မြောင်းမြမြို့မရဲစခန်းသို့ အကြောင်းကြားရာ ဒုရဲအုပ်ဇင်မာနှင့် တာဝန်ရှိသူတို့က စစ်ဆေးခဲ့ပြီး အဆိုပါ မသင်္ကာသူ အမျိုးသမီးထံမှ ငွေစက္ကူရောရာငွေကျပ် ၄၀၀၀၀ နီးပါးခန့် ရှာဖွေသိမ်းဆည်းရမိကြောင်း သိရသည်။

အဆိုပါ မသင်္ကာအမျိုးသမီးမှာ မဥမ္မာ (၃၂ နှစ်)ဖြစ်ပြီး ၎င်းအားအမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**

### ကသာ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မဲဇာရဲကင်းစခန်းအပိုင်နယ်မြေအတွင်း တရားမဝင် ကျွန်းသစ်လုံးဆိုက်စုံ သုံးတန်ကျော်အား ပိုင်ရှင်မဲ့တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ကသာခရိုင် အင်းတော်မြို့နယ် မဲဇာခေတ္တစခန်းမှူး ရဲအုပ် သန်းထွန်းလှိုင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးခင်မောင်သိန်းတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ်လစတုတ္ထပတ်က ပိန္နဲကုန်းချောင်းအတွင်းသို့ သွားရောက်ကာ စစ်ဆေးရှာဖွေခဲ့ကြသည်။

ထိုသို့စစ်ဆေးရှာဖွေစဉ် ချောင်းအတွင်းမှ ကျွန်းသစ်လုံး ဆိုက်စုံ ၁၆ လုံး ၃ ဒသမ ၃၁၈ တန် ကာလတန်ဖိုးငွေကျပ် ၂၇၀၄၀၀ ခန့်ကို ပိုင်ရှင်မဲ့တွေ့ရှိခဲ့ကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

### နေပြည်တော်

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်တွင် လောင်းကစားပြုလုပ်သူအား ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၆ ရက်က နေပြည်တော် ရဲတပ်ဖွဲ့မှူးရုံး မှုခင်းအဖွဲ့(၂) မှ ရဲအုပ်ထွန်းလှိုင်၊ ရဲအုပ်တင်ယု၊ ရဲတပ်ကြပ်ကြီး ဝင်းဗိုလ်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် မြစ်ငယ်(၁၁)လမ်းနေ ကိုသန်းလွင် (၅၁နှစ်)၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်အတွင်းရှိ စားပွဲခုံတွင် တရားမဝင် နှစ်လုံးထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် စာရေးကိရိယာ၊ ဂဏန်းပေါင်းစက်၊ လက်ကိုင်ဖုန်းတို့နှင့်အတူ လောင်းကြေးငွေကျပ် ၅၄၅၀၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင် နှစ်လုံးထီလောင်းကစားပြုလုပ်သူ ကိုသန်းလွင်အားအရေးယူပေးပါရန် ရဲအုပ်တင်ယုက တရားလိုပြုလုပ်တိုင်တန်းသဖြင့် အမှတ်(၁) မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

### နေပြည်တော်

မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၇ ရက်က ကလောမြို့အဝင် ဘီးခွန်ကောက်ခံရေးတိုးဂိတ်အနီးတွင် ကလောဘက်မှ အောင်ပန်းဘက်သို့ ကျော်ဦး မောင်းနှင်ပြီး စိုးသက်လင်း လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၈၀၀၀ တန်ဖိုးငွေကျပ် သိန်း ၁၉၆၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိပြီး စစ်ဆေးချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများ ပို့ဆောင်ခိုင်းသူ ဘားအံမြို့နေ သန့်ဇင်ထွန်း(ခ)သူရမောင်မောင်နှင့် ဝင်းဆွေတို့နှစ်ဦးအား ဟဲဟိုးမြို့အနီး ဘဝသံသရာတံတား မိုင်တိုင်အမှတ်(၉၈)တွင် 3J/...HILUX မော်တော်ယာဉ်ဖြင့် တွေ့ရှိဖမ်းဆီးရမိသည်။

ထို့အတူ ဩဂုတ် ၂၆ ရက်က မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် လွယ်တော်ခမ်း ပူးပေါင်းစစ်ဆေးရေးစခန်းတွင် လီဘွေမောင်းနှင်ပြီး အားဆော့လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၇ ပြား နှင့် စိတ်ကြွရူးသွပ်ဆေးပြားအကြေ လေးဂရမ်တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## သတင်းတိုထွာ

### ရှင်ဥပဂုတ္တမထေရ် ပင့်ဆောင်ပူဇော်ပွဲကျင်းပ

ကယားပြည်နယ် လွိုင်ကော်မြို့အတွင်း ဘီလူးချောင်းထဲ၌ ဩဂုတ် ၂၆ ရက်ညက ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ် ပင့်ဆောင်ပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ မြတ်စွာဘုရားရှင်အား အမှူးထားလျက် ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်ကြီး၏ ဖောင်တော်အား ဘီလူးချောင်းအတွင်း သီရိမင်္ဂလာတံတားအနီးမှ ဒေါနိုးကူးတံတားအထိ ဓမ္မစကြာဝတ်အသင်းလှေများ၊ အလှူရှင်များ၏ လှေများ၊ ရှမ်းအိုးစည်၊ မြန်မာ့ဆိုင်းဝိုင်းလှေများခြံရံလျက် ပင့်ဆောင်ပူဇော်ကြရာ ပရိသတ်များက ဘီလူးချောင်းကမ်းနှစ်ဖက်မှ ဖူးမြော်ကြည်ညိုခဲ့ကြသည်။
**ကြီးမြင့်နိုင်(လွိုင်ကော်)**

### ရေဘေးသင့်ပြည်သူများအား စားသောက်ကုန်များလှူဒါန်း

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်အရိုးကုန်းရပ်ကွက် (၁၄၇) လမ်းသံသရာအေး ပရဟိတအကျိုးဆောင်အဖွဲ့သည် ဩဂုတ်လစတုတ္ထပတ်က ဆေးဝါး၊ ရေနှင့် စားသောက်ကုန်မျိုးစုံပါ အထုပ်ပေါင်း ၅၀၀ ကျော်ကို ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်ရှိ ရေဘေးသင့်ကျေးရွာများဖြစ်ကြသည့် ရေတွင်းကုန်း၊ ထန်းပင်ကုန်း၊ ဝက်ကုန်း၊ ညောင်ကုန်းနှင့်မြစ်ဝကျေးရွာများရှိရေဘေးသင့်အိမ်ထောင်စု တစ်စုချင်းစီသို့ ပေးအပ်လှူဒါန်းခဲ့ကြသည်။

ထို့အတူ သံသရာအေး အခမဲ့ဆေးကုခန်းမှ ပရဟိတကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သည် ရေတွင်းကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း စုရပ်၌ ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးကုသပြီး ဆေးဝါးများ အခမဲ့လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **ကိုချစ်**

### ကျေးရွာသစ်စီမံကိန်း စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

ပြည်ထောင်စုနယ်မြေ ဒက္ခိဏခရိုင် ဒက္ခိဏသီရိမြို့နယ်တွင် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနမှ ကျေးရွာသစ်စီမံကိန်း စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း ဖွင့်လှစ်ခြင်းကို ဩဂုတ်လစတုတ္ထပတ်က ဇီးဖြူကုန်းကျေးရွာ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဦးကြိုင်နှင့် ကျေးရွာသစ်စီမံကိန်း SMUC Project Director Mr.King တို့က အမှာစကားပြောကြားကြပြီး ယခု ကျေးရွာသစ်စီမံကိန်း SMUC ဆောင်ရွက်နေသည့် ဇီးဖြူကုန်းကျေးရွာတွင် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားနိုင်ငံ Kocia ရုံးတို့မှ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းအဖြစ် သီးနှံစိုက်ပျိုးရေးနည်းပညာရပ်များကို တိုင်းမြေအသုံးချ မျိုးစေ့နှင့်သီးနှံကာကွယ်ရေးတို့မှ တောင်သူများနှင့် ကျေးရွာသူကျေးရွာသားများအား ပညာပေးဆွေးနွေးခဲ့သည်။
**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

### ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းဆိုင်ရာ သင်တန်းဆင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံမှု ရန်ပုံငွေအဖွဲ့တို့ပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့ မြို့တော်ခန်းမ၌ ဩဂုတ်လစတုတ္ထပတ်က ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ( VDP ) ရေးဆွဲခြင်း ဆိုင်ရာသင်တန်း( ၁/၂၀၁၆ )ဆင်းပွဲကို ကျင်းပခဲ့သည်။

အဆိုပါသင်တန်းဆင်းပွဲတွင် ဆားလင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိဦးစိုးခိုင်က အမှာစကားပြောကြားပြီး သင်တန်းသို့ ဆားလင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာ ၁၅ ရွာမှ သင်တန်းသား၊ သင်တန်းသူ ၃၀ ကို ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များနှင့် ပတ်သက်သည့် ရေးဆွဲခြင်း ဆိုင်ရာ ပညာရပ်များကို ပို့ချခဲ့ကြောင်း သိရသည်။
**မင်းခန့်စိုး( ဇေယျာမြေ )**

### နောင်ချိုမြို့နယ် ကျေးရွာခြောက်ရွာမီးလင်းရေးဆွေးနွေး

နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်ထွန်းဦးဆောင်၍ ဝန်ထမ်းများက ကျေးရွာပြည်သူတို့အတွက် မီးအလင်းရောင် (NEP)ကျေးရွာများဖြစ်သော တောင်ရှည်ကျေးရွာအုပ်စုသို့ ဩဂုတ် ၂၆ ရက်က သွားရောက်ခဲ့ကြပြီး တောင်ရှည်ကျေးရွာအုပ်စုအပါအဝင် ကျေးရွာခြောက်ရွာ မီးလင်းရေး ကော်မတီ ဝင်များကို စီမံကိန်းဆိုင်ရာ၌ပါဝင်သော အချက်အလက်များအား ရှင်းလင်းပြောကြားခြင်း၊ အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။
**စိုးဝင်း(နောင်ချို)**

### မူခင်းကျဆင်းရေးပညာပေးယာဉ်ဖြင့် ညောင်လေးပင်၌အသိပညာပေး

ပဲခူးခရိုင် ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီးလှဦး ကြီးကြပ်မှုဖြင့် အမှတ် (၃) ယာဉ်ထိန်း ဒုတိယတပ်ဖွဲ့ခွဲမှူးရုံးရဲမှူးထိန်ဝင်း၊ အမှတ်(၃၆) မူးယစ်တပ်ဖွဲ့စု(ပဲခူး)မှ ရဲအုပ်ထွန်းအောင်သိန်း ဦးဆောင်သော မူခင်းကျဆင်းရေးပညာပေးရွေ့လျားယာဉ်သည် ညောင်လေးပင်မြို့သို့ ဩဂုတ် ၂၆ ရက်က ရောက်ရှိပြီး မန္တလေးလမ်းရှိ အထက(၂)တွင် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၁၀၀ ကျော်အားလည်းကောင်း၊ ညောင်လေးပင်မြို့ မဒေါက်လမ်းဆုံတွင် ပြည်သူနှင့်ကျောင်းသား ကျောင်းသူ ၁၅၀ ကျော်အားလည်းကောင်း၊ မဒေါက်မြို့ မြို့မ(၁)ရပ်ကွက် ဈေးလမ်းဆုံနေရာတွင် ကျောင်းသား ကျောင်းသူနှင့်ပြည်သူ ၁၅၀ ကျော်တို့အားလည်းကောင်း၊ မူးယစ်ဆေးဝါး အန္တရာယ်နှင့်ဆိုးကျိုးတို့ကို အသိပညာပေးဟောပြောကာ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲနေရာသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးညီညီထွေး ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကိုကိုကြီးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ လာရောက်ကြည့်ရှုလေ့လာကြပြီး အသိပညာပေးလုပ်ငန်းကို အားပေးကူညီခဲ့ကြကြောင်း သိရသည်။
**နေလင်း(ညောင်လေးပင်)**

# ထူးချွန်ဆရာရွေးပွဲ အဆင့်လေးဆင့်ဖြင့်ရွေးချယ်မည်




**ရန်ကုန် ဩဂုတ် ၂၉**

ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုထောက်ခံမှု ပညာတန်ဆောင်နှင့် တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းတို့၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် တတိယအကြိမ်မြောက် ထူးချွန်ဆရာဆုရွေးချယ်ပွဲကို လာမည့် စက်တင်ဘာလအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း ထူးချွန်ဆရာဆု တတိယ အကြိမ်ရွေးချယ်ချီးမြှင့်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဆရာကြီး ဒေါက်တာ ဦးသန်းဦးက ပြောသည်။

“ထူးချွန်ထက်မြက်တဲ့ကျောင်းသား ကျောင်းသူတွေမွေးထုတ်နိုင်ဖို့ ထူးချွန်တဲ့ဆရာ ဆရာမတွေ လိုအပ်ပါတယ်။ ဆရာထူးချွန်မှ တပည့်ကောင်းတွေ မွေးထုတ်နိုင်မှာဖြစ်ပါတယ်” ဟု ဩဂုတ် ၂၇ ရက်က တော်ဝင်ဂါးဒင်းဟိုတယ်၌ ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောကြားသည်။

အဆိုပါ ထူးချွန်ဆရာရွေးချယ်ပွဲကို စက်တင်ဘာ ၁၁ ရက်တွင် ကျောင်းအဆင့်၊ စက်တင်ဘာ ၂၅ ရက်တွင် မြို့နယ်အဆင့်၊ နိုဝင်ဘာ ၁၃ ရက်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ဒီဇင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဗဟိုအဆင့်ဟူ၍ အဆင့်လေးဆင့်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ကျောင်းအဆင့် ထူးချွန်ဆရာရွေးချယ်ရာတွင် ဘာသာရပ်ပိုင်နိုင်၊ အတန်းကိုင်လိမ္မာ၊ သင်ပြမှုကျွမ်းကျင်မှုကို အဓိကအမှတ်ပေး ရွေးချယ်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဆက်ဆံရေးကောင်းမွန်ခြင်း၊ အကျင့်စာရိတ္တနှင့်စည်းကမ်းကောင်းမွန်ခြင်းတို့ကိုလည်း ဦးစားပေးကြောင်း၊ မြို့နယ် အဆင့်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် အဆင့် မူ/လယ်/ ထက် ထူးချွန်ဆရာများ ရွေးချယ်ပေးရန်အတွက် ရေးဖြေမေးခွန်းတစ်စုံစီကို အမှတ်ပေးစည်းမျဉ်းနှင့်တကွ ချိတ်ပိတ်လျက်ဗဟိုမှ ကြိုတင်ပေးပို့သွားမည်ဖြစ်ကြောင်း၊ ဝင်ရောက်ဖြေဆိုမည့် ဆရာ ဆရာမများသည် အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်နေသော မူ/လယ်/ထက် သင် ဆရာ ဆရာမများ ဖြစ်ရမည်ဖြစ်ကြောင်း၊ ပညာရေးဌာနအမှုထမ်း လုပ်သက် ၂၀၁၆ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် လုပ်သက်သုံးနှစ်ထက်မနည်း ရှိရမည်ဖြစ်ကြောင်း သိရသည်။

ဆုကြေးငွေများအဖြစ် ဗဟိုအဆင့်တွင် ထက်/လယ်/မူ သုံးဆင့်လုံးတွင် ပထမဆုငွေ ကျပ်သိန်း ၄၀၊ ဒုတိယဆုငွေကျပ်သိန်း ၂၀ နှင့် တတိယဆုငွေကျပ် ၁၀ သိန်းစီဖြင့် ထူးချွန်ဆုရှင်ကိုးဦးအတွက် စုစုပေါင်း ငွေကျပ်သိန်း ၂၁၀ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင်လည်း ထက်/ လယ်/မူ သုံးဆင့်လုံးတွင် ပထမဆု ငွေကျပ်ငါးသိန်း၊ ဒုတိယဆုငွေကျပ်သုံးသိန်းနှင့် တတိယဆုငွေကျပ်နှစ်သိန်းစီ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုစီတွင် ဆုရှင်ကိုးဦးစီဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၈ နေရာအတွက် ထူးချွန်ဆရာ ၁၆၂ ဦးပေါ်ထွက်မည်ဖြစ်၍ စုစုပေါင်းငွေကျပ်သိန်း ၅၄၀ ချီးမြှင့်မည်ဖြစ်ကြောင်း၊ ဗဟိုအဆင့်သို့ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် ပထမရရှိသူ မူ/ လယ်/ ထက် သုံးဦးကိုသာ စေလွှတ်ရန်ဖြစ်ပြီး ဗဟိုအဆင့်တွင် ဆုရရှိပါက ရရှိသည့်ဆု အဆင့်အလိုက် ထပ်မံချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ထူးချွန်ဆရာဆုချီးမြှင့်ခြင်းကို ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်များတွင် ကျင်းပခဲ့ပြီး ယခုအကြိမ်သည် တတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်ကာ လိုအပ်သည့် ဆုကြေးငွေနှင့် ကုန်ကျစရိတ်များကို တော်ဝင်ဖောင်ဒေးရှင်းက ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ရထားကြိတ်/တိုက်ဖြစ်စဉ်များ လျော့နည်းကျဆင်းစေရေး အသိပညာပေး

**မြစ်ကြီးနား ဩဂုတ် ၂၉**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရထားရဲတပ်ဖွဲ့ အမှတ် (၁) တပ်ခွဲမှပြုလုပ်သော ရထားကြိတ်ရထားတိုက်ဖြစ်စဉ်များ လျော့နည်းကျဆင်းစေရေးအတွက် အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၇ ရက်က မြစ်ကြီးနားမြို့ရထားရဲတပ်ဖွဲ့အမှတ်(၁) တပ်ခွဲရုံး၌ ပြုလုပ်သည်။ ဟောပြောပွဲတွင် ရထားရဲတပ်ဖွဲ့ အမှတ်(၁) တပ်ခွဲ ခေတ္တတပ်ခွဲမှူး ဒုရဲမှူးတင်မောင်အုန်းက တပ်ဖွဲ့ဝင်များလုံခြုံ ရေးတာဝန်ထမ်းဆောင်ရာတွင် မီးရထားနှင့်ပတ်သက်၍ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သတိပြုလိုက်နာရမည့် အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြစ်ကြီးနားဘူတာရုံပိုင်ချုပ်ကြီး ဦးကြည်သန်းက ၂၀၁၅-၂၀၁၆ ခုနှစ် ရထားကြိတ်တိုက်ဖြစ်စဉ်များ၊ ရထားခေါင်မိုးပေါ်မှ စီးနင်း၍ သေဆုံးမှုဖြစ်စဉ်များ၊ ရထားမရပ်မီ အတက်အဆင်း မပြုလုပ်ကြရန်နှင့် အတက်အဆင်းပေါက်များမှ မစီးကြစေလိုကြောင်း၊ ရထားခေါင်မိုးပေါ်မှ လိုက်ပါစီးနင်းခြင်း မပြုလုပ်ကြရန်နှင့် ရထားကြိတ်တိုက်မှု ဖြစ်စဉ်များကို ရထားစီးနင်းရာတွင် သတိပြုလိုက်နာရမည့် အချက်များကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**မင်းရာဇ**

# ရန်ကုန်မြို့ရှိနောက်ဖေးလမ်းကြားအမှိုက်ပစ်ခြင်းနှင့် အမိုးအဖီများ ပြုလုပ်မှုတွေ့ရှိပါက ငွေဒဏ်၊ ထောင်ဒဏ် ချမှတ်အရေးယူမည်



**ရန်ကုန် ဩဂုတ် ၂၉**

ရန်ကုန်မြို့တွင်း မြို့နယ်များတွင် နောက်ဖေးလမ်းကြား သန့်ရှင်းရေးကို မြို့တော်စည်ပင်မှ တာဝန်ယူရှင်းလင်းပေးနေဆဲဖြစ်သည်။ သန့်ရှင်း ရေးပြုလုပ်ပြီးစီးသော ရပ်ကွက်အချို့တွင် နောက်ဖေးလမ်းကြားများ အစဉ်သန့်ရှင်းမှုရှိနေစေရန် နောက်ဖေးလမ်းကြားများတွင် စည်းကမ်းမဲ့အမှိုက်ပစ်ခြင်း၊ အဝတ်တန်းများ၊ အမိုးအဖီများပြုလုပ်ခြင်းများ ပြန်လည်မြင်တွေ့ရပါက ငွေဒဏ်၊ ထောင်ဒဏ် ချမှတ်အရေးယူမည့် အသိပေးမှုများ ရှိလာကြောင်း သိရသည်။

ရပ်ကွက်အတွင်းရှိ နောက်ဖေးလမ်းကြားများကို မြို့တော်စည်ပင်သာယာရေးကော်မတီက ငွေအင်အား၊ လူအင်အားများဖြင့် ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ရာ စည်းကမ်းမလိုက်နာသူများ တွေ့ရှိပါက ဒဏ်ငွေကျပ် ငါးသောင်းမှ ငါးသိန်းအထိ ဒဏ်ရိုက်ခံရပြီး ထောင်ဒဏ် တစ်နှစ်ဖြင့် ဒဏ်သတ်မှတ်ထားသည်။

ဘော်ဒါဆောင်နေသူ များအနေဖြင့် စည်းကမ်းမဲ့ အမှိုက်ပစ်ပါက အထက်ဖော်ပြပါပြစ်ဒဏ်များဖြင့် အရေးယူခြင်းအပြင် တည်းခိုခန်း ဥပဒေပုဒ်မအရ အရေးယူအပြစ်ပေးခံ ရမည်ဖြစ်ကြောင်း ရပ်ကွက်အတွင်းရှိ လမ်းအသီးသီးသို့ ဩဂုတ် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ အသိပေးကြေညာထားသည်။

ယင်းသို့ တားမြစ်ချက်များအပေါ် ဖောက်ဖျက်ကျူးလွန်ပါက အရေးယူမည့်ငွေဒဏ်၊ ထောင်ဒဏ်ပမာဏကို အသိပေးထားမှုရှိသဖြင့် လိုက်နာမှုရှိလာမည်ဖြစ်သည်။ ကျူးလွန်ဖောက်ဖျက်မှုများကို တစ်ပြေးညီ အရေးယူမှုပါရှိလာလျှင် နောက်ဖေးလမ်းကြားများ အစဉ်သန့်ရှင်းပြီး လုံခြုံရေးအရလည်း မြင်ကွင်းရှင်းလာနိုင်ကြောင်း ရပ်ကွက်ပြည်သူတစ်ဦးက ပြောသည်။

နောက်ဖေးလမ်းကြားများတွင် အမိုးအဖီများပြုလုပ်ခြင်း၊ စားသောက်ဆိုင်များချက်ပြုတ်ရောင်းချခြင်း၊ လမ်းဘေးဈေးသည် ပစ္စည်းသိမ်းဂိုဒေါင်အဖြစ် အသုံးချခြင်းများအပြင် မိလ္လာကန်အချို့ပြုပြင်ထိန်းသိမ်းမှု အားနည်းသဖြင့် နောက်ဖေးလမ်းကြား ရေမြောင်းများတွင် အနံ့ဆိုးထွက် ရေဆိုးရေညစ်များစီးဆင်းမှုများရှိခဲ့သည်။ လမ်းမတော်ကဲ့သို့ ဆက်စပ်မြို့နယ်များတွင်လည်း ဆက်လက်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးလျှင် မြို့နယ်အားလုံး နောက်ဖေးလမ်းကြားများ သန့်ရှင်းမှု ပိုမိုလာပြီး စည်းကမ်းမဲ့ဖြစ်စဉ်များ လျော့နည်းလာနိုင်သည်ဟု လသာမြို့နယ်အတွင်း နေထိုင်သူတစ်ဦးက သုံးသပ်ပြောဆိုသည်။ **ခင်ဆိုင်**

# ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံအား ရှင်းလင်းရေးဆောင်ရွက်

**ဆိပ်ဖြူ ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ဩဂုတ် ၂၄ ရက် ညနေပိုင်းက မြေငလျင်လှုပ်ခတ်မှုကြောင့် ပြိုကျပျက်စီးခဲ့သည့် မြင်ကဝကျေးရွာ အုပ်စုအောက်ဆိပ်ကျေးရွာ ရွာဦးဘုန်းတော်ကြီး အရှေ့ကျောင်းဝင်းအတွင်း ဆန္ဒတော်ပြည့် အာရုံခံအုတ်တိုက် အလျားပေ ၇၀၊ အနံ ၃၅ ပေရှိ ရှေးဟောင်းအဆောက်အအုံ ပြိုကျပျက်စီးခဲ့မှုကို အမှတ် (၁၀၁) ခြေမြန်တပ်မဌာနချုပ်၊ အမှတ် (၂၅၅) ခြေလျင်တပ်ရင်း (စလင်းမြို့)မှ တပ်မတော်သားများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ ပြိုကျပျက်စီးသည့်အပိုင်းများ ရှင်းလင်းရေးလုပ်ငန်းများကို ဩဂုတ် ၂၅ ရက်ကပြုလုပ်ခဲ့သည်။

အဆိုပါ လုပ်ငန်းများကို အမှတ် (၁၀၁) ခြေမြန်တပ်မဌာနချုပ်၊ အမှတ် (၂၅၅) ခြေလျင်တပ်ရင်း ဒုတိယတပ်ရင်းမှူး ဗိုလ်မှူးအောင်အောင်ဦးစီးသော တပ်မတော်သားများ၊ မြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်စခန်းမှူး ဒုတိယရဲမှူး မြင့်အောင်ထွန်း ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ဇော်လင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဆန္ဒတော်ပြည့်အာရုံခံ အုတ်တိုက် ရှေးဟောင်းအဆောက်အအုံ ပြိုကျပျက်စီးခဲ့သည့် အပိုင်းများအား ရှင်းလင်းရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့်ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ထို့ပြင် အမှတ် (၂၅၅) ခြေလျင်တပ်ရင်းမှ တပ်မတော်ဆရာဝန် ဗိုလ်ရှိန်းလတ်မောင်နှင့် တပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

မြေငလျင်လှုပ်ခတ်မှုကြောင့် ဆိပ်ဖြူမြို့ ယောဝရပ်ကွက် ရွှေမင်းဝန်စေတီတော်နှင့် ရွှေလွန်းပင်စေတီတော်တို့တွင် ဖောင်းရစ်တော်များ အက်ကြောင်းထခြင်း၊ အနောက်ပိုင်းရပ်ကွက် ဆယ်မျက်နှာစေတီတော်၏ ထီးတော် (၄၅) ဒီဂရီ တိမ်းစောင်းသွားခြင်း၊ ရွာသစ် ရပ်ကွက် ရွှေတောင်ဦးစေတီတော်၊ ရွှေစောလူးစေတီတော်၊ ကိုးတောင့်ကျေးရွာ အရိုးဘုရားကြီးစေတီတော်၊ ထန်းချောင်းကျေးရွာ၊ လေးမျက်နှာစေတီတော်များရှိ စိန်ဖူးတော်များ မြေခပြုတ်ကျခဲ့ပြီး အောက်ဆိပ်ကျေးရွာ ရွာဦး အရှေ့ကျောင်း၊ ဒီပင်ကရာစေတီတော် ကျောက်ထီးတော် တိမ်းစောင်းခြင်း၊ အဆိုပါ ကျောင်းဝင်းအတွင်းမှ ပိဋကတ်တိုက်စေတီတော် ဖောင်းရစ်အက်ကွဲမှုဖြစ်ပွားခဲ့ခြင်း၊ ဆန္ဒတော်ပြည့်အာရုံခံအုတ်တိုက်ရှိရှေးဟောင်းအဆောက်အအုံ ပြိုကျခဲ့ပြီး အောက်ဆိပ်ကျေးရွာ ရွာဦးအနောက်ကျောင်းရှိ လောကမာရဇိန်



အာရုံခံအုတ်တိုက်အက်ကွဲမှုများ ဖြစ်ပေါ်ခြင်း၊ အဆိုပါအုတ်တိုက်မှ ဇာတ်ကြီးဆယ်ဘွဲ့ရုပ်တုများ ပြုတ်ကျခြင်းများဖြစ်ပေါ်ခဲ့ပြီး အဆောက်အအုံ၊ လူနေ အိမ်၊ လူ၊ တိရစ္ဆာန်တို့ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။ **စိုးလင်းနိုင်**

# တာမွေမြို့နယ်တွင် သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်



**ရန်ကုန် ဩဂုတ် ၂၉**

တာမွေမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဩဂုတ် ၂၇ ရက်က မြို့နယ်အတွင်းရှိ ရပ်ကွက်များတွင် ဆောင်ရွက်ခဲ့ရာ မြို့နယ်ကျန်းမာရေးဌာန၊ စည်ပင်သာယာရေးဌာန၊ မြို့နယ်အမျိုးသမီးရေးရာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ခြင်ထောင်ဆေးရည်စိမ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်း၊ သွေးလွန်တုပ်ကွေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းစသည့်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လှလှ**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာအသိပညာပေး

**တွန်းဇံ ဩဂုတ် ၂၉**

ချင်းပြည်နယ် တွန်းဇံမြို့နယ်၌ ဩဂုတ် ၂၇ ရက်က မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကြီးကြပ်ရေးကော်မတီအဖွဲ့သည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးလုပ်ငန်း ပြုလုပ်ခဲ့သည်။

မြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြီးကြပ်ရေးကော်မတီအဖွဲ့သည် မော်တော်ယာဉ်များအား ရပ်တန့်စေပြီး မော်တော်ကား၊ မော်တော်ဆိုင်ကယ်များ မောင်းနှင်သော ယာဉ်မောင်းများအား မော်တော်ယာဉ်များ မောင်းနှင်ပါက ယာဉ်မောင်းလိုင်စင်ရှိမှသာ မောင်းနှင်ရန်၊ မော်တော်ဆိုင်ကယ် မောင်းနှင်ပါက ယာဉ်မောင်းလိုင်စင် မော်တော်ဆိုင်ကယ်ဦးထုပ်ဆောင်းပြီးမှသာ မောင်းနှင်ရန်၊ နှစ်ဦးထက်ပိုပြီးမစီးရန်နှင့် အသက်(၁၈)နှစ်မပြည့်သေးသောကလေးများအား မော်တော်ဆိုင်ကယ် မောင်းနှင်ခြင်းမရှိစေရေးအတွက် မိဘများကို ခေါ်ယူပြီး အသိပေးခြင်းနှင့် မော်တော်ယာဉ်မောင်းနှင်ပါက လိုက်နာရမည့်လမ်းစည်းကမ်းများကို ရှင်းလင်းပြောပြခြင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးလုပ်ငန်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝေဖြိုး (ပြန်/ဆက်)**

# လျှပ်စစ်မီးသွယ်တန်းရန်ခက်ခဲသောမြစ်အတွင်း ကျွန်းကျေးရွာများဆိုလာဖြင့် မီးလင်းနိုင်ရေးညှိနှိုင်း

**ရေနံချောင်း ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့တွင် လျှပ်စစ်မီးကြိုးသွယ်တန်းရန်ခက်ခဲသော ရောဝတီမြစ်အတွင်းရှိ ကျွန်းမြေကျေးရွာများမှကျေးရွာ ၃၁ ရွာကို ဆိုလာဖြင့် မီးလင်းနိုင်ရေးအတွက် ဩဂုတ် ၂၅ ရက်က မြို့နယ်ကျေးလက်ဦးစီးဌာနရုံး၌ ညှိနှိုင်းဆွေးနွေးကြသည်။

ရေနံချောင်းမြို့တွင် NEPစီမံကိန်းဖြင့်ကျေးရွာများတွင်မီးလင်းရေးဆောင်ရွက်ရာ၌ ကျေးလက်ဦးစီးဌာနအနေဖြင့် မြို့နှင့် ၁၀ မိုင်အထက်ဝေးသော ကျေးရွာများတွင် ဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းအပြင် ၁၀ မိုင်အတွင်းရှိသော်လည်း မီးကြိုးသွယ်တန်းရန်ခက်ခဲသော ကျေးရွာများကိုလည်း ဆိုလာစနစ်ဖြင့်မီးလင်းနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ ရေနံချောင်းမြို့နယ်အနေဖြင့် ဆိုလာစနစ်နှင့် မီးလင်းရေးကို ဆောင်ရွက်ရာတွင် ရောဝတီမြစ်အတွင်းရှိ ကျွန်းမြေကျေးရွာ ၃၁ ရွာကို ဦးစားပေးအနေဖြင့်ဆောင်ရွက်သွားရန် ညှိနှိုင်းခြင်းဖြစ်ကြောင်း၊ ဆိုလာများမှာ ဝပ် ၃၀၊ ဝပ် ၄၅၊ ဝပ် ၆၀ ဟူ၍ သုံးမျိုးရှိကြောင်း၊ “ကျေးရွာကယူမယ်လို့ရွေးချယ်တဲ့ ပစ္စည်းရဲ့ဆယ်ရာခိုင်နှုန်းကို သုံးရစ်ခွဲသွင်းရမယ်။ ကျန်တဲ့ငွေကိုနိုင်ငံတော်က ကျခံပေးမယ်၊ ယခုအစီအစဉ်ကို ကမ္ဘာ့ဖွံ့ဖြိုးရေးဘဏ်ရဲ့အစီအစဉ်နဲ့ ဆောင်ရွက်ခြင်းဖြစ်တယ်”ဟု မြို့နယ်ကျေးလက်ဦးစီးမှူးက ပြောသည်။

“ဆိုလာစနစ်နဲ့ မီးရရင် ရုံးမှာမီတာသွားမဆောင်ရတော့ပိုကောင်းတာပေါ့။ ကျွန်နော်တို့ရွာမှာ အိမ်ခြေ ၃၉ အိမ်လောက်ရှိမယ်။ အခုလိုဆယ်ရာခိုင်နှုန်းပဲသွင်းရမယ်ဆို လူတိုင်းယူနိုင်တယ်။ ဆိုလာလျှပ်စစ်ရမယ်ဆိုရင် ဝမ်းသာစရာပါ”ဟု ကျမ်းကိုင်ကျွန်းကျေးရွာအုပ်စုမှ ကိုကျော်သူက ပြောသည်။ **(မြို့နယ် ပြန်/ဆက်)**

# အောင်လံရေဘေးသင့်ပြည်သူများအား ရပ်စောက်မြို့နယ်မှ ပစ္စည်းများလာရောက်လှူဒါန်း

**ရပ်စောက် ဩဂုတ် ၂၉**

ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့နယ် ယမ်းတွင်းငါးကြောင်အုပ်စု ဦးဩဘာသ (ထီးဆံကုန်းကျောင်း)၊ ဦးသုမန(ပင်ဖြစ်ရွာမ စာသင်တိုက်)၊ ဦးကောသလ္လ (ဘုရားငါးဆူကျောင်း)၊ ဦးသုဘောဓ(ဆီဆုံကျောင်း) တို့မှ ဆရာတော်များနှင့်ဒါယကာ၊ ဒါယိကာမများက စုပေါင်းလှူဒါန်းခဲ့သည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းကာလတန်ဖိုးငွေကျပ် ၁၁၉၄၀၆၀၀ တန်ဖိုးရှိ ပစ္စည်းများအား အောင်လံမြို့နယ်အတွင်းရှိ ရေဘေးသင့်ဒေသများဖြစ်ကြသည့် ရေလယ်ကျွန်း၊ ထန်းတပင်ကုန်း၊ မင်းပြင်ရွာကြီးတို့အား လှူဒါန်းခဲ့ကြောင်း သိရသည်။

**မိုးကိုကို(အောင်လံ)**

# ဇမ္ဗူသီရိမြို့နယ်တွင် မျိုးသန့်ထုတ်စိုက်ကွင်းများနှင့် ပျိုးသက်နုကောက်ကွက်ကြဲစိုက်စနစ်စံပြကွက်များ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၉**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်တွင် ၂၀၁၆-၂၀၁၇ မိုးစပါးရာသီတွင် စိုက်ပျိုးထားသော (RS-CS)မျိုးသန့်ထုတ်စိုက်ကွင်းများနှင့် စိုက်စနစ်ယှဉ်ပြိုင်စိုက်ကွက်၊ မျိုးယှဉ်ပြိုင်ကွက်ပျိုး သက်နုကောက်ကွက်ကြဲ(SRI)စိုက်နည်း စံပြကွက်များ ကြည့်ရှုစစ်ဆေးခြင်းကို ဩဂုတ် ၂၈ ရက်က တဲကြီးကုန်းမျိုးစေ့ ထုတ်လုပ်သူများအသင်းနှင့် အောင်ဇမ္ဗူ မျိုးစေ့ထုတ်လုပ်သူများအသင်းရှိ စိုက်ပျိုးဧက ၆၆ စိုက်ကွက်များတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) စပါးသီးနှံဌာနမှ ညွှန်ကြားရေးမှူးဒေါ်သူဇာမြင့်၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး



ဦးတင်ဦးကြိုင်၊ ခရိုင်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှငြိမ်းတို့က ကြည့်ရှုစစ်ဆေးပြီး ညွှန်ကြားရေးမှူး ဒေါ်သူဇာမြင့်က မျိုးစေ့ထုတ်စိုက်ကွက်များ ပီပြင်စွာ ဆောင်ရွက်နိုင်ရေးနှင့် မျိုးကွဲများ စနစ်တကျ နုတ်ပယ်သွားကြရန် မြို့နယ်နှင့် ကွင်းဝန်ထမ်းများအား မှာကြားခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ မသန်စွမ်းကျောင်းများ၊ လူငယ်သင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်

**ရန်ကုန် ဩဂုတ် ၂၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ မသန်စွမ်းကျောင်းများ၊ လူငယ်သင်တန်းကျောင်းများနှင့် စေတနာ့ဝန်ထမ်းပရဟိတဂေဟာသင်တန်းကျောင်းများမှ ၂၀၁၅-၂၀၁၆ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၇ ရက်က ရန်ကုန်မြို့ရှိ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း၌ ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်က အမှာစကားပြောကြားပြီး စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူ ၁၄ ဦးအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများချီးမြှင့်ခဲ့သည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းကို လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ လူငယ်သင်တန်းကျောင်းများနှင့် မသန်စွမ်းသင်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူ ၄၃ ဦး ဝင်ရောက်ဖြေဆိုရာ အမျိုးသမီးကလေးများသင်တန်းကျောင်း(ရန်ကုန်)မှ တစ်ဦး၊ မော်လမြိုင် လူငယ်သင်တန်းကျောင်းမှတစ်ဦး၊ လပွတ္တာလူငယ်အားမာန်သင်တန်းကျောင်းမှ နှစ်ဦး၊ စစ်ကိုင်းမျက်မမြင်ကျောင်းမှ နှစ်ဦး၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ လေးဦးနှင့် ပြင်ပမှ ထူးချွန်မသန်စွမ်းကျောင်းသား ကျောင်းသူ လေးဦး စုစုပေါင်း ၁၄ ဦး အောင်မြင်ခဲ့ကြောင်းသိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## ဂျူဗင်တပ်စ်တိုက်စစ်မှူး စီမိုနီဇာဇာကို ဝက်စ်ဟမ်းက အငှားစာချုပ်နဲ့ခေါ်ယူ

ဝက်စ်ဟမ်းအသင်းဟာ ဂျူဗင်တပ်စ်တိုက်စစ်မှူး စီမိုနီဇာဇာကို အငှားစာချုပ်နဲ့ ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။ ဝက်စ်ဟမ်းအသင်းအနေနဲ့ တိုက်စစ်မှူးဇာဇာ ခြေစွမ်းပြကစားနိုင်မယ်ဆိုရင် အမြဲတမ်းကစားသမားအဖြစ် ဝယ်ယူသွားဖို့ရှိနေပါတယ်။

အသက် ၂၅ နှစ်အရွယ်ရှိတဲ့ တိုက်စစ်မှူး ဇာဇာကို ဝက်စ်ဟမ်းအသင်းက အငှားစာချုပ် အဆုံးသတ်ချိန်မှာ ငါးနှစ်စာချုပ်နဲ့ အပြီးသတ်ခေါ်ယူသွားနိုင်ပါတယ်။ ဝက်စ်ဟမ်းက အမြဲတမ်းကစားသမားအဖြစ် ခေါ်ယူမယ်ဆိုရင်တော့ ပေါင် ၁၇ သန်းနဲ့ ကစားသမားတစ်ဦး အလိုက်ပေးရဖွယ်ရှိပါတယ်။ လောလောဆယ်မှာတော့ အငှားစာချုပ်အတွက် ပေါင် ၄ ဒသမ ၃ သန်းနဲ့ ခေါ်ယူဖို့ သဘောတူညီထားပါတယ်။ တိုက်စစ်မှူးဇာဇာဟာ ပြီးခဲ့တဲ့ရာသီက ဂျူဗင်တပ်စ်အသင်းမှာ ၁၉ ပွဲ ပါဝင်ကစားခဲ့ပြီး ငါးဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ ဒ့ါအပြင် အီတလီလက်ရွေးစင်အသင်းမှာလည်း ၁၄ ပွဲ ပါဝင်ကစားခဲ့ပြီး အီတလီအသင်းကို ဥရောပပြိုင်ပွဲမှာ ကွာတားဖိုင်နယ်အထိရောက်အောင် ကြိုးစားပေးနိုင်ခဲ့သူဖြစ်ပါတယ်။



## အင်္ဂလန်အတွက် နံပါတ်တစ်နေရာမှာ ဆက်ရှိနေဦးမယ့် ဂျိုးဟတ်

မန်စီးတီးအသင်းမှာ နံပါတ်တစ်ဂိုးသမားနေရာကို စွန့်လွှတ်ခဲ့ရသော်လည်း ဂိုးသမားဂျိုးဟတ်ကို အင်္ဂလန်နည်းပြသစ်ဖြစ်လာတဲ့ ဆမ်အလာဒိုက်စ်ကတော့ နံပါတ်တစ်နေရာမှာဆက်ထားဖို့ အတည်ပြုပြောဆိုလိုက်ပါတယ်။

အသက် ၂၉ နှစ်ရွယ်ရှိတဲ့ ဂျိုးဟတ်ဟာ လာမယ့် သီတင်းပတ်မှာ မန်စီးတီးအသင်းကနေ ထွက်ခွာသွားဖွယ်ရှိနေပါတယ်။ အင်္ဂလန်နည်းပြ ဆမ်အလာဒိုက်စ်ကတော့ လာမယ့်စက်တင်ဘာလမှာ ဆလိုဗေးနီးယားနဲ့ ကစားမယ့် ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ ဂျိုးဟတ်ကို အင်္ဂလန်အသင်းရဲ့ နံပါတ်တစ်ဂိုးသမားအဖြစ် ဆက်လက်ရွေးချယ်လိမ့်မယ်လို့ ဆိုပါတယ်။ ဂျိုးဟတ်ဟာ ကမ္ဘာ့အကောင်းဆုံး ဂိုးသမားတစ်ဦးအဖြစ် ဆက်လက်အစွမ်းပြနေဆဲဖြစ်ပါတယ်။ အင်္ဂလန်အသင်းနဲ့အတူ ပွဲပေါင်း ၆၃ ပွဲပါဝင်ကစားခဲ့သူလည်းဖြစ်ပါတယ်။ သူဟာ ၂၀၀၈ ခုနှစ်ကစပြီး အင်္ဂလန်အသင်းမှာ ပါဝင်ကစားခဲ့ပါတယ်။ ရှုန်းနေပြီးရင် ဂျိုးဟတ်ဟာ အင်္ဂလန်အသင်းမှာ ပွဲအများဆုံး ပါဝင်ကစားခဲ့သူဖြစ်ပါတယ်။



ကောင်းမြတ်သူ - စုစည်းသည်



# ပြိုင်ဘက်တွေကို ကျော်ဖြတ်ဖို့ခက်ခဲမယ့် အာဂျင်တီးနားနဲ့ ဘရာဇီးတို့ရဲ့ ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲ

မိုးမြင့်လင်းလက်

**၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲတွေကို ဇုန်အလိုက် ကျင်းပနေပြီဖြစ်လို့ ဒီတစ်ပတ် ကြားရက်ဖြစ်တဲ့ စက်တင်ဘာ ၂ ရက်မှာတော့ တောင်အမေရိကဇုန်ခြေစစ်ပွဲတွေ ကစားဖို့ရှိနေပါတယ်။ ခြေစစ်ပွဲအောင်ဖို့ အပြိုင်အဆိုင်အားထုတ်နေကြတဲ့ တောင်အမေရိကအသင်းတွေရဲ့ ယှဉ်ပြိုင်မှုကတော့ ရင်ခုန်စရာပါပဲ။ လောလောဆယ် ခြောက်ပွဲကစားပြီးချိန်မှာ ဥရုဂွေး၊ အီကွေဒေါနဲ့ အာဂျင်တီးနားအသင်းတွေက အခြေအနေကောင်းနေတာတော့ အမှန်ပါပဲ။**

### အာဂျင်တီးနားနှင့် ဥရုဂွေး

တောင်အမေရိကဇုန်ခြေစစ်ပွဲ ခြောက်ပွဲအပြီးမှာ ဥရုဂွေးအသင်းက လေးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနဲ့ ၁၃ မှတ်ရရှိနေပြီး ထိပ်ဆုံးနေရာမှာ ရပ်တည်နေပါတယ်။ အာဂျင်တီးနားတို့က ခြောက်ပွဲကစား၊ သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးနဲ့ ၁၁ မှတ်ရရှိပြီး တတိယနေရာမှာ ရှိနေပါတယ်။ အာဂျင်တီးနားရဲ့ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲရလဒ်ကိုကြည့်ရင် ချီလီကို ဂိုးမရှိသရေဖြစ်ခဲ့ပြီး အမေရိကန်နဲ့ ဗင်နီဇွဲလားအသင်းတွေကို ဂိုးပြတ်သွင်း နိုင်ပွဲရထားပါတယ်။ ဥရုဂွေးတို့ကလည်း ဂျမေကာအသင်းကို နိုင်ပေမယ့် မက္ကဆီကိုကိုရှုံးထားတာမို့ ဒီပွဲမှာ ခက်ခဲပါလိမ့်မယ်။ ဒီနှစ်သင်းတွေ့ဆုံမှုနောက်ဆုံးသုံးပွဲရလဒ်ကို ကြည့်ရင် အာဂျင်တီးနားတို့ချည်း နိုင်ပွဲတွေရယူထားတာမို့ အခုပွဲမှာလည်း အာဂျင်တီးနားတို့ သုံးမှတ်အပြည့်ရယူမယ့်ပွဲပါ။

### အီကွေဒေါနှင့် ဘရာဇီး

အီကွေဒေါအသင်းဟာ ခြောက်ပွဲကစားပြီးချိန်မှာ ၁၃ မှတ်ရရှိပြီး ဒုတိယနေရာမှာ ရပ်တည်နေပါတယ်။ အိုလံပစ်ချန်ပီယံ ဘရာဇီးတို့ကတော့ ခြောက်ပွဲကစား၊ ကိုးမှတ်ရရှိနေတာမို့ ဆဋ္ဌမနေရာကို ရောက်နေပါတယ်။ ဘရာဇီးကွင်းမှာ ကစားခဲ့တဲ့ပွဲမှာ ဘရာဇီးတို့ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာကြောင့် အခုပွဲအဝေးကွင်းဖြစ်နေလို့ စိတ်ပူစရာပါပဲ။ အနိုင်ကစားမှရမယ့် ဘရာဇီးတို့ဟာ ဒီပွဲကို ကစားသမားအစုံအလင်နဲ့ ပွဲထွက်လာမှာ သေချာပါတယ်။ နေမာဦးဆောင်တဲ့ ဘရာဇီးတိုက်စစ်က ဂိုးခြေမြူးရင်တော့ အီကွေဒေါကို အနိုင်ရဖြတ်ကျော်နိုင်ပေမယ့် အမှားအယွင်းလည်းနည်းအောင် ကစားတတ်တဲ့ အီကွေဒေါခံစစ်ကြောင့် ဘရာဇီးတို့ ထင်တိုင်းမပေါက်နိုင်ပါဘူး။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံ ခဲ့တဲ့ သုံးပွဲရလဒ်ကိုကြည့်ရင် ဘရာဇီးက နှစ်ပွဲနိုင်ပြီး တစ်ပွဲသရေဖြစ်ထားပါတယ်။ မဖြစ်မနေနိုင်ပွဲရမှ အခြေအနေကောင်းမယ့် ဘရာဇီးရဲ့ စွမ်းဆောင်ရည်ကပဲ အနိုင်ကို ပုံဖော်သွားမယ်လို့ ယုံကြည်ပါတယ်။

### ပါရာဂွေးနှင့် ချီလီ

အဆင့်(၄) နေရာမှာ ရှိနေတဲ့ ချီလီအသင်းဟာ နောက်ဆုံးငါးသင်းစာရင်းဝင်ဖို့ အကြိတ်အနယ်ကြိုးစားလာမယ့် ပါရာဂွေးကို ခက်ခဲစွာရင်ဆိုင်ရမှာဖြစ်ပါတယ်။ လောလောဆယ်မှာတော့ ပါရာဂွေးတို့ အမေရိကန်ကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးထားပြီး ကိုလံဘီယာအသင်းကိုလည်း နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးထားပါတယ်။ ကော်စတာရီကာအသင်းကိုတော့ ဂိုးမရှိသရေပွဲဖြစ်ထားတာမို့ အခုပွဲမှာ ချီလီကို ခြေကုန်ထုတ်မှရပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲ တွေ့ဆုံမှုမှတ်တမ်းကိုကြည့်ရင် ချီလီက နှစ်ပွဲနိုင်ပြီး ပါရာဂွေးက တစ်ပွဲနိုင်ထားပါတယ်။ လက်ရှိခြေစွမ်းအရ ချီလီတို့ပဲ အောင်ပွဲခံသွားပါလိမ့်မယ်။

### ဘိုလီးဗီးယားနှင့် ပီရူး

နှစ်သင်းစလုံး ခြေစစ်ပွဲအောင်ဖို့ ခက်ခဲနေပြီဖြစ်ပါတယ်။ ပီရူးက ခြောက်ပွဲကစားပြီး လေးမှတ်ရကာ အဋ္ဌမနေရာမှာရှိနေသလို ဘိုလီးဗီးယားတို့ကလည်း ခြောက်ပွဲကစားပြီးချိန်မှာ သုံးမှတ်သာရရှိထားပါတယ်။ ဒီနှစ်သင်းဆုံတိုင်း သရေပွဲ များနေတတ်ပေမယ့် လောလောဆယ်မှာ အာဂျင်တီးနား၊ ချီလီ၊ ပနားမားအသင်းတွေကို ဆက်တိုက်ရှုံးနေတဲ့ အိမ်ရှင်တို့ သိပ်တော့မလွယ်ပါဘူး။ ပီရူးတို့ပဲ နိုင်ပွဲရသွားပါလိမ့်မယ်။

### ကိုလံဘီယာနှင့် ဗင်နီဇွဲလား

ခြေစစ်ပွဲအောင်ဖို့ အပြင်းအထန် ကြိုးစားနေတဲ့ ကိုလံဘီယာတို့ဟာ ဒီပွဲမှာ ဗင်နီဇွဲလားကို အသာစီးရအောင် အားထုတ်ပါလိမ့်မယ်။ ကိုလံဘီယာအသင်းဟာ လောလောဆယ် ချီလီကို နှစ်ဂိုးပြတ်ရှုံးပြီး အမေရိကန်ကို တစ်ဂိုး-ဂိုးမရှိနဲ့နိုင်ကာ ပီရူးကို ဂိုးမရှိသရေကစားထားပါတယ်။ ဗင်နီဇွဲလားရဲ့ခြေစွမ်းကလည်း ဥရုဂွေးကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ကစားခဲ့ပေမယ့် အာဂျင်တီးနားကို လေးဂိုး-တစ်ဂိုးနဲ့ရှုံးကာ မက္ကဆီကိုအသင်းကို တစ်ဂိုးစီသရေပွဲဖြစ်ထားပါတယ်။ ဒီပွဲမှာ ခြေစစ်ပွဲအောင်ဖို့ မဖြစ်မနေနိုင်ပွဲလိုအပ်နေတဲ့ ကိုလံဘီယာတို့ ခြေကုန်ထုတ်ကစားပြီး အောင်ပွဲခံသွားပါလိမ့်မယ်။ ။

## ပွဲအစမှာ ကစားခွင့်ရဖို့မသေချာသေးတဲ့ မန်ယူတိုက်စစ်မှူး ရပ်ချ်ဖို့ဒ်

မန်ယူနဲ့ ဟားလ်စီးတီးတို့ ကစားတဲ့ပွဲမှာ လူစားဝင်ကစားခဲ့တဲ့ လူငယ်ကစားသမား မားကပ်စ်ရပ်ချ်ဖို့ဒ်ကို မန်ယူရဲ့ ပွဲအစမှာ ပါဝင်ကစားဖို့ အာမမခံနိုင်သေးဘူးလို့ နည်းပြမော်ရင်ဟိုက ပြောဆိုလိုက်ပါတယ်။ ဒီပွဲမှာ မန်ယူက ဟားလ်စီးတီးအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရသွားခဲ့ပါတယ်။

အသက် ၁၈ နှစ်အရွယ်သာရှိသေးတဲ့ လူငယ်တိုက်စစ်မှူး ရပ်ချ်ဖို့ဒ်ရဲ့ လေလွင့်ချိန် အနိုင်ဂိုးကြောင့် မန်ယူရဲ့ အောင်ပွဲခံမှုကို ၁၀၀ ရာခိုင်နှုန်းဆက်ထိန်းထားနိုင်ခဲ့ပါတယ်။ မန်ယူနဲ့ မန်စီးတီးတို့ဟာ လာမယ့်စက်တင်ဘာ ၁၈ ရက်မှာ ယှဉ်ပြိုင်ကစားကြမှာပါ။ ဒီပွဲမှာ ရပ်ချ်ဖို့ဒ်အနေနဲ့ အနိုင်ဂိုးသွင်းယူခဲ့တာ မှန်ပေမယ့် ပွဲအစ ကစားဖို့ အာမမခံဘူးလို့ နည်းပြမော်ရင်ဟိုက ဆိုပါတယ်။

မန်ယူမှာ အဓိကတိုက်စစ်မှူးနေရာကို အီဘရာဟီမိုဗစ်က တာဝန်ယူထားပါတယ်။ ကျွန်တော်တို့အနေနဲ့ ရပ်ချ်ဖို့ဒ်ကို ပွဲအစ ကစားစေလိုသော်လည်း ဝါရင့်တိုက်စစ်မှူး အီဘရာဟီမိုဗစ်ကို ချန်ထားလို့မဖြစ်ပါဘူး။ သူနဲ့ တွဲဖက်ပြီး အချို့ပွဲတွေမှာ ရပ်ချ်ဖို့ဒ်ကို ပွဲအစ ကစားခွင့်ပေးကောင်းပေးလိမ့်မယ်လို့ နည်းပြမော်ရင်ဟိုက ဆိုပါတယ်။ ပွဲစဉ်(၃)အပြီးမှာ မန်ယူအသင်းဟာ ချယ်လ်ဆီးအသင်းနဲ့အပြိုင် သုံးပွဲဆက်တိုက်အနိုင်ရရှိထားတဲ့အတွက် ရာသီအစ တာထွက်ကောင်းနေဆဲဖြစ်ပါတယ်။



# ပြည်သူတို့ ယုံကြည်အားထားလာသည့် ရန်ကုန်မြို့ပတ်ရထားပေါ်က လုံခြုံရေးများ

**သတင်းဆောင်းပါး-ဖေဇော် ၊ ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**



ရထားရဲတပ်ဖွဲ့တာဝန်ရှိသူများက ရန်ကုန်မြို့ပတ်ရထားစီးခရီးသည်များအား လုံခြုံမှုနှင့် မှုခင်းလျော့နည်းကျဆင်းရန် ပညာပေးဟောပြောစဉ်

**ရထားရဲတပ်ဖွဲ့၏ လုံခြုံရေးမြှင့်တင်ဆောင်ရွက်လာမှုကြောင့် မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းတွင် လက်မှတ်မဲ့စီးနင်းခြင်း၊ စည်းကမ်းမဲ့ဈေးရောင်းချခြင်း၊ အခြေအနေမဲ့နေထိုင်ခြင်း၊ စည်းကမ်းမဲ့စီးနင်းခြင်းများ လျော့နည်းလာသည့်အပြင် မှုခင်းဖြစ်ပွားမှုနှင့် မတော်တဆ ထိခိုက်မှုအန္တရာယ်ဖြစ်ပွားမှုလည်း လျော့နည်းလာ**

ရန်ကုန်မြို့တွင် နေ့စဉ် လူဦးရေတိုးတက်များပြားလာသည်နှင့်အမျှ ယာဉ်ကြောကျပ်တည်းမှုကိုလည်း ပိုမိုကြုံတွေ့နေရသည်။ ပြည်သူတို့အနေဖြင့် နိစ္စဓူဝ သွားလာမှုပြုရာတွင် ခရီးသည်တင်ယာဉ်လိုင်းများကို အများစုအသုံးပြုနေရသော်လည်း ယာဉ်ကြောကျပ်တည်းမှုများကြောင့် မြန်မာ့မီးရထား၏ မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်း ပြေးဆွဲနေသည့် မြို့ပတ်ရထားကို အားကိုးစီးနင်းသူ ပိုမိုများပြားလာသည်။

“လိုင်းကားစီးရင် လမ်းပိတ်နေတာကြောင့် ဘယ်အချိန်ရောက်မယ်၊ ဘယ်လောက်ကြာမယ်ဆိုတာ ကြိုတင်ခန့်မှန်းလို့မရဘူး။ မီးရထားကျတော့ ကိုယ်သွားမယ့်ခရီးနဲ့ ရောက်မယ့်အချိန်ကို ခန့်မှန်းလို့ရတော့ အခုနောက်ပိုင်း ရုံးသွားရင် ရထားပဲစီးတော့တယ်” ဟု အင်းစိန်ဘူတာမှ လမ်းမတော်ဘူတာသို့ နေ့စဉ် မီးရထားဖြင့်ရုံးသွား၊ရုံးပြန် ပြုလုပ်လေ့ရှိသူ ကုမ္ပဏီဝန်ထမ်း မဝင်းမာကပြောသည်။

ရန်ကုန်မြို့နေ ပြည်သူတို့အနေဖြင့် မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းပြေးဆွဲနေသည့် မီးရထားကို အားကိုးစီးနင်းမှုများပြားလာသည်နှင့်အမျှ မြန်မာ့မီးရထားအနေဖြင့် ခရီးသွားပြည်သူများ သက်သောင့်သက်သာရှိစေရန်၊ လုံခြုံစိတ်ချမှုရှိစေရန်၊ ပိုမိုကောင်းမွန်သော ခရီးသွားဝန်ဆောင်မှုစနစ်ရရှိစေရန်တို့ကို ဆောင်ရွက်နေသကဲ့သို့ ရထားရဲတပ်ဖွဲ့အနေဖြင့်လည်း ခရီးသွားပြည်သူတို့အတွက် လုံခြုံမှုရှိစေရန်နှင့် မှုခင်းများလျော့နည်းကျဆင်းစေရန် ရည်ရွယ်ချက်ဖြင့် နေ့စဉ်ရထားစီး ခရီးသွားပြည်သူတို့အား အသိပညာပေးခြင်း၊ လုံခြုံရေးဆောင်ရွက်ခြင်းများကို ယခင်ကထက် ပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းပြေးဆွဲနေသည့် မီးရထားတစ်စင်း ပုံမှန်ချိန်တွင် လုံခြုံရေးဆောင်ရွက်ရန် ရထားရဲတပ်ဖွဲ့ဝင်သုံးဦးနှုန်းဖြင့် ချထားပေးသော်လည်း ရုံးတက်၊ ရုံးဆင်းချိန်များတွင် လုံခြုံရေးအင်အားတိုးချဲ့သည့်အနေဖြင့် ငါးဦးမှ ခြောက်ဦးအထိ အင်အားတိုးမြှင့်ချထားဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်မှုသည် မေ ၁ ရက်မှစတင်၍ ရထားရဲတပ်ဖွဲ့ဝင်များအနေဖြင့် မိမိတို့အပိုင်နယ်မြေများအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးကဏ္ဍများကို အရှိန်မြှင့် တင်ဆောင်ရွက်ရာတွင် တစ်ခုအပါအဝင်ဖြစ်သည်။



ရထားရဲတပ်ဖွဲ့ဝင်များက သက်ကြီး ရထားစီးခရီးသည်များအား ကူညီဆောင်ရွက်ပေးစဉ်

“အခုနောက်ပိုင်း မှုခင်းဖြစ်ပွားမှု သိသိသာသာ လျော့နည်းလာတာကို တွေ့ရတယ်။ လုံခြုံရေးအင်အား တိုးချဲ့ချထားပေးတာကြောင့် လုပ်ငန်းပိုင်းမှာဆိုရင်လည်း တိတိကျကျ ခွဲဝေဆောင်ရွက်နိုင်တဲ့အတွက် ပိုပြီးထိရောက်အောင်မြင်တာကို တွေ့ရတယ်။ အရင်တုန်းကဆိုရင် အရက်သမားတွေ၊ အခြေအနေမဲ့တွေ၊ မှောင်ရိပ်ခိုတာမျိုးတွေလည်း များပါတယ်။ အခြားအမှုတွေအနေနဲ့ကတော့ ဘူတာရပ်ဝန်းတချို့မှာ ခိုး၊ ဆိုး၊ နှိုက်တွေ ဖြစ်ပွားလေ့ရှိတယ်။ အခုနောက်ပိုင်းမှာတော့ လုံခြုံရေးအင်အားတိုးချဲ့ပြီး ဆောင်ရွက်နေတာကြောင့် မှုခင်းဖြစ်ပွားမှု လျော့နည်းသွားတယ်။ ဖြစ်ခဲ့ရင်လည်းပေါ်တဲ့ အမှုများပါတယ်”ဟု အမှတ်(၁၄)တပ်ခွဲ အင်းစိန်တပ်ခွဲမှူး ဒုရဲမှူး စိုးမိုးလွင်က ပြောသည်။

ပြည်သူတို့အနေဖြင့် မီးရထားသံလမ်းများပေါ်တွင် အဝတ်လှန်းခြင်း၊ လုပ်ငန်းလုပ်ကိုင်ခြင်း၊ အရက်သေစာသောက်စားခြင်း၊ လောင်းကစားလုပ်ကိုင်ခြင်း၊ အိပ်စက်အနားယူခြင်းနှင့် မနိုင်ဝန်များဖြင့် မီးရထားသံလမ်းဖြတ်ကူးခြင်း၊ တရားဝင်မဟုတ်သည့် မီးရထားသံလမ်းကူးများမှ ဖြတ်ကူးခြင်းတို့ကိုလည်း မပြုလုပ်သင့်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ရထားရဲတပ်ဖွဲ့ အမှတ်(၁၄)တပ်ခွဲ အင်းစိန်အနေဖြင့် မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းတွင် မှုခင်းကျဆင်းရေးအတွက် လုံခြုံရေးမြှင့်တင်ဆောင်ရွက်နေ သကဲ့သို့ ခရီးသွားပြည်သူတို့ မတော်တဆထိခိုက်အန္တရာယ်ဖြစ်ပွားမှု မရှိစေရန်အတွက် အသိပညာပေးမှုများ ဆောင်ရွက်နေသည့်အပြင် မသင်္ကာမှုများတွေ့ရှိခြင်းနှင့် အကြောင်းတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက ရထားရဲတပ်ဖွဲ့သို့ ချက်ချင်းဆက်သွယ်အကြောင်းကြားနိုင်ရန် ဘူတာရုံနှင့် ရထားတွဲများပေါ်တွင် အရေးပေါ်ဖုန်းနံပါတ်များကိုလည်း မြင်သာသည့်နေရာများတွင် ကပ်ပေးထားကြောင်း တွေ့ရသည်။

ရထားရဲတပ်ဖွဲ့၏ လုံခြုံရေးမြှင့်တင်ဆောင်ရွက်လာမှုကြောင့် မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းတွင် လက်မှတ်မဲ့စီးနင်းခြင်း၊ စည်းကမ်းမဲ့ဈေးရောင်းချခြင်း၊ အခြေအနေမဲ့နေထိုင်ခြင်း၊ စည်းကမ်းမဲ့စီးနင်းခြင်းများ လျော့နည်းလာသည့်အပြင် မှုခင်းဖြစ်ပွားမှုနှင့် မတော်တဆ ထိခိုက်မှုအန္တရာယ်ဖြစ်ပွားမှုလည်း လျော့နည်းလာကြောင်း သိရသည်။

ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံး ရထားလမ်းပိုင်းတွင် ဘူတာပေါင်း ၅၅ ဘူတာရှိပြီး တွဲဆိုင်း ၂၃ ဆိုင်းဖြင့် နေ့စဉ် အခေါက်ရေ ၂၁၅ ခေါက်ပြေးဆွဲလျက်ရှိရာ တစ်နေ့လျှင် လူဦးရေနှစ်သောင်းကျော် လိုက်ပါစီးနင်းလေ့ရှိသည်။ အဆိုပါရထားများတွင် လိုက်ပါ စီးနင်းသည့် ခရီးသည်များ၏လုံခြုံရေးအတွက် ရထားရဲတပ်ဖွဲ့ အနေဖြင့် ယခင်က အင်အား ၈၀ ကျော်ဖြင့် ဆောင်ရွက်ခဲ့သော်လည်း ယခုအခါ အင်အား ၂၀၀ ကျော်အထိ တိုးမြှင့်၍ မှုခင်းဖြစ်ပွားမှုကျဆင်းစေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တစ်နေ့တာ၏ အစောဆုံးစတင်ပြေးဆွဲသည့်ရထားမှာ အင်းစိန်ဘူတာမှ နံနက် ၃ နာရီခွဲခန့်တွင် ထွက်ခွာလေ့ရှိပြီး ည ၁၀ နာရီခွဲခန့်တွင် အဆိုပါဘူတာသို့ ပြန်လည်ဆိုက်ရောက်လေ့ရှိရာ ယင်းရထားများတွင် လုံခြုံရေးလိုက်ပါဆောင်ရွက်သူ ရထားရဲတပ်ဖွဲ့ အမှတ်(၁၄)တပ်ခွဲ အင်းစိန်ရထားရဲစခန်းမှ ရဲတပ်ကြပ်ကြီး လှဝင်းအောင်က “မနက်စောစောပိုင်းနဲ့ ညနေပိုင်းတွေမှာ ခရီးသည်နည်းတယ်။ အဲဒီအချိန်မှာ လုယက်မှုတို့၊ ခိုးမှုတို့ ဖြစ်ပွားနိုင်ခြေရှိတဲ့အတွက် ပိုပြီးသတိထားရတယ်။ လူနည်းတဲ့တွဲတွေမှာ စီးနင်းလိုက်ပါလာတဲ့ ခရီးသည်တွေကိုလည်း လူများတဲ့တွဲတွေမှာ စုပေါင်းပြီးစီးဖို့ ပြောရတယ်။ ရွှေနဲ့ တန်ဖိုးကြီးပစ္စည်းတွေ ဝတ်ဆင်ထားတဲ့သူတွေ ပြတင်းပေါက်နားမှာထိုင်နေရင် လုယူပြီးခုန်ဆင်းထွက်ပြေးသွားနိုင်တာကြောင့် သတိထားစီးနင်းဖို့ပြောရတယ်။ အဲဒီအခါမျိုးမှာတော့ တချို့က မကြိုက်ကြဘူး။ ကျွန်တော်တို့အနေနဲ့ကတော့ လုံခြုံရေးအတွက် ပိုပြီးစောင့်ကြပ်မှုတွေလုပ်ရတာပေါ့”ဟု ပြောသည်။

“ကျွန်မတို့က ဈေးရောင်းတာဆိုတော့ မိုးချုပ်မှအိမ်ပြန်ရတယ်။ ဆိုင်က ဘူတာနဲ့နီးတော့ နေ့စဉ်လိုလို ရထားနဲ့ပြန်နေကျပါ။ အခုနောက်ပိုင်း ရထားတွဲတွေမှာ ရထားရဲတွေကို ပိုပြီးမြင်တွေ့လာရတယ်။ သူတို့အနေနဲ့လည်း တစ်တွဲပြီး တစ်တွဲ ကင်းလှည့်နေတော့ ပိုပြီးလုံခြုံမှုရှိသလို ခံစားရပါတယ်”ဟု ည ၉ နာရီခွဲခန့်တွင် ဘုရားလမ်းဘူတာမှ သမိုင်းမြို့သစ်ဘူတာသို့ နေ့စဉ်ပြန်လေ့ရှိသူ ဒေါ်ချိုချိုက သူ၏အမြင်ကို ပြောသည်။

ထိုသို့ဆောင်ရွက်လာမှုကြောင့် ထူးခြားမှုခင်းဖြစ်စဉ်အဖြစ် ဇွန် ၁၆ ရက် နံနက်ပိုင်းက RBE မြို့ပတ်ရထားသည် လှော်ကားမှ အင်းစိန်ဘူတာဘက်သို့ ထွက်ခွာလာစဉ် တညင်းကုန်းဘူတာအထွက် စီးနင်းလိုက်ပါလာသည့် ခရီးသည်အမျိုးသမီးတစ်ဦးထံမှ ငွေကျပ်လေးသိန်းကျော်တန်ဖိုးရှိ ဆွဲကြိုးတစ်ကုံးအား တညင်းကုန်းဘူတာ၌ တက်ရောက်လာသော အမျိုးသားတစ်ဦးက ဆွဲဖြုတ်ခုန်ဆင်းထွက်ပြေးခဲ့ပြီး ဆွဲကြိုးအား လက်ဝယ်တွေ့ရှိမှုမရှိစေရန် ဝမ်းဗိုက်အတွင်း မျိုချလိုက်သည့်ဖြစ်စဉ်ကိုလည်း ရထားရဲတပ်ဖွဲ့က ချက်ချင်းလိုက်လံဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ခဲ့သည်။

“ညနေပိုင်းမှာတော့ သောက်စားထားတဲ့သူတွေကြောင့် ခရီးသည် အချင်းချင်း မချေမငံဖြစ်တာမျိုးလောက်ပဲ ရှိပါတယ်။ အဲဒီအခါမျိုးမှာတော့ လုံခြုံရေးက ရှင်းပေးလိုက်ရင် ပြီးသွားတာပါပဲ။ အခုနောက်ပိုင်းမှာတော့ မှုခင်းဖြစ်ပွားမှု မရှိသလောက်ပါ။ တချို့ကျတော့ ကိုယ်လိုရာခရီးရောက်တော့ အလျင်စလိုဆင်းသွားလို့ ပစ္စည်းတွေကျန်ခဲ့တာမျိုးတွေ ရှိတတ်တယ်။ အဲဒီအခါမျိုးမှာတော့ ကျွန်တော်တို့အနေနဲ့တွေ့ရင် သက်ဆိုင်ရာ ရထားရဲစခန်းကိုအပ်တယ်။ အဲဒီကနေမှတစ်ဆင့် ပိုင်ရှင်ကိုစုံစမ်းပြီး ပြန်လည်အပ်နှံတာမျိုးတွေ လုပ်ပါတယ်။ မှုခင်းဆိုတာ မဖြစ်ခင်ကြိုတင်ကာကွယ်တတ်ဖို့ အရေးကြီးပါတယ်” ဟု လုံခြုံရေးလိုက်ပါဆောင်ရွက်နေသူ ရထားရဲတပ်ဖွဲ့မှ ဒုတပ်ကြပ် အေးဇော်ဦးက ပြောသည်။

လုံခြုံရေးလိုက်ပါဆောင်ရွက်သည့် ရထားရဲတပ်ဖွဲ့ဝင်များအနေဖြင့် ရထားစီးခရီးသည်များ၏ မေ့ကျန်ပစ္စည်းများကိုတွေ့ရှိပါက ပိုင်ရှင်ထံပြန်လည်အပ်နှံမှုများ ပြုလုပ်လေ့ရှိရာ ထူးခြားမှုအနေဖြင့် ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက ရန်ကုန်ဘူတာကြီး(၆/၇) စင်္ကြံတွင် ဈေးသည်ရှင်းလင်းခြင်းနှင့် လှည့်ကင်းဆောင်ရွက်နေစဉ် (အင်းစိန်) မြို့ပတ်လက်မှတ်အရောင်းဌာနအနီး ထိုင်ခုံပေါ်မှ iPhone တစ်လုံးအား ပိုင်ရှင်မဲ့တွေ့ရှိ၍ စုံစမ်းမှုများပြုလုပ်ခဲ့သဖြင့် ပိုင်ရှင်ဖြစ်သူ အမေရိကန်နိုင်ငံသား JEFFERY KYLE CANON အသက်(၄၅) နှစ်(**အောက်ပုံ**)ထံသို့ ရထားရဲတပ်ဖွဲ့က အမြန်ဆုံးပြန်လည်အပ်နှံနိုင်ခဲ့ကြောင်း သိရသည်။

ရထားရဲတပ်ဖွဲ့အနေဖြင့် နေ့စဉ် ရထားစီးခရီးသည်ပြည်သူတို့၏ လုံခြုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ပေးနေမှုနှင့် ပတ်သက်၍ ရထားရဲတပ်ဖွဲ့ တပ်ခွဲ(၁၄)အင်းစိန် ရထားရဲစခန်းမှူး ရဲအုပ်ခင်ဇော်ဦးက “ပထမဆုံး ရထားဆိုက်လာရင် ပြည်သူတွေအနေနဲ့ မျဉ်းဝါလိုင်းအတွင်းမှာရပ်ပြီး မနေသင့်ပါဘူး။ မတော်တဆမှုတွေဖြစ်ပွားနိုင်တဲ့ အန္တရာယ်ရှိတဲ့နေရာပါ။ ဒါကိုပြည်သူတွေ သိပ်မသိကြပါဘူး။ ရထားထွက်တဲ့အချိန်မှာလည်း တံခါးပိတ်မပါတဲ့ ရထားတွဲတွေမှာ အပေါက်မှာတွယ်ကပ်ပြီး မစီးသင့်ပါဘူး။ အခုလို မိုးရာသီမှာဆိုရင် ပိုပြီးအန္တရာယ်များပါတယ်။ မတော်တဆခြေချော်ပြီး ပြုတ်ကျတာတွေ ပိုဖြစ်နိုင်ပါတယ်။ နောက်တစ်ခုက ရထားပေါ်ကဆင်းတဲ့အခါမှာ ပလက်ဖောင်းရှိတဲ့ဘက်ကနေ ဆင်းဖို့လိုတယ်။ ပလက်ဖောင်းမရှိတဲ့ဘက်ကနေ ခုန်ဆင်းလို့ ရထားအောက်ရောက်သွားနိုင်တဲ့ မတော်တဆမှုမျိုးတွေ ဖြစ်တတ်ပါတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့အနေနဲ့ အသိပညာပေးမှုတွေလုပ်နေပါတယ်။ ခရီးသွားပြည်သူတွေအနေနဲ့ စည်းကမ်းလိုက်နာဖို့လိုပါတယ်”ဟု ပြောသည်။

မြန်မာ့မီးရထားအနေဖြင့် ရထားအသုံးပြုစီးနင်းသူ ခရီးသည်များပြားလာစေရန်နှင့် လွယ်ကူသက်သာစွာစီးနင်းနိုင်ရန်၊ ရထားများ အချိန်တိကျမှန်ကန်စေရန်၊ ခရီးသည်များနှင့် ရထားလမ်းတစ်လျှောက်နေထိုင်သူများ အန္တရာယ်ကင်းရှင်းစေရန်အတွက် မြို့ပတ်နှင့် ဆင်ခြေဖုံးရထားလမ်းပိုင်းကို အဆင့်မြှင့်တင်မှုများ ဆောင်ရွက်နေသကဲ့သို့ ရထားရဲတပ်ဖွဲ့အနေဖြင့်လည်း လုံခြုံရေးအင်အားတိုးမြှင့်၍ မှုခင်းကျဆင်းရေးများကို ဆောင်ရွက်လျက်ရှိရာ ပြည်သူတို့၏ပူးပေါင်းပါဝင်မှုသည် အောင်မြင်မှုအတွက် အဓိက နေရာမှပါဝင်နေသည်မှာ မလွဲဧကန် အမှန်ပင် ဖြစ်ပေသည်။



# စောင့်ကြည့်သူမဲ့ ဖတ်ပြီးပြန်ထား (အခမဲ့)စာကြည့်တိုက်လေး စတင်ဖွင့်လှစ်

**ဘိုကလေး ဩဂုတ် ၂၉**
ပြည်သူများ စာအုပ်စာပေများကို ပိုမိုလွယ်ကူစွာ ရယူဖတ်ရှုနိုင်ပြီး အသိပညာဗဟုသုတများ တိုးပွားလာစေရန်ရည်ရွယ်၍ ဖတ်ပြီးပြန်ထား စောင့်ကြည့်သူမဲ့ (အခမဲ့)စာကြည့်တိုက်လေးကို ဘိုကလေးမြို့၌ ဩဂုတ် ၂၆ ရက်က စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဘိုကလေးမြို့တွင် ပထမဆုံးဖွင့်လှစ်သည့် အဆိုပါ ဖတ်ပြီးပြန်ထား စာကြည့်တိုက်ငယ်လေးကို မြို့မ(၅)ရပ်ကွက် တတိယလမ်းနှင့် (၁၈)လမ်းထောင့်တွင် ဖွင့်လှစ်ထားခြင်းဖြစ်ပြီး မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမျိုးခိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်လှဲ့လှဲ့အေးနှင့် ဖတ်ပြီးပြန်ထား စာကြည့်တိုက်ငယ်လေးများကို ဦးဆောင်တည်ထောင်သူ ဒေါက်တာထက်နေလင်းဦးတို့က ဖွင့်လှစ်ပေးကာ ဒေါက်တာထက်နေလင်းဦးက စာကြည့်တိုက်ငယ်လေးများ ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးက စာအုပ်များ လှူဒါန်းခဲ့သည်။

အဆိုပါ ဖတ်ပြီးပြန်ထား စာကြည့်တိုက်ငယ်လေးများကို ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်တွင် ဇူလိုင် ၂၉ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ ရန်ကုန်တိုင်းဒေသကြီးတွင် မြို့နယ်လေးခုနှင့် မန္တလေး၊ မုဒုံတို့တွင် ဖွင့်လှစ်ထားပြီးဖြစ်ကာ ယခု ဘိုကလေးမြို့၌ ဖွင့်လှစ်ခြင်းမှာ သတ္တမမြောက်မြို့နယ်ဖြစ်ကြောင်း သိရသည်။ ဖတ်ပြီးပြန်ထား စာကြည့်တိုက်ငယ်လေးများမှ စာအုပ်များကို မည်သူမဆို စာအုပ်တစ်အုပ်ကို နှစ်ပတ်ကြာအထိ(အခမဲ့)ငှားရမ်းဖတ်ရှုနိုင်ပြီး စာအုပ်ကို ပြန်အပ်ပြီးလျှင် အသစ်တစ်အုပ် ထပ်မံငှားရမ်းနိုင်ကြောင်း သိရသည်။

စာကြည့်တိုက်ငယ်လေးများ အကြောင်း အသေးစိတ်သိရှိရန်နှင့် အကြံပြုလိုသည်များ၊ စာအုပ်လှူဒါန်းလိုသည်များရှိပါက ဖေ့စ်ဘုတ်စာမျက်နှာ www.facebook.com/ReadFreeMM နှင့် အီးမေးလ် readfreemm@gmail.com သို့ ဆက်သွယ်၍လည်းကောင်း၊ စာကြည့်တိုက်ငယ်များ ဦးဆောင်တည်ထောင်သူ ဒေါက်တာထက်နေလင်းဦး ဖုန်း-၀၉-၇၉၉၆၂၃၇၇ ထံသို့ ဆက်သွယ်၍လည်းကောင်း အကြံပြု၊ လှူဒါန်းနိုင်ကြောင်း သိရသည်။

**အောင်မင်း(ဘိုကလေး)**




# မြို့နယ်ချင်းဆက်လမ်း အဆင့်မြှင့်တင်ရေးလုပ်ငန်းများ စတင်

**သထုံ ဩဂုတ် ၂၉**
မွန်ပြည်နယ်အတွင်းရှိ သိမ်ဆိပ်-ဇီယော်-လေးကေ မြို့နယ်ချင်းဆက် အကျယ် ၁၂ ပေရှိ ကတ္တရာလမ်းကို လမ်းအကျယ် ၁၈ပေ ဖြစ်အောင် အဆင့်မြှင့်တင်တိုးချဲ့ရန်အတွက် မူလလမ်းဟောင်းပေါ်မှ တံတားများကို သံကူကွန်ကရစ်တံတားများအဖြစ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက်မှစတင်၍ ပြန်လည်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

လမ်းကြံ့ခိုင်မှုအတွက် အဆင့်မြှင့်တင်သည့်အနေဖြင့် ပြည်နယ် ဆောက်လုပ်ရေးဝန်ကြီးဌာန(လမ်း/တံတား)က တာဝန်ယူဆောင်ရွက်နေပြီး ယခင်လမ်းဟောင်းရှိ တံတားများအား အကျယ် ပေ ၄၀ ရှိအောင် တိုးချဲ့ခြင်း၊ ကတ္တရာလမ်းအကျယ် ၁၂ ပေကို ၁၈ ပေအထိ လမ်းတိုးချဲ့ခင်းခြင်းနှင့် ထပ်မံ၍ ကတ္တရာလမ်းအကျယ် ၂၄ ပေအထိ တိုးချဲ့နိုင်အောင် ဆောင်ရွက်ခြင်း၊ ယခင် သံပေါင်ဘေလီတံတား ရှစ်စင်းကိုလည်း တန် ၆၀ ခံနိုင်ရည်ရှိသော ကွန်ကရစ်တံတားများအဖြစ် တည်ဆောက်ခြင်းတို့ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အဆိုပါလမ်း၏ တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမြင့်က ပြောသည်။

ယခင်က အဆိုပါလမ်းသည် ကုန်းတစ်တန် ရေတစ်တန် ခရီးသွားလာရ၍ ညဥ့်အိပ်ညဥ့်နေ ခရီးသွားခဲ့ရကြောင်း၊ သဘာဝအခြေအနေ၊ နယ်မြေ မြေပြင်ရေပြင်နှင့် ငြိမ်းချမ်းရေးအခြေအနေများကြောင့် ၂၀၁၀ ခုနှစ်မှစတင်၍ လမ်းဖြစ်မြောက်ရန် ခက်ခဲပင်ပန်းစွာ ကွင်းဆင်းဆောင်ရွက်ခဲ့ရပြီး ယခုအခါ ခရီးသွားလာရလွယ်ကူလာကာ နေ့ချင်းပြန်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

"ဒီလမ်းတစ်လျှောက် တံတားပေါင်း အကြီးအသေး ၂၃၀ စင်း ရှိတယ်။ အခု ပေ ၆၀ ရှိတဲ့ နဝင်းချောင်းတံတားတစ်စင်းပဲ ကျန်တော့တယ်။ ချောင်းရေများနေတဲ့အတွက် သင့်တော်တဲ့အချိန်စောင့်ပြီး အမြန်ပြီးစီးအောင် ဆောင်ရွက်နေပါတယ်"ဟု လမ်း/တံတားဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အရှည် ၃၆ မိုင်ကျော်ရှိသော အဆိုပါ ကျေးရွာချင်းဆက်လမ်းသည် လမ်းတစ်လျှောက်မှ ကျေးရွာပေါင်း ၅၀ ကျော်နေပြည်သူများ အားထားအသုံးပြုနေရသော လမ်းတစ်ခုဖြစ်သည်။ အဆိုပါလမ်းကို မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့မှ ဘီးလင်းမြို့နယ် လေးကေကျေးရွာကို ဖြတ်သန်းပြီး ကရင်ပြည်နယ်အတွင်းရှိ ကတိုင်ထိကျေးရွာအထိ ၁၄ မိုင်ခန့် ဆက်လက်၍ ဖောက်လုပ်သွားဦးမည်ဖြစ်ရာ ကတိုင်ထိ-ကျသောင်းဆိပ်-ဖာပွန်လမ်းနှင့် ဆက်သွယ်ပြီး လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာတော့မည်ဖြစ်ကြောင်းလည်း သိရသည်။

**ခွန်(ဝင်းပ)**

# အမျိုးသမီးများ၏ ဦးဆောင်မှုကဏ္ဍ တိုးမြှင့်ရေးသင်တန်း မကွေးတိုင်းဒေသကြီး လူငယ်ကွန်ရက်က ကြီးမှူးဖွင့်လှစ်

**မကွေး ဩဂုတ် ၂၉**
မကွေးတိုင်းဒေသကြီး လူငယ်ကွန်ရက်က ဦးစီးပြီး မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကွန်မြူနတီစင်တာ၌ Women's Leadership In Political Process သင်တန်းကို ဩဂုတ် ၂၇ ရက်က ဖွင့်လှစ်ခဲ့သည်။

မြို့နယ်အတွင်းမှ အမျိုးသမီးများ မိမိကိုယ်ကို ယုံကြည်မှုမြင့်မားလာပြီး နယ်ပယ်အသီးသီးနှင့် နိုင်ငံရေးဖြစ်စဉ်များတွင် စိတ်ဝင်စားမှုမြင့်တက်လာကာ ဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်လာနိုင်စေရန်နှင့် တိုင်းဒေသကြီးအတွင်းရှိ အမျိုးသမီးများ၏ကဏ္ဍကို မြှင့်တင်ရန်ရည်ရွယ်၍ အဆိုပါသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ သင်တန်းသို့ တိုင်းဒေသကြီးအတွင်း မြို့နယ်များမှ တစ်မြို့နယ်လျှင် နှစ်ဦးနှုန်းဖြင့် သင်တန်းသူ ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ် ၂၇ ရက်မှ ၃၀ ရက်အထိ လေးရက်ကြာသင်တန်းဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိဂီက ခရိုင်ပြန်/ဆက်ရုံးတွင် ဖွင့်လှစ်ထားသည့် ကွန်မြူနတီစင်တာ၌ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများအနေဖြင့် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အခမ်းအနားများကို အခမဲ့ လာရောက်ပြုလုပ်နိုင်ကြောင်း ရှင်းလင်းပြောကြားပြီး သင်တန်းကို ဆက်လက်ပို့ချခဲ့သည်။

**ခင်မာလာ(မကွေး)**

# ယဉ်ကျေးမှုတန်ဖိုးများကို ခြိမ်းခြောက်လာသော အန္တရာယ်များအကြောင်းဟောပြော



**ကလေး ဩဂုတ် ၂၉**
မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ခြိမ်းခြောက်လာသော အန္တရာယ်များ ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောပွဲကို ကလေးခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ကလေးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဩဂုတ် ၂၇ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ခရိုင် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်မြလွင်က မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ခြိမ်းခြောက်လာသောအန္တရာယ်များဖြစ်သည့် တိုင်းတစ်ပါး ဝတ်စားဆင်ယင်မှု၊ ဓလေ့စရိုက်များ စသည်တို့ကို ရှောင်ရှားကြရန်နှင့် မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို မြတ်နိုးထိန်းသိမ်း စောင့်ရှောက်ကြရန် ဟောပြောကာ ကျောင်းသား ကျောင်းသူများကိုလည်း ထင်မြင်ယူဆချက်၊ ခံယူသုံးသပ်ချက်များ ဆွေးနွေးဖလှယ်စေခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား**

# အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အခမ်းအနား ကျင်းပ

**ငပုတော ဩဂုတ် ၂၉**
ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် Save the Children တို့ ပူးပေါင်း၍ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အခမ်းအနားကို ငပုတောမြို့နယ် ပြည်သူ့ဆေးရုံဝင်းရှိ သံဃာတော်ဆေးကုသဆောင်၌ ဩဂုတ် ၂၆ ရက်က ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းက အမှာစကားပြောကြားပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ကြည်က အာဟာရဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် Save the Children မှ အကြီးတန်းစီမံချက်အရာရှိ ဒေါက်တာဇော်လှိုင်မျိုးနှင့် တာဝန်ရှိသူများက ငါးနှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အားဆေးများတိုက်ကျွေးကာ ဆက်လက်၍ အာဟာရပြည့်ဝသော အစားအစာ ချက်ပြုတ်ပြိုင်ပွဲကို ကျင်းပပြီး ဆုရရှိသည့်အသင်းများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရွှေ့လျားပြခန်းယာဉ်ဖြင့် မှုခင်းအသိပညာပေးအစီအစဉ်များ လှည့်လည်ပြသ

**စစ်ကိုင်း ဩဂုတ် ၂၉**
လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး လုပ်ငန်းများတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်အတူ ပြည်သူများလည်း ပူးပေါင်းပါဝင်လာနိုင်စေရန်နှင့် ရဲလုပ်ငန်းစဉ်များကို ပြည်သူအများသိရှိနိုင်စေရန် ရည်ရွယ်၍ စစ်ကိုင်းမြို့လူစည်ကားရာနေရာများ၌ ရွှေ့လျားပြခန်းယာဉ်ဖြင့် ဩဂုတ် ၂၈ မှစတင်ကာ လှည့်လည်ပြသပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရွှေ့လျားပြခန်းယာဉ်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ လမ်းညွှန်မှုဖြင့် စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီးမြသင်း ဦးဆောင်၍ ခရိုင်နှင့် မြို့နယ် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းပြသခြင်းဖြစ်ပြီး ယာဉ်ပေါ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လူကုန်ကူးမှုတားဆီးကာကွယ်ရေး လှုပ်ရှားမှုမှတ်တမ်းများ၊ ကမ္ဘာ့မြေပုံပေါ်ရှိ ဘိန်းစိုက်ပျိုးရာဒေသနှင့် မြန်မာနိုင်ငံသို့ ဘိန်းစတင်ဝင်ရောက်လာပုံ သမိုင်းမှတ်တမ်းများ၊ မူးယစ်ဆေးဝါးအမျိုးအစားများ ၊ မူးယစ်ဆေးဝါးလွှမ်းမိုးခံနေရသူများ၊ မူးယစ်ဆေးဝါးသုံးစွဲပြီးနောက်ပိုင်း ဖြစ်ပေါ်လာသည့်ဆိုးကျိုးများ၊ ပြစ်မှုပြစ်ဒဏ်များ၊ ရာဇဝတ်မှုများ ကျူးလွန်သည့်အကြောင်းရင်းများနှင့် ပြစ်မှုပြစ်ဒဏ်များ စသည်တို့ကို အသိပညာပေးပြသထားကာ ပြည်သူများက စိတ်ဝင်စားစွာ လာရောက်ကြည့်ရှုခဲ့ကြသည်။

ရွှေ့လျားပြခန်းယာဉ်တွင် အမှတ်(၁၀၅) စစ်ကိုင်းယာဉ်ထိန်းရဲတပ်ဖွဲ့စုရုံးမှ ဒုတိယရဲမှူးရဲလွင်နှင့် တာဝန်ရှိသူများက မော်တော်ယာဉ်နှင့် ဆိုင်ကယ်မောင်းနှင်သူများအား ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေး ဟောပြောခဲ့ကြပြီး ခရိုင်နှင့် မြို့နယ် ရဲတပ်ဖွဲ့ဝင်များကလည်း မှုခင်းကျဆင်းရေး ပညာပေးလက်ကမ်းစာစောင်များကို ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများထံ ဖြန့်ဝေပေးခဲ့ကြသည်။

**ဇော်မြင့်နိုင်(ပြန်/ဆက်)**



# မှုခင်းကျဆင်းရေးအတွက် ညစဉ် ပတ်ကင်းလှည့်ကင်းများ ဆောင်ရွက်လျက်ရှိ

**မိုးညှင်း ဩဂုတ် ၂၉**

ကချင်ပြည်နယ် မိုးညှင်းမြို့၌ မှုခင်းကျဆင်းရေးအတွက် ညစဉ် ပတ်ကင်းလှည့်ကင်းများဖြင့် ကင်းလှည့်ကာ မှုခင်းကျဆင်းရေးနှင့် လုံခြုံရေးလုပ်ငန်းများကို ခရိုင်ရဲတပ်ဖွဲ့မှူး၏ အနီးကပ်လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုးညှင်းမြို့မရဲစခန်းမှူး ဒုတိယရဲမှူး သိန်းထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ နယ်ထိန်းအဖွဲ့များ၊ နားခါအုပ်ချုပ်ရေးမှူး ဦးမြင့်အေးနှင့် အဖွဲ့များ ပူးပေါင်း၍ မိုးညှင်းမြို့အတွင်း မှုခင်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာရေးအတွက် ခရိုင်ရဲတပ်ဖွဲ့မှူး၏ လမ်းညွှန်မှုဖြင့် လှည့်ကင်းလုပ်ငန်းများကို ဩဂုတ် ၂၇ ရက်မှ စတင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ မိုးညှင်းဘူတာရုံသို့ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များဖြင့် ကင်းလှည့်ကာ ဘူတာရုံအတွင်း ကွင်းဆင်းစစ်ဆေးခဲ့ပြီး မြို့အတွင်းသို့လည်း ပတ်ကင်းများလှည့်ခဲ့ပြီး မှုခင်းကျဆင်းရေးလုပ်ငန်းများကို နေ့စဉ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



မိုးညှင်းဘူတာနယ်ပယ်တွင် ညစဉ်မှောင်ရိပ်ခိုပြီး ခိုးဆိုးတိုက်ခိုက် လုယက်မှုများနှင့် ဘူတာမှ နေ့စဉ်သွင်းကုန်ပို့ကုန်များ အလစ်သုတ်သမားများ၏လက်ချက်ဖြင့် ပျောက်ဆုံးမှုများ ဖြစ်ပွားခြင်းမရှိစေရန် ရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ ညစဉ်လှည့်ကင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း မိုးညှင်းမြို့ နားခါရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအေးမြင့်က ပြောသည်။

**နီတိုး**

# အာဟာရပြည့်ဝသော အစားအစာချက်ပြုတ်ပြိုင်ပွဲများ ကျေးရွာများ၌ကျင်းပ

**ပေါက် ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ကိုင်းလယ် ကျေးလက်ကျန်းမာရေးဌာန ကျားပစ်ကန်ကျေးရွာ၌ ပေါက်မြို့နယ် အာရှဆရာဝန်များအသင်း(Association of Medical Doctor Asia-AMDA)နှင့် ပြည်သူ့ကျန်းမာရေးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် အာဟာရပြည့်ဝသော အစာချက်ပြုတ်ပြိုင်ပွဲကို ဩဂုတ် ၂၄ ရက်က ကျင်းပခဲ့ပြီး ဩဂုတ် ၂၇ ရက်အထိ အခြားကျေးရွာများတွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

အာဟာရနှင့်ပတ်သက်သော ဗဟုသုတများကို ပိုမိုသိရှိစေရန်၊ နေ့စဉ်စားသုံးသောအစာများကို အာဟာရပြည့်ဝမျှတစွာ ချက်ပြုတ်စားသုံးတတ်စေရန်၊ မိမိတို့ဒေသထွက် အစားအစာများဖြင့် ကုန်ကျစရိတ်သက်သာပြီး အာဟာရပြည့်ဝစွာ ချက်ပြုတ် စားသုံးတတ်စေရန်၊ ကိုယ်ဝန်ဆောင်နှင့် ငါးနှစ်အောက်ကလေးငယ်များ အာဟာရချို့တဲ့မှုမှ ကာကွယ်ရန် ရည်ရွယ်ချက်များဖြင့် ပြိုင်ပွဲကို ကျင်းပပေးခြင်းဖြစ်ကြောင်း AMDA မှ စီမံကိန်း ညှိနှိုင်းရေးမှူး ဦးအောင်ကျော်ဇောက ပြောကြားသည်။

ပြိုင်ပွဲတွင် ကျားပစ်ကန်၊ သစ်ညီနောင်၊ တောင်မြင့်၊ ဇီးရွေးခုံကျေးရွာများမှ အမ်ဒါအဖွဲ့ဝင်များ၊ ကလေးငယ်မိခင်များ ပါဝင်သည့်အဖွဲ့များက တစ်ရွာလျှင်တစ်ဖွဲ့နှုန်းဖြင့် လက်တွေ့ဝိုင်းဝန်း ချက်ပြုတ်စေခြင်းနှင့် အာဟာရဆိုင်ရာ ဗဟုသုတများ မေးမြန်းဖြေကြားစေခြင်းများ ပြုလုပ်ပြီး သားဖွားဆရာမ ဒေါ်နွယ်နွယ်မြင့်က ပြိုင်ပွဲဝင်ဟင်းလျာများမှ အစာအာဟာရအုပ်စု သုံးအုပ်စုတွင် ပါဝင်မှုနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းဟောပြောကာ ဆုရရှိသော ကျေးရွာအဖွဲ့ကို ကျန်းမာရေးမှူး ဦးကြည်နိုင်က ဆုများချီးမြှင့်ခဲ့သည်။

အလားတူပြိုင်ပွဲများကို သဖန်းချောက်၊ ရေနီ၊ ခွေးအတွင်း(ရွာသစ်)နှင့် ပြစ်ထဲကျေးရွာများ၌လည်း ကျင်းပပေးခဲ့ပြီးဖြစ်ကာ ဩဂုတ် ၂၅ ရက်မှ ၂၇ ရက်အထိတွင်လည်း စမ်းရေခုံ၊ ထန်းတောလယ်နှင့် ခင်ရှည်ကျေးရွာများ၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**ဖိုးသားလေး(ယောမြေ)**

# ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး

**ဒီးမော့ဆို ဩဂုတ် ၂၉**

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ်တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းကြီးကြပ်ရေးကော်မတီနှင့်ပူးပေါင်းအဖွဲ့များက ဒီးမော့ဆိုမြို့အဝင် ငုပလော့စစ်ဆေးရေးဂိတ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးမှုများကို ဩဂုတ် ၂၇ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းကြီးကြပ်ရေးကော်မတီအဖွဲ့ဝင် ဒီးမော့ဆိုမြို့မရဲစခန်းမှူး ဒုရဲမှူး စိုးမိုးနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမျိုးမင်းထွန်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြို့မရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကိုလေးတို့ပူးပေါင်း၍ ယာဉ်စည်းကမ်းစစ်ဆေးပညာပေးမှုများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ သဲတင်ယာဉ် အစီး ၃၀၊ ခရီးသည်တင်ယာဉ် ၁၅ စီး၊ အိမ်စီးယာဉ်ငယ် ၃၈ စီးနှင့် မော်တော်ဆိုင်ကယ် အစီး ၉၀ တို့ကို ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်များ စစ်ဆေးခြင်း၊ ဆိုင်ကယ်စီးဦးထုပ်များ စစ်ဆေးခြင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ပညာပေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မှုခင်းကျဆင်းရေး ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် အသိပညာပေး

**ကျိုက်ထို ဩဂုတ် ၂၉**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဇော်ဝင်း၊ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၊ သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နန္ဒဝင်းတို့၏စီစဉ်မှုဖြင့် သထုံခရိုင်ရဲတပ်ဖွဲ့၏ မှုခင်းအသိပညာပေးရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် ဩဂုတ် ၂၄ ရက် နံနက် ၈ နာရီခွဲက ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာ ဆံတော်ရှင်ကျိုက်ထီးရိုး ဂေါပကရုံးရှေ့နှင့် အထက(ခွဲ)ကင်မွန်းချောင်းတို့တွင် မှုခင်းအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

မှုခင်းအသိပညာပေးဆောင်ရွက်ရာတွင် ကျိုက်ထိုမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး မြင့်သိန်းဦး၊ ကင်မွန်းချောင်းနယ်မြေစခန်းမှူး ရဲအုပ်ကျော်သူရတို့မှ မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်၊ ယာဉ်အန္တရာယ်များအကြောင်း ဆွေးနွေးပြောကြားပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဌေးဦးနှင့် ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူ ၂၅၀ နှင့် အထက(ခွဲ)ကင်မွန်းချောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်သက်ရီနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၁၄၀ တို့အား မှုခင်းအသိပညာပေးဆွေးနွေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# ပြည်သူ ၄၀၀၀ ကျော်အား အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးများထိုးပေး

**ဘိုကလေး ဩဂုတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့၌ အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးများကို ဩဂုတ် ၂၅ ရက်မှစ၍ ဒုတိယအကြိမ်မြောက်အဖြစ် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ အသင်းအဖွဲ့များ၊ သံဃာတော်များနှင့် လူပြည်သူများအား ထိုးနှံပေးခဲ့ရာ လူဦးရေ ၄၀၀၀ ကျော်ကို ကာကွယ်ဆေးများ ထိုးပေးနိုင်ခဲ့ကြောင်း သိရသည်။

ဘိုကလေးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ခုတင် ၁၀၀ ဆေးရုံမှ ဆေးရုံအုပ် ဒေါက်တာခင်စိုးမိုးဝင်း ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက ဘိုကလေးမြို့ မြို့မ(၅)ရပ်ကွက်ရှိ ဆေးရုံဟောင်းခန်းမတွင် အခြေပြု၍ အသည်းရောင်အသားဝါဘီပိုး ကာကွယ်ဆေးများကို ဒုတိယအကြိမ် အခမဲ့ထိုးနှံပေးခဲ့ခြင်းဖြစ်သည်။ ဘိုကလေးမြို့၌ အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေးများကို ဇူလိုင်လအတွင်းက ပထမအကြိမ် ထိုးပေးခဲ့ပြီး လူဦးရေ ၄၀၀၀ ကျော်ကို ထိုးပေးနိုင်ခဲ့ကြောင်းနှင့် ယခုဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံပေးရာတွင်လည်း လူဦးရေ ၄၀၀၀ ကျော်ကို ထိုးနှံပေးနိုင်ခဲ့ကြောင်း သိရသည်။

**အောင်မင်း(ဘိုကလေး)**



## သတင်းတိုများ

### မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အလွတ်တန်းဘောလုံးပြိုင်ပွဲကျင်းပ

ကချင်ပြည်နယ် မချမ်းဘောမြို့နယ် အားကစားနှင့်ကာယပညာကော်မတီဦးစီး၍ မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်/ကျေးရွာအုပ်စု မိုးရာသီ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲကို မချမ်းဘောမြို့နယ် ပြည်သူ့အားကစားကွင်း၌ ဩဂုတ် ၂၆ ရက်က စတင်ကျင်းပခဲ့ပြီး အဖွင့်ပွဲစဉ်အဖြစ် မြို့မရပ်ကွက်အသင်းနှင့် မြို့နယ်မီးသတ်ဦးစီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြို့မရပ်ကွက်ဘောလုံးအသင်းက သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။ ပြိုင်ပွဲတွင် မချမ်းဘောမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများမှ အသင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၂ ရက်တွင် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်အသင်းများကို အုပ်စု(က)နှင့် (ခ) နှစ်စုခွဲကာ (က)အုပ်စုပွဲများကို မြို့နယ်ပြည်သူ့အားကစားကွင်း၌လည်းကောင်း၊ (ခ)အုပ်စုပွဲများကို နမ်ခမ်ကျေးရွာ ဘောလုံးကွင်း၌လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်းနှင့် ဗိုလ်လုပွဲကို မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

**(ခရိုင် ပြန်/ဆက်)**

### ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ပညာပေး ဟောပြော

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၇ ရက်က ပြုလုပ်ခဲ့ပြီး ရမည်းသင်းခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှူး ဒေါ်သီဂီထွင့်၊ စစ်ဆေးရေးမှူး(၂)နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ရှင်းလင်းဟောပြောပြီး အသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

### အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ် နန့်မန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၄/၂၀၁၆)ကို ဩဂုတ် ၂၆ ရက်က ဖွင့်လှစ်ခဲ့ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် ဦးမျိုးသန်းက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမိုးအောင်က သင်တန်းဖွင့်လှစ်သည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ မြို့နယ်အတွင်း ကျေးရွာများမှ သင်တန်းသူ ၃၅ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ တစ်လဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ငွေတောင်ဆည်အတွင်း ငါးမျိုးစိုက်ထည့်

**ဒီးမော့ဆို ဩဂုတ် ၂၉**

ကယားပြည်နယ်အစိုးရ၏ ကြီးကြပ်မှုဖြင့် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနက စီစဉ်၍ ဒီးမော့ဆိုမြို့ ငွေတောင်ဆည်အတွင်း ငါးမျိုးစိုက်ထည့်ပွဲကို ဩဂုတ် ၂၆ ရက်က ပြုလုပ်ခဲ့သည်။

ငါးမျိုးစိုက်ထည့်ပွဲသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ရေချိုငါးလုပ်ငန်းဥပဒေကို ၂၀၁၄ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေနှင့်အညီ ငါးလုပ်ငန်းဦးစီးဌာနက စီမံခန့်ခွဲလျက်ရှိကြောင်း၊ ယခု ငွေတောင်ဆည်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းသည် ကယားပြည်နယ်၌ ယခုနှစ်အတွင်း ပထမဆုံးဖြစ်ကြောင်း၊ ဆည်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းဖြင့် ဆည်ရေပြင်နှင့်ဆက်စပ်နေသည့် ရေဝင်/ရေထွက်ချောင်းများအထိ ငါးသားပေါက်များ ရောက်ရှိနိုင်သည့်အတွက် သဘာဝငါးအပြင် မွေးမြူရေးငါးမျိုးကောင်းမျိုးသန့်များကိုပါ ပြန့်ပွားစေနိုင်မည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)မှ လှူဒါန်းသော ဗလာစာအုပ်များကို ပြည်နယ်ဝန်ကြီးချုပ်က ဒီးမော့ဆိုမြို့နယ် ပညာရေးဌာနသို့ပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ငွေတောင်ဆည်အတွင်း ငါးမြစ်ချင်းကောင်ရေ ၁၅၁၀၀၀ နှင့် ငါးခုံးမကြီးကောင်ရေ ၅၃၀၀၀၊ စုစုပေါင်း ငါးကောင်ရေ ၂၀၄၀၀၀ ကို မျိုးစိုက်ထည့်ခဲ့ကြသည်။

**(ပြည်နယ် ပြန်/ဆက်)**

## ယောဒေသဓလေ့ရိုးရာ ပဒေသာကပွဲကျင်းပ

**ဆော ဩဂုတ် ၂၉**

ယောအရပ်ဒေသဖြစ်သည့် ဂန့်ဂေါ၊ ထီးလင်း၊ ဆောမြို့နယ်များတွင် အတူယှဉ်တွဲနေထိုင်လာခဲ့ကြသော ယော(ဗမာ)၊ ယော(တောင်သား)၊ ချင်းပုံတို့၏ ဒေသဓလေ့ရိုးရာပဒေသာကပွဲကို ဆောမြို့နယ် လောင်းရှည်ရွာ ရှေးဟောင်းဓမ္မာရုံ၌ ဩဂုတ် ၂၃ ရက်က ကျင်းပခဲ့သည်။

"ကျွန်တော်တို့ ယောအရပ်ဒေသမှာ ယခင်က လမ်းပန်းဆက်သွယ်ရေး မကောင်းခဲ့တော့ ဒေသနေပြည်သူအချင်းချင်း တွေ့ဆုံဖို့ အင်မတန်ခက်ခဲခဲ့ပါတယ်။ အခုတော့ လမ်းပန်းဆက်သွယ်ရေးကလည်း ကောင်းလာပြီး ယောဒေသနေ ပြည်သူအချင်းချင်း တွေ့ဆုံနိုင်ဖို့ စီစဉ်ဆောင်ရွက်သူတွေလည်း ရှိနေတော့ ဒီပဒေသာကပွဲကို စီစဉ်နိုင်တာပါ။ ဒေသအလိုက် ဝတ်စားဆင်ယင်မှုနဲ့ ကပြတဲ့ပွဲဖြစ်ပါတယ်။ ဂန့်ဂေါ၊ ထီးလင်း၊ ဆောမြို့နယ်များမှာ နေထိုင်ကြတဲ့ ယောသူ၊ ယောသားအချင်းချင်း ပထမဆုံးအကြိမ်တွေ့ဆုံခွင့်ရတဲ့ပွဲလည်း ဖြစ်ပါတယ်"ဟု လောင်းရှည် အထကမှ ဆရာ ဦးစောမင်းနိုင်က ပြောသည်။ ပဒေသာကပွဲတွင် ဆောမြို့နေ ဦးကျော်အုံးစိန်ရေးစပ်သည့် ယောမြေသီချင်းကို ပဏာမအဖွင့်သီချင်းအဖြစ် သီဆိုဖွင့်လှစ်ပြီး ဒေသအလိုက် ဝတ်စားဆင်ယင်မှုများဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

**(၁၀၁)**

## စမတ်ဖုန်းမော်ဒယ်သစ် Oppo F1s ကို စိတ်ဝင်စားသူများပြား

**ရန်ကုန် ဩဂုတ် ၂၉**

Oppo ၏ စမတ်ဖုန်းမော်ဒယ်သစ်ဖြစ်သည့် F1s ကို ဩဂုတ် ၁၆ ရက်က စတင်မိတ်ဆက်ခဲ့ပြီး အကြိုမှာယူမှုကို ဩဂုတ် ၂၅ ရက်အထိ လက်ခံခဲ့ကာ ဩဂုတ် ၂၇ ရက်တွင် ရန်ကုန်နှင့် မန္တလေးမြို့များ၌ အထူးအစီအစဉ်များဖြင့် စတင်ရောင်းချခဲ့ရာ စိတ်ဝင်စားဝယ်ယူသူ များပြားခဲ့ကြောင်း သိရသည်။

Oppo F1s ကို စတင်မိတ်ဆက်ပြီး အကြိုမှာယူမှု လက်ခံချိန်ကပင် စိတ်ဝင်စားမှုများပြားခဲ့ကာ ကြိုတင်မှာယူနိုင်သည့် ဆိုင်များအားလုံးတွင် ရောင်းအား၏ ၃၀ ရာခိုင်နှုန်းအထိရှိခဲ့ကြောင်း၊ ဩဂုတ် ၂၇ ရက်က စတင်ရောင်းချရာတွင်လည်း ရန်ကုန်မြို့တွင် မြန်မာပလာဇာနှင့် မန္တလေးမြို့ Sky Walk ရှော့ပင်းမောလ်တို့တွင် ဖျော်ဖြေရေးအစီအစဉ်များ၊ ဆယ်လ်ဖီပြိုင်ပွဲ အစီအစဉ်များဖြင့် ရောင်းချခဲ့ပြီး ကြိုတင်မှာယူထားသူများက တန်းစီ၍ ဝယ်ယူအားပေးခဲ့ကြောင်း သိရသည်။ Oppo F1s ကို တစ်နိုင်ငံလုံးရှိ Oppo Counter ရှိသည့် ဆိုင်များတွင် အထူးလက်ဆောင်များဖြင့် ဆက်လက်ဝယ်ယူသွားနိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

**သွန်းဝဿန်**

## လွှတ်တော်ကိုယ်စားလှယ်ရုံး သီပေါမြို့၌ဖွင့်လှစ်

**သီပေါ ဩဂုတ် ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ်ရုံးဖွင့်ပွဲကို ဩဂုတ် ၂၆ ရက်က သီပေါမြို့ မြို့လယ်ရပ် နယ်မြေ(၃) ဩဘာလမ်း၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းအောင်နှင့် ဒေါ်နန်းစမ်းစမ်းအေးတို့က အမှာစကားပြောကြားပြီး ရုံးကိုဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ ပြည်သူများအနေဖြင့် အခက်အခဲများကို လွှတ်တော်ကိုယ်စားလှယ်များထံ အကြံပြုဆွေးနွေးတင်ပြနိုင်ရန်နှင့် ကိုယ်စားလှယ်များကလည်း ပြည်သူများ၏ အခက်အခဲများကို ထိရောက်စွာ ကူညီဖြေရှင်းပေးနိုင်ရန် ရည်ရွယ်ပြီး အဆိုပါ လွှတ်တော်ကိုယ်စားလှယ်ရုံးကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ရေမြုပ်ပျက်စီးသောလယ်များတွင် စပါးပြန်စိုက်မည့်အစား မတ်ပဲကို အချိန်စောင့်စိုက်ရန် တောင်သူများ စိတ်အားသန်



ဒါးကချောင်းရေဝင်ရောက်၍ ပျက်စီးခဲ့သော မိုးစပါးစိုက်ခင်းတစ်ခင်း

**ကျုံပျော် ဩဂုတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်း ချောင်းရေဝင်ရောက်ခဲ့မှုကြောင့် ပျက်စီးခဲ့သော မိုးစပါးစိုက်လယ်မြေအများစုတွင် စပါးပြန်လည်စိုက်ပျိုးမည့်အစား မတ်ပဲကိုသာ ရာသီစောင့်၍ စိုက်ပျိုးသွားရန် တောင်သူအများစုက ဆန္ဒရှိနေကြကြောင်း သိရသည်။

မြစ်ရေဝင်၍ ပျက်စီးခဲ့သော မိုးစပါးစိုက်လယ်မြေများတွင် စပါးပြန်လည်စိုက်ပျိုးပါက ရာသီမမီနိုင်ခြင်းနှင့် အောင်ရေရရှိရန် ခက်ခဲခြင်းတို့ ကြုံတွေ့နိုင်သောကြောင့် ဒေသခံတောင်သူများအနေဖြင့် စပါးပြန်စိုက်ပျိုးမည့်အစား ဆောင်းသီးနှံဖြစ်သော မတ်ပဲကိုသာ ရာသီစောင့်၍ စိုက်ပျိုးသွားကြရန် ပိုမိုအားသန်နေကြခြင်းဖြစ်ကြောင်း ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ကျုံပျော်မြို့နယ်အတွင်း ပြီးခဲ့သည့်ရက်များက မိုးသည်းထန်စွာရွာသွန်းပြီး ဒါးကချောင်းရေ မြင့်တက်ခဲ့မှုကြောင့် မြို့ပေါ်ရပ်ကွက်နှစ်ခုနှင့် ကျေးရွာ ၈၃ ရွာမှ တောင်သူ ၃၉၄၄ ဦးတို့၏ မိုးစပါးစိုက်ဧက ၁၆၃၂၀ ဧကတွင် ရေဝင်ရောက်နစ်မြုပ်ခဲ့ကာ ယခုအခါ ရေများပြန်လည်ကျဆင်းချိန်တွင် ပြန်ပေါ်ဧက ၂၉၃ ဧက၊ ထိခိုက်ဧက ၁၃၂၂၇ ဧကနှင့် ပျက်စီးဧက ၁၇၃၈ ဧကရှိပြီး ဆုံးရှုံးမှုတန်ဖိုးမှာ ကျပ် ၅၃၈ ဒသမ ၃၄၅ သန်း ရှိခဲ့ကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

## ချောင်းသာကမ်းခြေနှင့် ချောင်းသာဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသခံဌာနဆိုင်ရာများနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေး

**ရွှေသောင်ယံ ဩဂုတ် ၂၉**

ချောင်းသာကမ်းခြေနှင့် ချောင်းသာဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံဌာနဆိုင်ရာများနှင့် ချောင်းသာကျေးရွာနေပြည်သူများအား တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဦးလှကျော်နှင့် စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်တို့က ဩဂုတ် ၂၇ ရက်တွင် ရွှေသောင်ယံမြို့နယ်ခွဲ ချောင်းသာကျေးရွာအုပ်စု ချောင်းသာကမ်းခြေရှိ Golden Beach ဟိုတယ်၌ တွေ့ဆုံခဲ့ပြီး ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးက ချောင်းသာကမ်းခြေ၌ ပွင့်လင်းရာသီမတိုင်ခင် ကမ်းခြေလုံခြုံရေး စည်းကမ်းတကျရှိစေရေးနှင့်ပတ်သက်၍ ဌာနဆိုင်ရာများ ပူးပေါင်းကာ လုပ်သင့်လုပ်ထိုက်သည့် လုပ်ငန်းများကို စနစ်တကျ စီမံခန့်ခွဲလုပ်ကိုင်သွားကြရန်နှင့် စည်းကမ်းတကျ ထိန်းကျောင်းလုပ်ကိုင်သွားပါက အဆင်ပြေမည်ဖြစ်ကြောင်း မှာကြားပြီး စည်ပင်သာယာရေးဝန်ကြီးက ချောင်းသာကမ်းခြေနှင့် ငွေဆောင်ကမ်းခြေများအတွက် တိုင်းဒေသကြီးအဆင့် ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းကာ ထိုအဖွဲ့နှင့် မြို့နယ်အဆင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ ပူးပေါင်း၍ ရှေ့ဆက်ရမည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ချောင်းသာဟိုတယ်ဇုန်အဖွဲ့၊ ဒေသခံ ဌာနဆိုင်ရာများနှင့် ပြည်သူများက ချောင်းသာကမ်းခြေ စည်းကမ်းတကျရှိရေးနှင့် သန့်ရှင်းသာယာလှပရေးဆိုင်ရာများကို ပြန်လှန်ဆွေးနွေးခဲ့ကြသည်။

**ကိုကိုမောင်(ပြန်/ဆက်)**

# ကျေးဇူးတင်လွှာ

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၊ ကံသာရပ်ကွက်ရှိ တောစခန်းသာ မဟာစည်သာသနာ့ရိပ်သာအတွင်းရှိ ရဟန်း၊ ရှင်၊ လူ၊ ယောဂီနှင့်ဝေယျာဝစ္စအဖွဲ့ဝင်များ သောက်ရေ၊ သုံးရေ အဆင်ပြေချောမွေ့စေရန်အတွက် ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ နာယကကြီး ဦးအောင်ကိုဝင်း-ဇနီး မိသားစုနှင့်အဖွဲ့သူ၊ အဖွဲ့သားများက မေတ္တာ၊စေတနာထားရှိကာ စက်ရေတွင်း၊ ရေလှောင်ကန်တို့ကို တူးဖော်ဆောက်လုပ်လှူဒါန်းပေးပါသောကြောင့် ဝမ်းမြောက်နှမော်သာခုခေါ်ဆိုကာ လှိုက်လှိုက်လှဲလှဲ ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**နာယကဆရာတော်**

**အလုပ်အမှုဆောင်အဖွဲ့၊ ဝေယျာဝစ္စအဖွဲ့နှင့်ယောဂီများ**

**တောစခန်းသာ မဟာစည်သာသနာ့ရိပ်သာ**

**ကံသာရပ်ကွက်၊တောင်ကြီးမြို့**


SAMSUNG
DAY
2016, SEPTEMBER
SAMSUNG Smart Phones နှင့် Tablets တွေဝယ်ယူပြီး
လက်ဆောင်တွေ ရယူလိုက်ကြရအောင်
စက်တင်ဘာလ (၁)ရက်နေ့မှ (၃)ရက်နေ့အထိ
ကျပ် ၅၀၀,၀၀၀ အထက် ဝယ်ယူသူတိုင်းအတွက်
Bluetooth speaker
Traveller Bag
Mini Fan
ကျပ် ၅၀၀,၀၀၀ မှ ၂၀၀,၀၀၀ အတွင်း ဝယ်ယူသူတိုင်းအတွက်
Proda powerbank 10,000 mAh
Traveller Bag
Mini Fan
ကျပ် ၂၀၀,၀၀၀ အောက် ဝယ်ယူသူတိုင်းအတွက်
Remax Powerbank 5,000 mAh
Traveller Bag
Mini Fan
လက်ဆောင်အရေအတွက် ကန့်သတ်ထားပါသည်။ ပရိုမိုးရှင်း အစီအစဉ်၏ စည်းကမ်းများသည် Samsung Myanmar မှ သတ်မှတ်ထားသည့် အတိုင်းသာဖြစ်သည်။
samsungmobilemyanmar
samsungmyanmar
samsungmyanmar
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် Samsung promotor ရှိသောကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
Call Center
01 2399 888
(Mon-Sun)
8AM to 6PM

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**အမှတ်(၂) သတ္တုတွင်းလုပ်ငန်း**

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၊ ရုံးအမှတ် ၁၉၊ ရုံးချုပ်(နေပြည်တော်)တွင် အသုံးပြုရန်လိုအပ်သော တာယာ၊ ဘက်ထရီများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ **တင်ဒါပိတ်ရက်** - ၁၅-၉-၂၀၁၆ရက် မွန်းလွဲ ၂နာရီ
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်အများကို အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၊ ရုံးအမှတ် ၁၉၊ ရုံးချုပ်(နေပြည်တော်) ဖုန်း-၀၆၇-၄၀၉၃၉၁ တွင် စုံစမ်းရယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ နေပြည်တော်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (ဒုတိယအကြိမ်)

ကက်သုတ်ကြေးနီ (၄၀၀±) မက်ထရစ်တန်အား အမေရိကန်ဒေါ်လာဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါသည်-

**ကြမ်းခင်းဈေး** - တင်ဒါဖွင့်သည့်ရက်မတိုင်မီ တစ်ရက်အလိုနေ့ရှိ London Metal Exchange ဈေးနှုန်းပါကက်သုတ်ကြေးနီ တစ်တန်၏ဈေးနှုန်းထက် မနိမ့်သောဈေး
**တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၃-၉-၂၀၁၆ ရက် ၁၆း၃၀ နာရီ

တင်ဒါပုံစံများနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဓာတ်သတ္တုဖွံ့ဖြိုးရေးဌာနခွဲ၊ သတ္တုတွင်းဦးစီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၉၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၃၇၈ နှင့် ၀၆၇-၄၀၉၀၀၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**သတ္တုတွင်းဦးစီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (တတိယအကြိမ်)

ကက်သုတ်ကြေးနီ (၂၀၃.၄၃၇) မက်ထရစ်တန်အား အမေရိကန်ဒေါ်လာဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါ ခေါ်ယူရောင်းချမည်ဖြစ်ပါသည်-

**ကြမ်းခင်းဈေး** - တင်ဒါဖွင့်သည့်ရက်မတိုင်မီ တစ်ရက်အလိုနေ့ရှိ London Metal Exchange ဈေးနှုန်းပါကက်သုတ်ကြေးနီ တစ်တန်၏ဈေးနှုန်းထက် မနိမ့်သောဈေး
**တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၃-၉-၂၀၁၆ ရက် ၁၆း၃၀ နာရီ

တင်ဒါပုံစံများနှင့် အသေးစိတ်သိရှိလိုသောအချက်အလက်များကို ဓာတ်သတ္တုဖွံ့ဖြိုးရေးဌာနခွဲ၊ သတ္တုတွင်းဦးစီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၉၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၃၇၈ နှင့် ၀၆၇-၄၀၉၀၀၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**သတ္တုတွင်းဦးစီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား DDP (Paunglaung) အရောက် မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No.12/EPGE/2016-2017
(က) Spare Parts ပစ္စည်း (၁၃)မျိုး
(ခ) 11/0.4 kV & Transformer (2) Nos
(ဂ) ACSR Conductor (70mm$^2$) 4220kg
(ဃ) 400V, PVC Cable, 4Cx95mm$^2$ 60 Meter

၂။ Tender No-12 ၏ တင်ဒါပိတ်ရက်မှာ ၂၃-၉-၂၀၁၆ ရက်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံ အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
**ရုံးအမှတ် ၂၇၊ နေပြည်တော်၊ ဖုန်း-၀၆၇-၈၁၀၄၂၇၈ နှင့် ၈၁၀၄၂၇၉**

**မြန်မာ့သစ်လုပ်ငန်း**
**ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန**
**ကချင်ပြည်နယ်-မြစ်ကြီးနားမြို့**
**စက်မှုကုန်ကြမ်း ကျွန်း/သစ်မာ(သစ်လုံး/ဖုံတို)များ**
**အိတ်ဖွင့်လေလံကြော်ငြာအမှတ် ၀၂/၂၀၁၆-၂၀၁၇**

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း ကျွန်း/သစ်မာ(သစ်လုံး/ဖုံတို)များကို အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၂၀-၉-၂၀၁၆ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀နာရီ
(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်**
- (သတ-ဖ)ကျွန်းသစ်လုံး ၁၀.၇၃၀ တန်
- (သတ-ဖ)အုပ်စု(၂)သစ်လုံး ၁၉၁.၉၀၅တန်
- (သတ-ဖ)အုပ်စု(၃)သစ်လုံး ၂၆.၄၆၃တန်
- (သတ-ဖ)အုပ်စု(၄/၅)သစ်လုံး ၃၉.၈၉၄တန်
- (သတ-ဖ)အုပ်စု(၁)ဖုံတို ၆၉.၄၇၃တန်

(ဂ) **ရောင်းချမည့်နေရာ** - မန်နေဂျာရုံး၊ ပြည်တွင်းရောင်း/စက်ဌာန၊ မြစ်ကြီးနားမြို့

၂။ အိတ်ဖွင့်လေလံနှင့်ပတ်သက်သည့် အသေးစိတ် အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန(ရုံးချုပ်)နှင့် မြန်မာ့သစ်လုပ်ငန်း၏ Website ဖြစ်သော www.myanmartimberCom.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အိတ်ဖွင့်လေလံရောင်းချရေးကော်မတီ၊ မြန်မာ့သစ်လုပ်ငန်း၊ ကချင်ပြည်နယ်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၅)နှင့် နေပြည်တော်ထိန်းသိမ်းရေး နေပြည်တော်ကောင်စီနယ်မြေမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း တာဝန်ယူဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများ၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် စနစ်ကျလယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်းများအတွက် လိုအပ်သော တည်ဆောက်ရေးပစ္စည်းများအား သတ်မှတ်စံချိန်စံညွှန်းများအတိုင်း မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၅)၊ ငွေစာရင်းဌာနစိတ်နှင့် ဖုန်း-၀၉-၂၅၀၀၆၄၉၀၉၊ ၀၉-၇၉၈၂၂၀၃၆၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ တင်ဒါလျှောက်လွှာတစ်စောင်လျှင် ပစ္စည်းတန်ဖိုးပေါ်မူတည်၍ သတ်မှတ်နှုန်းဖြင့် ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး (၅)၊ ငွေစာရင်းဌာနစိတ်၊ ဘဲကုန်းဆည်မြောင်းဝင်း၊ ပျဉ်းမနားမြို့တွင် ဝယ်ယူနိုင်ပါသည်။
၃။ (က) **တင်ဒါအဆိုပြုလွှာ စတင်ရောင်းချမည့်ရက်/အချိန်** - ၁-၉-၂၀၁၆ ရက် (ရုံးချိန်အတွင်း)
**(Profile အထောက်အထားများတင်ပြရမည်)**
(ခ) **လျှောက်လွှာအရောင်းပိတ်မည့်ရက်** - ၃၀-၉-၂၀၁၆ ရက် ညနေ ၄း၃၀ နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၆-၁၀-၂၀၁၆ ရက် နံနက် ၁၀း၀၀ နာရီ
(ဃ) **တင်ဒါဖွင့်ဖောက်စိစစ်မည့်နေရာ** - ညွှန်ကြားရေးမှူးရုံးဝင်း (ဓမ္မာရုံ) ဘဲကုန်းဝင်း၊ တည်ဆောက်ရေး(၅) ပျဉ်းမနားမြို့

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

**ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်**

## အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**သန်လျင်မြို့နယ်တရားရုံးတော်၌**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၂ နှင့်ဆက်နွယ်သည့်**
**၂၀၁၆ခုနှစ် တရားမဇာရီမှုအမှတ်-၂၅**

ဦးချစ်ထွေး **နှင့်** ဒေါ်နန်းခင်အေးမြင့်
**တရားနိုင်** **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ကွမ်းခြံကုန်းကျေးရွာနေ ဒေါ်နန်းခင်အေးမြင့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၂တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူ ဦးချစ်ထွေးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ခုနှစ် စက်တင်ဘာ ၆ရက် (၁၃၇၈ခုနှစ် တော်သလင်းလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၆ခုနှစ် ဩဂုတ် ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ချောစုလှိုင်)**
**မြို့နယ်တရားသူကြီး**
**သန်လျင်မြို့နယ်တရားရုံး**

**ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်**

## အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဒ‌ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**မင်္ဂလာတောင်ညွန့်မြို့နယ်တရားမရုံးတော်၌**
**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၂၈ နှင့်ဆက်သွယ်သည်။**
**၂၀၁၆ ခုနှစ် တရားမဇာရီမှုအမှတ်-၄**

၁။ ဦးသိန်းငွေ **နှင့်** ၁။ ဒေါ်မြသန်း
၂။ ဒေါ်နှင်းနှင်းအေး ၂။ ဒေါ်မြင့်ကြည်
**တရားနိုင်များ** **တရားရှုံးများ**

အမှတ် ၁၀၊ ချွန်း(၂)လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး တရားရှုံးများဖြစ်သော (၁)ဒေါ်မြသန်း၊ (၂)ဒေါ်မြင့်ကြည် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၄ ခုနှစ် တရားမကြီးအမှုအမှတ် - ၂၈ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်များက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန်၊ သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၆ ရက် (၁၃၇၈ ခုနှစ် တော်သလင်းလပြည့်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၆ ခုနှစ် ဩဂုတ် ၁၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီတာစိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး (၁)**
**မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ နှင်းဆီလမ်းမ၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၂၉၄ ၁/၂)၊ အကျယ်အဝန်း ပေ(၂၀×၆၀)ရှိ နှစ် (၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် မြို့မြေစာရင်းတွင် ဦးဇော်ဝိတ် ၁၂/ဥကမ(နိုင်)၀၅၄၈၇၅ တရားဝင်အမည်ပေါက်ပြီး ၎င်းထံမှ အရပ်ကတိအဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ (၁) ဦးအောင်ဇော်မြင့် ၈/မမန(နိုင်)၁၆၃၄၁၈၊ (၂) မတင်မာချို ၈/မမန(နိုင်)၁၅၃၈၀၆ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ဖြူ ၁၂/ဥကတ(နိုင်)၀၅၃၆၁၉ က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ အချို့တစ်ဝက်ကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မျိုးအောင် LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၈၂)**
**အမှတ်(၁၁)၊ ဦးဘကျော်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**

**ပညာရေးဝန်ကြီးဌာန**
**အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်**
**National Management Degree College (NMDC) နှင့်**
**MPDC Education**
**တို့ပူးပေါင်း၍ ဖွင့်လှစ်သော**
**Certificate in Marketing Management (CMM)**

## အမှတ်စဉ်(၉) သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် (NMDC) နှင့် Myanmar Professional Development Center-MPDC Education တို့ပူးပေါင်း၍ Certificate in Marketing Management (CMM) သင်တန်းအမှတ်စဉ်(၉)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူများ လျှောက်ထားနိုင်ပါသည်။
၂။ သင်တန်းကာလမှာ (၆)လဖြစ်ပြီး ၂၀၁၆ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် စတင်ဖွင့်လှစ်ပါသည်။
၃။ Marketing Management သင်တန်းတွင် ဈေးကွက်စီးပွားရေးကို ထိုးဖောက်နိုင်သော အခြေခံအချက်အလက်များကို သင်ကြားရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက Marketing Manager အဖြစ် အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ပါသည်။
၄။ ပညာအရည်အချင်း အထောက်အထား(မူရင်း)နှင့် မိတ္တူနှစ်စုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း)နှင့် မိတ္တူနှစ်စုံ၊ လိုင်စင်ဓာတ်ပုံ (၅)ပုံတင်ပြရမည်။

**(လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။)**

**အသေးစိတ်သိရှိလိုပါက-** အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် (လေးထပ်စာသင်ဆောင်၊ MPDC ရုံးခန်း)၊ ဗိုလ်တထောင်ဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်
ဖုန်း-၀၉-၄၉၂၀၈၅၀၁၊ ၀၉-၇၉၅၂၇၅၆၈၃၊ ၀၉-၄၂၁၁၀၄၇၇၁

**ကုန်သည်စက်မှုအသင်းချုပ် လစဉ်ပညာရှင်များ ဟောပြောပွဲ**

## ဖိတ်ကြားလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ လစဉ် ပညာရှင်များဟောပြောပွဲကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်ကျင်းပမည်ဖြစ်ပါသဖြင့် သက်ဆိုင်ရာဌာနများမှ ပညာရှင်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ သတင်းမီဒီယာများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

**ဟောပြောမည့်ခေါင်းစဉ်** - "ပြီးတော့မည့် အယ်နီညိုနှင့် လာတော့မည့် လာနီညာ"
**ဟောပြောမည့်ပုဂ္ဂိုလ်** - ဒေါက်တာထွန်းလွင် (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ မိုးလေဝသပညာရှင်၊ CEO, MCCW)
**ကျင်းပမည့်ရက်** - ၂၀၁၆ ခုနှစ် စက်တင်ဘာ ၃ ရက် (စနေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၉း၃၀နာရီမှ ၁၂း၃၀နာရီအထိ (နံနက်ပိုင်းသို့ ပြောင်းလဲကျင်းပထားပါသည်)
**ကျင်းပမည့်နေရာ** - UMFCCI Office Tower (ပထမထပ်) ခန်းမကြီး၊ အမှတ် ၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လိုင်စင်ရအဆောက်အအုံ**
**ကန်ထရိုက်တာများအသင်း(Y.C.D.C L/C Association)ဖွဲ့စည်းရေးအတွက်**

## အစည်းအဝေးဖိတ်ကြားခြင်း

၁။ Y.C.D.C နယ်နိမိတ်အတွင်း အဆောက်အအုံတည်ဆောက်ရာတွင် လုံခြုံ၊ စည်းစနစ်ကျပြီး အရည်အသွေးပြည့်ဝသော အဆောက်အအုံများပေါ်ထွက်လာရေး၊ မြို့တော်အင်္ဂါရပ်နှင့်အညီ လိုအပ်သည့် စည်းမျဉ်းဥပဒေများ ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြနိုင်ရေး၊ ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ အခက်အခဲများနှင့်ပတ်သက်၍ ပူးပေါင်းညှိနှိုင်းဖြေရှင်းဆောင်ရွက်နိုင်ရေး စသည့်ရည်ရွယ်ချက်များအတွက် အသင်းဖွဲ့စည်းရန် အောက်ပါအတိုင်း ဖိတ်ကြားအပ်ပါသည်။
၂။ သို့ဖြစ်ပါ၍ Y.C.D.C L/C Contractorများ၊ Contractor လုပ်ငန်းဆောင်ရွက်နေသူများ၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့်ပတ်သက်သည့် ကုမ္ပဏီပိုင်ရှင်များ မပျက်မကွက် တက်ရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။
၃။ လူကြီးမင်းများအနေဖြင့် ကြိုတင်စာရင်းပေးသွင်းကြပါရန်နှင့် မိမိတို့တွေ့ကြုံရင်ဆိုင်နေရသည့် အခက်အခဲများ၊ အသင်းအား အကြံပြုမည့်ကိစ္စများအား စာဖြင့် တစ်ပါတည်း ယူဆောင်လာကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။
၄။ **အစည်းအဝေးအစီအစဉ်**

**နေ့ရက်** - ၃၁-၈-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) **အချိန်** - ၁၄း၀၀နာရီမှ ၁၆း၀၀နာရီ
**နေရာ** - Dolphin Restaurant (နတ်မောက်လမ်း၊ မြေပဒေသာကျွန်း၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်ကြေးရုပ်အနီး)
**ဆက်သွယ်ရန်** - ဖုန်း-၀၉-၇၇၇၇၅၀၅၆၉၊ ၀၉-၄၂၀၁၅၅၀၁၂
acschg 104thida@ gmail. com

**လိုင်စင်ရကန်ထရိုက်တာများအသင်း (ယာယီ)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူ လျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၁ဃ/၅၉၀၃၇ Kenbo Dream 110 လက်ဝယ်ရှိသူ ဦးခင်မောင်အေး ၉/မခန(နိုင်)၁၃၄၄၆၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန (နေပြည်တော်)**





# မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေး အထိမ်းအမှတ်ဂီတဖျော်ဖြေပွဲ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်အားပေး

**နေပြည်တော် ဩဂုတ် ၂၉**

မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် နိုင်ငံတကာမှ ဂီတပညာရှင် ၉၅ ဦး ပါဝင်သော The Thailand Philharmonic Orchestra (TPO) ဂီတဖျော်ဖြေပွဲကို ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)တွင် ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ဖျော်ဖြေပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးနှင့် ဖိတ်ကြားထားသူများ၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ တက်ရောက် ကြည့်ရှုကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် ဂီတပညာရှင်များနှင့် အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် ဂီတအဖွဲ့မှ မြန်မာနိုင်ငံတော်သီချင်းဖြင့် ဂုဏ်ပြုတီးခတ်၍ အခမ်းအနား စတင် ဖွင့်လှစ်ကာ မန်းတောင်ရိပ်ခိုသီချင်းနှင့် ထိုင်းရိုးရာဂီတသံစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဂီတပညာရှင်များအား ဂုဏ်ပြုပန်းစည်း ပေးအပ်သည်။

အဆိုပါ TPO နယ်လှည့်ဖျော်ဖြေပွဲကြီးသည် ဗန်ကောက်မြို့ Mahidol ဂီတ တက္ကသိုလ်၊ ထိုင်းသံရုံး၊ မြန်မာ၊ ဂျာမန်သံရုံးနှင့် Goethe-Institute ဂျာမန်ယဉ်ကျေးမှုဌာနတို့ ပူးပေါင်းတင်ဆက်သည့်ပွဲဖြစ်ပြီး ချစ်ကြည်ရင်းနှီးမှုအထိမ်းအမှတ်အပြင် ထိုင်းဘုရင်မင်းမြတ် ဘူမိဘော အဒူယာဒက် ထီးနန်းရခြင်းအထိမ်းအမှတ်နှင့် ဩဂုတ် ၁၂ ရက်တွင် ကျရောက်သော ထိုင်းဘုရင်မကြီး သီရိခေတ် မွေးနေ့အထိမ်းအမှတ်ပွဲတော်အဖြစ် ကျင်းပခြင်းဖြစ်သည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၂၉**

ဩဂုတ် ၃၁ ရက် နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)၌ ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ဖွင့်ပွဲအခမ်းအနားကို မြန်မာ့ရုပ်မြင်သံကြား (News Channel)နှင့် မြန်မာ့အသံ ရေဒီယိုအစီအစဉ်တို့မှ ယင်းနေ့ နံနက် ၉ နာရီ ၄၅ မိနစ်မှ စတင်၍ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ပါကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း မြန်မာနိုင်ငံသို့ အလုပ်သဘောခရီး လာရောက်မည်

**နေပြည်တော် ဩဂုတ် ၃၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ဖိတ်ကြားချက်အရ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသို့ ၂၀၁၆ ခုနှစ် ဩဂုတ် ၃၀ ရက်မှ ၃၁ ရက်အထိ အလုပ်သဘောခရီး လာရောက်မည်ဖြစ်သည်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်နှင့်အတူ ၎င်း၏ ဇနီး Mrs. Ban Soon-taek လည်း အတူလိုက်ပါလာမည်ဖြစ်သည်။

**(သတင်းစဉ်)**

**ပင်လုံစိတ်ဓာတ်ဆိုသည်မှာ**
စာမျက်နှာ - ၆

**မြန်မာ့စီးပွားရေးဘဏ် ဘဏ်စရိတ်နှုန်းထားများ ပြောင်းလဲသတ်မှတ်**
စာမျက်နှာ - ၁၁

**အာရှယူ-၁၆ အမျိုးသမီးခြေစစ်ပွဲတွင် မြန်မာအသင်း နိုင်ပွဲစတင်ရရှိ**
စာမျက်နှာ - ၁၄

